www.burmeseclassic.com



# ကြာဖြူ

## တစ္ဆေမကလေးရဲ့ ချစ်ပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

ကြူးနွေး 'တစ္ဆေမလေးရဲ့ချစ်ပုံပြင်'

စာမူခွင့်ပြုချက်အမှတ် - [၅၀၁၄၉၇၀၅၁၁]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [၅၀၁၄၈၉၀၅၁၂]

မျက်နှာဖုံးဒီဇိုင်း ◆ အံ့ဘွယ် (Star's)

ထုတ်ဝေသည့်လ ◆ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ

(ပထမအကြိမ်)

အုပ်ရေ ◆ ၅၀၀

**ထုတ်ဝေသူ**

ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ

အမှတ် ၄/၂၉၊ မြဝတီမင်းကြီးလမ်း

၁၀–မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဦးဇော်မင်း (wizard)

အမှတ်(၁၉၇)၊ ၃၃–လမ်း(အထက်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**

ဦးတိုးဝင်း(၀၂၄၁၁) နေလရောင်အော့ဖ်ဆက်

(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ◆ ပပဓိုး

တန်ဖိုး ◆ ၅၀ ကျပ်

[ တစ် ]

## တစ္ဆေကောလာဟလ

ကျွန်တော်၏ ယနေ့ခေတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် မည်သည့်ခေတ်များနှင့်မှမတူအောင် စာနယ်ဇင်းတွေက များမှများ။

လွန်ခဲ့သော အနှစ်ခြောက်ဆယ်လောက်ဆိုလျှင် စာနယ်ဇင်းတွေက နည်းပါးလှသည်။ ထိုခေတ်ထိုအခါက ပေါ်ထွက်ခဲ့ကြသော မဂ္ဂဇင်းများဆိုလျှင် ဒဂုန်မဂ္ဂဇင်း၊ သွေးသောက်အရှေ့တိုင်းနှင့် ရှုမဝမဂ္ဂဇင်းလောက်သာ ရှိခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြဝတီနှင့် ပေဖူးလွှာမဂ္ဂဇင်းတို့မှာ နောက်ကျမှ ပေါ်ထွက်လာကြသည်။ ဂျာနယ်တွေဆိုလျှင်လည်း ဆရာဦးချစ်ခောင် ဦးစီးသော **ဂျာနယ်ကျော်**၊ **လုံထုဦးလှ** ၏ **လူထုဂျာနယ်** တို့ ခေါက်သာ ရှိခဲ့သည်။

ယနေ့ နှစ်ဆယ့်တစ်ရာစုတွင်တော့ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက အရမ်းပင် ပေါ်များနေသည်။ ဝတ္ထု၊ မဂ္ဂဇင်းတွေထဲဆိုလျှင် **နေစီးပွားရေးမဂ္ဂဇင်း**၊ **သောကြာမဂ္ဂဇင်း**၊ **ရယ်စရာမဂ္ဂဇင်း**၊ **မဟေသီမဂ္ဂဇင်း**၊ **စုံထောက်မဂ္ဂဇင်း စသဖြင့် စသဖြင့် ပေါ်မှပေါ်လှပေသည်။**

အပတ်စဉ်ထုတ် ဂျာနယ်တွေဆိုလျှင်လည်း တစ်ပတ်တစ်ပတ်လျှင် ဂျာနယ်အစောင်ပေါင်း လေးဆယ်ထက် နည်းပေ။ ဂျာနယ်တွေများသလို လိုင်းတွေလည်း စုံလှသည်။ အချို့ဂျာနယ်တွေက လူငယ်ကြိုက်တွေကို ဦးစားပေးရေးကြသလို အချို့ကတော့ ဆေးပညာပေးအဖြစ် ရေးကြသည်။

အများဆုံး ဦးစားပေး၍ ရေးကြသော ဂျာနယ်များကတော့ အားကစားဂျာနယ်များပင်။ ပေးထားကြသော အမည်တွေကလည်း မြန်မာအမည်နှင့်ရော၊ အင်္ဂလိပ်အမည်များနှင့်ပါ ပေးထားကြသည်။

ဥပမာ မြန်မာအမည်နှင့်ပေးကာ ထွက်နေကြသော အားကစားဂျာနယ်များကတော့ **တံခွန်ဂျာနယ်**၊ **အင်အားဂျာနယ်**၊ **မီးရှူးတိုင်ဂျာနယ်**၊ တက်လမ်းဂျာနယ်နှင့် အခြားဂျာနယ်များ ရှိကြပါသည်။ အင်္ဂလိပ်အမည်နှင့် ပေးထားကြသော ဂျာနယ်များကတော့-

90:00MINUTES, BEST PYAYERS, OLYMPIC, WINNERS, FIRST ELEVEN, THE FOCUS, SPORT LIGHT စသဖြင့် စသဖြင့် ရေးပြရလျှင်တော့ အလွန်များ၊ သိပ်များပေါ့။ ထိုအထဲတွင် အရောင်းရ အတွင်ကျယ်ဆုံးစာစောင် Best Seller ဖြစ်နေသော ဂျာနယ်တစ်စောင် ရှိနေသည်။ ထိုဂျာနယ်ကား အင်္ဂလိပ်ဘာသာနှင့် အမည်နှင့်ပင် ပေးထားသော The Miscellaneous (မစ်စဲလဲင်းနီယက်စ်) ဂျာနယ် ဖြစ်သည်။ မြန်မာလိုတော့ **သောင်းပြောင်းထွေလာ** ဂျာနယ်ဟု အမည်ရသည်။

'သောင်းပြောင်းထွေလာ' ဟူ၍ အမည်ပေးထားသည့်အတိုင်း ထိုဂျာနယ်တွင်ပါရှိကြသော အကြောင်းအရာတွေကလည်း စုံလင်လှသည်။

လူငယ်ကြိုက် ချစ်စာတော်လမ်းတွေပါရှိသလို လူကြီးများအကြိုက် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးများ ပါရှိသည်။

ထို့ပြင် ယနေ့ ကမ္ဘာတစ်ဝှမ်းတွင် ခေတ်စားနေသော







www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးပွဲအကြောင်းတွေကိုလည်း ဝေဝေဆာဆာနှင့် ဖော်ပြထားပြန်သည်။ သည်တော့ မစ်စ်လဲင်းနီယက်(စ်) ဂျာနယ် ရောင်းကောင်းနေသည်မှာ မဆန်းတော့ပေ။ ထိုဂျာနယ်ကို စီမံအုပ်ချုပ်သူတွေကလည်း လူလတ်ပိုင်းနှင့် လူငယ်များသာ ဖြစ်သည်။

သူတို့အထဲတွင် လက်ထောက်အယ်ဒီတာဖြစ်သူမှာ ဖြိုးဇော်ဦး ဖြစ်သည်။ သူ၏အသက်မှာ (၂၇)နှစ်ခန့်သာ ရှိသေးသည်။ အရပ်မနိမ့်မမြင့်၊ ကိုယ်လုံးကိုယ်ထည်က တောင့်တောင့်နှင့်ဖြစ်ပြီး အသားညိုညို၊ ရုပ်ရည်ကတော့ သာမန်ခန့်သာရှိသည်။ ခေတ်ပညာအနေနှင့်တော့ ရူပဗေဒ တတိယနှစ်သာ ရှိခဲ့သည်။

ဖြိုးဇော်ဦးမှာ လက်ထောက်အယ်ဒီတာဟု ဆိုရသော်လည်း သူက ဂျာနယ်တိုက်တွင် အနေမများပေ၊

အပြင်သို့ ထွက်နေသည်သာ များသည်။

အလဟဿ ထွက်နေခြင်းတော့ မဟုတ်။ သူ၏ဂျာနယ်အတွက် သတင်းနှင့်သတင်းဓာတ်ပုံများအတွက် သတင်းထောက်အဖြစ် ထွက်နေခြင်းသာဖြစ်သည်။

သူက သတင်းထောက်လှမ်းခြင်းကိုလည်း အရမ်းဝါသနာပါသည်။ သူနှင့်တွဲဖက် ဓာတ်ပုံသတင်းထောက်မကလေး တစ်ဦးလည်း ရှိသေးသည်။

သူကလေး၏အမည်ကတော့ ယဉ်ကြွေမေတဲ့။ အသက်





ကတော့ (၂၀)ကျော်ခန့်ရှိနေပြီဖြစ်သည်။ ပညာအရည်အချင်းကတော့ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရထားသူ။

ကိုယ်လုံးကိုယ်ထည် တောင့်တင်းလှပ၍ အသားညိုကလေးနှင့် ချောမောသူဖြစ်သည်။ သူမက ဓာတ်ပုံဝါသနာပါသလို ဓာတ်ပုံရိုက်လည်း အလွန်တော်သူ ဖြစ်သည်။

သူမနှင့် ဖြိုးဇော်ဦးတို့မှာ နှစ်ဖက်သော လူကြီးမိဘများက လက်ထပ်ပေးစားရန် စီစဉ်ထားပြီး ဖြစ်သည်။ တစ်နေ့တွင် ဖြိုးဇော်ဦး၏တပည့် သတင်းထောက်ကလေးဖြစ်သူ သန်းမောင်မှာ ဆရာဖြစ်သူ ဖြိုးဇော်ဦးကို ဤသို့ သတင်းဆန်းတစ်ပုဒ် လာပေးခဲ့သည်။

'ဆရာ… ဆရာ ကြားပြီးပလား ဆရာ'

သန်းမောင်က ဒရောသောပါးအသံနှင့် ဖြိုးဇော်ဦးကို မေးနေသည်။

'ဟာကောင်ရ… အရင်းမရှိ အဖျားမရှိနဲ့ ငါက ဘာကို ကြားရမှာလဲ၊ ရှုနာမီငလျင်လှိုင်းကြီးအကြောင်းလားကွ၊ ပြောပါဦး'

'ဟာဗျာ… ဆရာကတော့ နောက်ပြီ၊ ဒီစူနာမီငလျင်လှိုင်းကြီးဖြစ်တာ မဆန်းတော့ဘူးလေ၊ တစ်ကမ္ဘာလုံး သိနေကြတဲ့ဟာ၊ ကျွန်တော်ပြောမယ့်သတင်းကသာ ဆန်းတာဗျ'



www.burmeseclassic.com

www.burmeseclassic.com



‘ဟော… တယ်စတဲ့ဆိုပါကလား၊ အဲလေ… ယောင်လို့ တယ်ဆိုတဲ့စာပါကလား၊ ကဲ… လင်းစမ်းပါဦး၊ မင်းရဲ့သတင်းထူးကြီးကို… ဟဲ… ဟဲ…’

‘အခုတစ်လော ရန်ကုန်မြို့ကြီးမှာ ညဆယ်နာရီကျော်ရင် တစ္ဆေမတစ်ယောက် လမ်းသလားနေတယ်ဆိုတဲ့ သတင်းပဲ’

သန်းမောင်က စိတ်အားထက်သန်စွာနှင့် ပြောနေသည်။ ဖြိုးဇော်ဦးကတော့ ယုံကြည်ဟန်မပြပေ။

‘ဟဲ… ဟဲ… မင်းဟာက ယုတ္တိမရှိပါဘူးကွာ၊ တစ်ယောက်ယောက်က နောက်ပြီး ကောလာဟလ လွှင့်လိုက်တာဖြစ်မှာပါ’

‘ဘယ်ကလာ ကောလာဟလ ရမှာလဲ၊ တကယ်ရှိနေတာပါ ဆရာရဲ့’

‘နေစမ်းပါဦး၊ တကယ်ရှိနေတယ်လို့ မင်းက ပြောနိုင်ရအောင် မင်းကိုယ်တိုင် အဲဒီတစ္ဆေမကို မြင်ခဲ့ရလို့လား၊ အေး… မင်းကိုယ်တိုင် မြင်ခဲ့ရ၊ တွေ့ခဲ့ရတယ်ဆိုရင်တော့ ငါ ယုံမယ်လေကွာ’

‘ဟာဗျာ… ဆရာနဲ့ စကားပြောရတာ ညနေ ရုံးဆင်းချိန်မှာ လိုင်းကားစီးရသလို တယ်ကျပ်ပါကလား၊ ဟွန်း’

‘တယ်ကျပ်ဆို မင်းရဲ့စကားကို ငါက တကယ် မမှတ်





လို့ပေါ့ကွ၊ ယုံစရာမှ မကောင်းတဲ့ဟာ’

‘ယုံစရာမကောင်းဆိုပြီး ပုံပမာပြောတယ် မထင်နဲ့၊ လုံးကညာ တစ္ဆေမကတော့ မယုံဖွယ်ရာ တကယ့်ကိုရှိနေတာ အမှန်ပဲ’

‘လာပြန်ပြီ ဒီစကား၊ အခုလို မင်းက ခိုင်ခိုင်လုံလုံနဲ့ပြောနေရအောင် ငါ ယုံကြည်အောင် ဘာနဲ့သက်သေပြမှာလဲ’

‘ဆရာ ယုံကြည်အောင် တစ္ဆေမကို ဆရာ့ဆီခေါ်ပြီး မပြနိုင်ပေမယ့် ရန်ကုန်တစ်မြို့လုံးမှာတော့ ဒီသတင်းတွေဟာ ပျံ့နေတယ်၊ အထူးသဖြင့် ကကအငှားယာဉ် ကားမောင်းသမားတွေကတော့ တစ္ဆေမကို မြင်ဖူးကြတယ်လို့ကို အခိုင်အမာ ပြောနေကြပါတယ် ဆရာ’

‘ဟုတ်လား၊ ဘယ်လိုပြောကြတယ်ဆိုတာ ငါ့ကို ပြောပြစမ်းကွာ’

‘တစ္ဆေမကို တွေ့ခဲ့တယ်လို့ပြောကြတဲ့ ကကအငှားယာဉ်မောင်းသမားတွေကတော့ များမှများပဲ။ အဲဒီလူတွေအထဲက ကျွန်တော့်အသိ ကကအငှားယာဉ်မောင်းသမားကြီး ဦးသန်းထွန်း ပြောခဲ့တာကို ကျွန်တော် ပြောပြမယ်နော်’

‘ကောင်းပြီ ပြောစမ်း’

‘ဒီလိုပါ၊ ကကယာဉ်မောင်းသမားကြီး ဦးသန်းထွန်းက



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ တစ္ဆေမ တွေ့ခဲ့ရပုံက ဒီလိုတဲ့…'

သန်းမောင်ပြောရင်း စကားကို ခေတ္တရပ်နားလိုက်သည်။ ပြီးမှ အောက်ပါအတိုင်း ဆက်၍ပြောပြနေသည်။

'သူပြောခဲ့တာက လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက သူ ဟာ လှိုင်သာယာဘက်ကို ခရီးသည်သုံးဦးကို သွားပို့ခဲ့ရသတဲ့၊ အပြန်ကျတော့ မြေနီကုန်းဘက်ကိုသွားမယ့် ပါစင်ဂျာတစ်ဦးနဲ့ တွေ့လို့ သွားပို့ခဲ့တယ်၊ အချိန်ကတော့ ညရှစ်နာရီကျော်နေပြီတဲ့၊ ဒါနဲ့ သူဟာ မြေနီကုန်းဘက်ကနေ ရန်ကုန်ပြည်လမ်းဘက်ကနေ ကားမောင်းပြီး အိမ်ကိုပြန်ခဲ့သတဲ့၊ နောက် ပြည်လမ်းမကြီးကနေ ဦးဝိစာရကျောက်တိုင်အနီးရောက် ဆံပင်ဖားလျားချထားတဲ့ …'

'တော်ပြီ၊ ဆက်မပြောနဲ့တော့၊ မင်း အခု ပြောပြတော့မယ့် တစ္ဆေပုံပြင်ဟာ ရိုးနေပြီ'

သန်းမောင် ပြောနေခိုက် ဖြိုးဇော်ဦးက ဖြတ်၍ပြောလိုက်သည်။

'ဟာဗျာ… ဆရာကလည်း… ကျွန်တော့်စကား မဆုံးသေးဘူးလေ၊ ဆုံးအောင် နားထောင်မှပေါ့'

'နားထောင်စရာ မလိုတော့ပါဘူး သန်းခေါင်ရယ်'

'ဘာကြောင့်လဲ ဆရာရဲ့'

'ဘာကြောင့်ရမှာလဲ၊ မင်း အခု ပြောတော့မယ့် ဆံပင်





ဖားလျားနဲ့ တစ္ဆေမဟာ မျက်လုံးကြီးကလည်း လင်းကွင်းလောက် ပြူး၊ ပါးစပ်ကလည်း လှည်းဘီးလောက်ပြဲပြီး၊ လျှာကျတော့လည်း လူ့တစ်ရပ်စာလောက် ရှည်ထွက်ပြီး အဲဒီဦးသန်းထွန်းကို ခြောက်ပြတယ်လို့ပြောမှာ မဟုတ်လား၊ ဒါမျိုးတွေကြားရလို့ ဖန်တစ်ရာတောပြီး ရိုးနေပါပြီကွာ၊ ဟဲ… ဟဲ…'

'ဟာ… မဟုတ်ဘူး၊ အခု ဆရာပြောနေတာနဲ့ ကျွန်တော် ပြောမယ့်စကားဟာ လုံးဝ လုံးဝ ဆန့်ကျင်နေတယ်၊ ဒီတော့ ကျွန်တော် ပြောပြမယ့်စကားကိုသာ သည်းခံပြီး နားထောင်ပါ ဆရာရယ်'

သန်းခေါင်က တောင်းပန်သံနှင့် ပြောနေသည်။

'ကောင်းပြီ ပြောစမ်း'

'အဲဒီတစ္ဆေဟာ ဆံပင်ဖားလျားချထားပေမယ့် တခြားတစ္ဆေမတွေလို ကြောက်စရာမကောင်းဘူးတဲ့၊ အသားကလေးက ဖြူဖွေးပြီး ရုပ်ရည်ကလည်း ချောလိုက်တာ၊ ဟို Ghost ဇာတ်ကားထဲမှာပါတဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး ဒီမီမိုးအတိုင်းပဲတဲ့၊ အဲ… ဝတ်ဆင်ထားတာကတော့ ဂါဝန်လိုလို၊ စကတ်လိုလို သိပ်မသဲကွဲဘူးတဲ့၊ အရောင်ကတော့ ကြယ်ပြာရောင်လို့ပြောတယ် ဆရာ'

သန်းခေါင် မောသွားဟန်နှင့် စကားကို ခေတ္တရပ်ထား

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ပြီးမှ သူ၏စကားကို ပြန်ဆက်နေသည်။

'အဲဒီလို မြင်လိုက်ရတဲ့အခါ ဦးသန်းထွန်းရဲ့စိတ်ထဲမှာ တစ္ဆေလို့ မထင်မိလို့ သူ မောင်းနေတဲ့ကားကို တစ္ဆေမကလေး ဘေးမှာ အသားထိုးရပ်ပြီး ငံ့နေမိသတဲ့၊ သူ ကားကိုရပ်ပြီးသွား တဲ့အခါ တစ္ဆေမကလေးကလည်း သူ့ကားနားကို ရောက်လာပြီး သူ့ကို ပြုံးပြုံးကြီး ကြည့်နေသတဲ့၊ အင်မတန် ချောမောလှတဲ့ တစ္ဆေမကလေးက သူ့ကို ပြုံးပြုံးကြီးကြည့်နေတာကို မြင်ရတဲ့ ဦးသန်းထွန်းစိတ်ထဲမှာ အရမ်းကို ပီတိတွေဖြာပြီး-

'**အဟီး… ငါတော့ ဒီညမှာ ဓုတ်ဆီတဲ်တော့ ဖျားနဲ့ပြီ ထင်တယ်**'လို့ တွေးရင်း-

'တူမကြီး ဘယ်သွားမလို့လဲ၊ ကားပေါ်တက်လေ၊ အန် ကယ်လိုက်ပို့ပေးမယ်'လို့ တစ္ဆေမမှန်း မသိသေးတော့ သူက လောကွတ်တွေ ချော်နေတယ်လေ၊ ဟဲ… ဟဲ…'

သန်းမောင်စကားကို ရပ်ထား်ပြန်သည်။

ဖြိုးဇော်ဦးကတော့ မယုံကြည်သော်လည်း စိတ်ဝင်စား စွာနှင့် နားထောင်နေသည်။

'ဦးသန်းထွန်းက သူ့နောက်ခန်းက ကားတံခါးကို ဖွင့် ပေးတယ်၊ ဒါပေမဲ့ တစ္ဆေမကလေးဟာ သူဖွင့်ပေးတဲ့ နောက် ဘက်ကတံခါးမှာ မထိုင်ဘူး၊ သူကားမောင်းတဲ့ ဘယ်ဘက်က တံခါးကိုဖွင့်ပြီး သူ့ဘေးမှာ အကျဉ်ထိုင်တော့တယ်၊ တစ္ဆေမ ကလေး ဝင်ထိုင်လိုက်တဲ့အခါ ဦးသန်းထွန်းဟာ အရမ်းဝမ်းသာ နေရာက ဘာကြောင့်မှန်းမသိဘဲ ကြက်သီးတွေ ဖျန်းခနဲထသွားမိ သတဲ့၊ ဒါပေမဲ့ သူ့စိတ်ထဲမှာဒါတွေကိုတွေးမနေအားဘဲ အင်မတန် ချောမောလှပေမယ့် တစ္ဆေမကလေးကို လူအမျိုးသမီးလို့ပဲထင်ပြီး တပ်မက်တဲ့ မျက်လုံးတွေနဲ့ကြည့်ရင်း သူက မေးတယ်'

'တူမကြီး… ဘယ်ကိုပို့ပေးရမလဲဟင်'

ဒီအခါ တစ္ဆေမကလေးက-

'ကံ့ကော်သချိုင်းလို့' ပြန်ပြောတယ်။

ဒီစကားကြားရတော့ ဦးသန်းထွန်းဟာ-

'ဟိုက်… တောက်ပလှတ်တုတ်တုတ်'လို့ ရေရွတ်ပြီး တစ္ဆေမကလေးကို-

'အဟီး… တူမကြီးကလည်း ဘာတွေပြောနေရတာလဲ၊ နိမိတ်မရှိတာတွေကို မပြောနဲ့၊ ဟီး… ဟီး…'လို့ တစ္ဆေမ ကလေးက သူ့ကိုနောက်နေတယ်အထင်နဲ့ ပြန်ပြောတဲ့အခါ-

'အိုး… ကျွန်မက နိမိတ်မရှိတာတွေကို ပြောနေတာ မဟုတ်ဘူး၊ ကျွန်မ နေတာက ကံ့ကော်သချိုင်းမှာမို့ ကံ့ကော်လို့ ပြောနေတာ'လို့ တစ္ဆေမကလေးက ခပ်တည်တည်နဲ့ ပြန်ပြေ



အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

နေတယ်။

'ဟာ… တူမကြီးကလည်း အဲဒီကြဲတောသချိုင်းဆိုတာ အခု မရှိတော့ဘူးလေ၊ အခု အဲဒီနေရာမှာ ကားသချိုင်း။ အဲ… ဟုတ်ပါဘူး။ ကားပွဲစားတန်း ဖြစ်နေပြီ'လို့ ဦးသန်းထွန်းက ရှင်းပြနေ တယ်။

'ဟင်… ဒါဆိုရင် အဲဒီကြဲတောသချိုင်းဟာ ဘယ်ရောက်သွားသလဲ၊ ကျွန်မက အဲဒီကို လာခဲ့တာရှင့်'လို့ တစ္ဆေမကလေးက စိတ်ညစ်သံနဲ့ပြောတော့ ဦးသန်းထွန်းက မရိပ်မိသေးဘဲ--

'နေစမ်းပါဦး… ငါ့တူမက ကြဲတောကို ဘာကိစ္စသွားချင်ရတာလဲ၊ အဲဒီမှာ တူမမိဘတွေရဲ့ဂူတွေရှိလို့လား၊ အခု ဂူတွေလည်း မရှိကြတော့ဘူး၊ ကြဲတောသချိုင်းအစား ထိန်ပင်တို့၊ ရေဝေးသချိုင်းတို့ပဲ ရှိကြတော့တယ်'လို့ ရှင်းပြနေတယ်။

သူ ရှင်းပြလို့အပြီးမှာ-

'ဟာ… ဒီလိုဆို ဒုက္ခပဲ၊ ကျွန်မ အခုလာတာက ကြဲတောသချိုင်းမှာနေဖို့ လာခဲ့တာ၊ ကြဲတောမရှိဘူးဆိုတော့ ကျွန်မမှာ နေစရာမရှိတော့ဘူး၊ ဘုံပျောက်နေပါရောလား'လို့ တစ္ဆေမကလေးက ဝမ်းနည်းသံကလေးနဲ့ ပြောနေသတဲ့။ ဒါကို ဦးသန်းထွန်းစိတ်ထဲမှာ သူ့ကိုနောက်နေတယ်လို့ ထင်ပြီး-





'ဟား… ဟား… ဟား… တူမကြီးကပေမယ့် ခပ်တည်တည်နဲ့ ရယ်စရာအပြောတတ်သားပဲ၊ ငါ့တူမလို ချောချောလှလှ အရွယ်ကလေးကလည်းငယ်ငယ်နဲ့ ဘယ်လိုလုပ်ပြီးသချိုင်းမှာနေရမှာလဲ၊ မဟုတ်မဟတ်တာတွေကို မပြောရဘူးကွ၊ ဟား… ဟား… ဟား…'

ရယ်နေတုန်း တစ္ဆေမကလေးက သူ့ကို အသံမာမာနဲ့ ပြောလိုက်တာက-

'ဘာမဟုတ်တာတွေ ပြောရမှာလဲ၊ ဟုတ်တာကို ပြောနေတာ၊ ကျွန်မဟာ လူမဟုတ်ဘူး၊ တစ္ဆေရှင့်… တစ္ဆေ… ဒါကြောင့် သချိုင်းမှာနေရတာပေါ့'ဆိုပြီး စကားအဆုံးမှာ ဦးသန်းထွန်းရဲ့ ရှေ့မှောက်မှာတင် ကားပေါ်ကနေ ပျောက်သွားသတဲ့ ဆရာရဲ့'

'ဒီတော့ ဦးသန်းထွန်းက ဘာဆက်လုပ်သလဲ'

ဖြိုးဇော်ဦးက စိတ်ဝင်စားသံနှင့် ဖြတ်မေးနေသည်။

'ဘာလုပ်ရမှာလဲ၊ ဒီလူကြီးဟာ ငမ်းသာငမ်းတတ်တာ သူ့ရဲ့ဘေးကကြောင်တဲ့သူဆိုတော့ တစ္ဆေမှန်းလည်းသိရော သူဟာ အကြောက်ကြီး ကြောက်သွားပြီး-

'ကယ်တော်မူကြပါဦး အရပ်ကတို့ရေ… ကျုပ်ကားပေါ် တစ္ဆေမကြီး ရောက်နေပါတယ်ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



လှိုင်အသံကျယ်ကြီးအော်ရင်း ခပ်င်းပြေးတော့တာပေါ့၊ သူဟာ ဘယ်ကလောက် အကြောက်လွန့်သွားသလဲဆိုရင် သူ မတန်တဆဈေးနဲ့အချောင်ရလို့ ဝယ်ထားခဲ့တဲ့သူ့ကားကိုတောင် သံယောဇဉ်မထားနိုင်ဘဲ ဦးစိစာရကျောက်တိုင်အနီးကနေ ပြေးခဲ့တာ၊ သိမ်ကြီးဈေးနားက လပဘာပြင်ဈေးနားရောက်မှ ရပ်မိတော့သတဲ့'

'ဟကောင်ရ… ဒီလောက်အဝေးကြီးတောင် သူတပြေးနိုင်သလား၊ ဧကန္တ… မာရသွန်အပြေးသမားနဲ့တူတယ်၊ ဟဲ… ဟဲ…'

'သူက မာရသွန်အပြေးသမား မဟုတ်ပါဘူး၊ သူ့တစ်သက်မှာ အဲဒီလောက်ဝေးဝေးလည်း မပြေးဖူးဘူးတဲ့၊ အခုဟာက အကြောက်လွန့်ပြီး ပြေးတာမို့ အဲဒီလောက် ဝေးဝေးပြေးနိုင်တာတဲ့ ဆရာရဲ့၊ ဒီလို ပြေးခဲ့ရလို့ သူ့မှာ အမောဆို့ပြီး မသေရုံတမယ်ပဲတဲ့၊ ပြီးတော့ သူ့ခေါင်းပေါ်က အိုးတိုက်ဖွဲ့ပြာရောင်ထနေတဲ့ မရှိမဲ့ရှိမဲ့ ဆံပင်တွေဟာလည်း ကြောက်စိတ်ကြောင့် ထိုးထိုးထောင်ထောင်ကြီး ဖြစ်လာနေသတဲ့၊ တစ္ဆေမနဲ့ သူ တွေ့ခဲ့ရတဲ့ ဇာတ်လမ်းကလေးကတော့ ဒီလောက်ပါပဲ၊ ဆရာ့အနေနဲ့ စိတ်မဝင်စားဘူးလားဟင်'

စကားအဆုံးတွင် သန်းမောင်က ဖြိုးဇော်ဦးကို မေးနေသည်။





'အင်း… စိတ်တော့ ဝင်စားတယ်၊ ဒါပေမဲ့ ငါကတော့ မယုံဘူးကွ'

'ဟောဗျ… ဘာကြောင့်မယုံတာလဲ'

'မယုံဆို သူပြောတဲ့ဇာတ်လမ်းက တီဗီထဲကဇာတ်လမ်းလိုလို ရုပ်ရှင်ဇာတ်လမ်းလိုလို ဖြစ်နေလို့ပဲ'

'ဟာ… ဒီလူကြီးက လုပ်ဇာတ်ထွင်ပြီး မပြောတတ်ပါဘူး၊ ပြီးတော့ သူတစ်ယောက်တည်းကပြောတာမှ မဟုတ်ဘဲ၊ တခြား ကကယားဘဲမောင်းသမားတွေကလည်း အဲဒီအနီးအနားတစ်ဝိုက် ဦးသန်းထွန်းတွေ့ခဲ့တဲ့အချိန်မျိုးမှာပဲ ဒီတစ္ဆေမကို တွေ့ခဲ့ကြတယ်လို့ ပြောနေကြတဲ့ဟာ၊ ဖြစ်ပျက်ပုံတွေကတော့ တစ်မျိုးစီပဲ'

သန်းမောင်ကတော့ အခိုင်အမာပင် ယုံကြည်သံနှင့် ဖြိုးဇော်ဦးကို ပြောနေသည်။

'အေး… မင်းအနေနဲ့ တစ္ဆေမရှိနေတယ်ဆိုတာ ယုံချင်ယုံ၊ ငါကတော့ မယုံရေးချ မယုံထဲကပဲ၊ ဒါတွေဟာ လုပ်ကြံဖန်တီးထားကြတဲ့ တစ္ဆေကောလာဟလတွေလို့ပဲ ငါကတော့ တထစ်ချ မှတ်ယူထားတယ်'

ဖြိုးဇော်ဦးက တစ္ဆေရှိနေသည်ဟူ၍ ပြောဆိုနေကြခြင်းကို လုံးဝ လက်မခံဘဲ ပြန်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ သန်းမောင်လည်း အလျှော့ပေးလိုက်ရတော့သည်။



# ( နှစ် )

## မျှော်လင့်မထားသောညသည်

*သန်းမောင်ထံမှ တစ္ဆေမကလေးအကြောင်းကို သိရပြီးနောက် မြို့ဇော်ဦးက သူ့ဂျာနယ်တွင် အောက်ပါအတိုင်း ဆောင်းပါးတစ်ပုဒ်ကို ရေးသားခဲ့သည်။*

*'ဒီသတင်းတွေကို မယုံကြည်ကြပါနှင့်'*

*ယခုတစ်လော ကျွန်တော်တို့ရန်ကုန်မြို့တော်ကြီးတွင် တစ္ဆေ ကောလာဟလသတင်းတစ်ခု ခေတ်စားနေကြသည်။ အထူးသဖြင့် ကားလောက၌ ပို၍ ခေတ်စားလျက်ရှိကြပါသည်။*

*အခြားတော့ မဟုတ်ပေ။*



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမတစ်ဦးနှင့် တွေ့ခဲ့ကြရသည်ဟူသောသတင်း ဖြစ်သည်။

ထိုသတင်းကြောင့် တစ္ဆေမရှိသည်ဟူသော နေရာသို့ သွားမ ရှိတတ်သောညအချိန်တွင် သုံးရက်တိတိ အိပ်ရေးပျက်ခံ၍ စောင့် ကြည့်ခဲ့ပါသည်။

ထိုသို့စောင့်ကြည့်ခဲ့သော်လည်း တစ္ဆေမနှင့် မတွေ့ခဲ့ပါ။

အလွန်သောင်းကျန်းသော ခြင်တွေ၏အကိုက်ကိုသာ ခံခဲ့ရပါသည်။

အမှန်ဆိုတော့လည်း တစ္ဆေသရဲဟူသည်မှာ လောကတွင် မရှိကြပါ။

လူတွေက စိတ်ထင်ရာမြင်ရာတွေကိုသာ ရမ်းသမ်း၍ ပြောနေကြခြင်းသာဖြစ်သည်။ လက်တွေ့ပြပါဆိုတော့ မည်သူမျှ မပြနိုင်ပေ။ အချို့ကတော့ တစ္ဆေသရဲဆိုတာ ဘာလို့မရှိရမှာလဲ၊ ဘုရားဟောကျမ်းဂန်တွေမှာတောင်ပါနေတဲ့ဟာ ဟူ၍ ဘုရားဟော ကျမ်းဂန်များကို သက်သေပြကာ ငြင်းချက်ထုတ်တတ်ကြသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ တစ္ဆေသရဲရှိသည် ဆိုခြင်းကို လုံးဝ လက်မခံပါ။ ဒါတွေဟာ စိတ်ကူးယဉ်သက် သက် Innagination တွေသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ကြီး မှာသာ မဟုတ်သေး။ အမေရိကန်နှင့် အနောက်နိုင်ငံများတွင်





လည်း တစ္ဆေသရဲများရှိနေကြခြင်းကို အများစုက လက်မခံကြစေ ကာမူ လူနည်းစုကတော့ လက်ခံနေကြသည်။ သို့ဖြစ်၍လည်း သူတို့ဆီတွင် တစ္ဆေသရဲများကို ဇာတ်လမ်းဆင်ထားကြသော Ghost ဂိုစ်တ် Drucular ဒရက်ကူလာ Vampire ဗင်ပိုင်းယား စသော တစ္ဆေသရဲဇာတ်ကားများ ခေတ်စားခဲ့ကြသည်။

သူတို့နိုင်ငံများ၌သာ မဟုတ်သေးပေ။ ကျွန်တော်တို့၏ အရှေ့တောင်အာရှ နိုင်ငံများဖြစ်ကြသော ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှား၌လည်း တစ္ဆေသရဲဇာတ်ကားများကို တီဗီထဲတွင် မကြာခဏ ပြသသည်ကို ကျွန်တော် ကြည့်ရှုဖူးပါသည်။

ဒါတွေကိုကြည့်ရင် အချို့သောလူများက တစ္ဆေသရဲများ တကယ်ရှိနိုင်သည်ဟူ၍ အထင်ရောက်ကာ တစ္ဆေသရဲနှင့် ပတ် သက်သော လဲကြွက်ဇာတ်လမ်းများကို တကယ်ဖြစ်ပျက်ဟန်နှင့် ပြောတတ်ကြသည်။

ထိုတစ္ဆေသရဲနှင့်ပတ်သက်၍ ရယ်ရွှင်ဖွယ်ဖြစ်ရပ် ကလေးတစ်ခုကို ကျွန်တော် ဖော်ပြပါမည်။ ထိုဖြစ်ရပ်ကလေးမှာ ကြာတော့ ကြာလှပါပြီ။ မည်မျှကြာသနည်းဟုဆိုရသော် ကွယ် လွန်သွားရှာပြီဖြစ်သော ကျွန်တော်၏ဘိုးအေကြီး ဦးကျော်မြိုင်၏ ကိုယ်တွေ့ ဖြစ်ရပ်ကလေးပင်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာ ကျော်က ဖြစ်ပါသည်။ ထိုထက်ပို၍ရှင်းရှင်းရေးရလျှင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ မြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်များ စိုးမိုးအုပ်ချုပ်ခဲ့စဉ်ကပင်။

ထိုစဉ်က ကျွန်တော့်ဘိုးဘေးကြီး ဦးကျော်မြင့်တို့ နေထိုင်ရာ အထက်အညာရှိ တောမြို့ကလေးတစ်မြို့တွင် ကာလဝမ်းရောဂါ တစ်ခု ပေါ်နေခဲ့သည်။ အခြားကာလဝမ်းရောဂါတော့ မဟုတ်ပေ။

တစ္ဆေသရဲကာလဝမ်းရောဂါကြီးပင်။

ထိုစဉ်က ကျွန်တော်၏အဘိုးမှာ အသက် (၁၆)နှစ်ခန့် သာရှိသေးသော လူငယ်တစ်ဦး ဖြစ်ပါသည်။ ကျွန်တော့်အဘိုး ဦးကျော်မြင့်မှာ တစ္ဆေသရဲရှိသည်ဟူသော အယူအဆကို လုံးဝ လက်ခံသူမဟုတ်ပေ။

သို့ဖြစ်၍ တစ္ဆေသရဲ ရှိမရှိ လက်တွေ့စမ်းသပ်ရန် သူ့ အရွယ် သူငယ်ချင်းတစ်စုနှင့်တိုင်ပင်ကာ တစ္ဆေဖမ်းပွဲကို စတင်ကြတော့သည်။

'တစ္ဆေတွေဟာ ညဆယ့်တစ်နာရီလောက်ကျရင် ရွာထဲကို ကျွဲနက်ကြီးလိုလို ခွေးနက်ကြီးလိုလို အယောင်ဆောင်ပြီး သချိုင်းဘက်ကနေ တို့မြို့ထဲကို လာလေ့ရှိတယ်'

အထက်ပါစကားများမှာ နံနက်တိုင်း လူစည်ကားသော ဈေးထဲတွင် လူတွေပြောဆိုနေကြသံကို ကျွန်တော်၏အဘိုး မကြာခဏ ကြားနေရသော စကားများပင်။ ထိုကြားခဲ့ရသော စကား





အတိုင်း တစ္ဆေကိုဖမ်းပြရန် ကျွန်တော်၏အဘိုးကဦးဆောင်၍ သူ၏ သူငယ်ချင်းများနှင့် အောက်ပါအတိုင်း စီစဉ်ခဲ့ကြသည်။

သူတို့ကြားခဲ့ကြရသော စကားများအတိုင်း တစ္ဆေ ထွက်လာမည့် သချိုင်းအဝတွင် ငါးဆယ်သားခန့်ရှိ အမဲသားအစိမ်းတုံးကြီးကို အုတ်နီခဲတစ်လုံးပေါ်တွင် တင်ထားခဲ့ကြသည်။ သူတို့လူငယ်တစ်သိုက်ကတော့ မလှမ်းမကမ်းတွင် ရှိနေကြသော သစ်ပင်များနှင့်ချုံထဲတွင် တုတ်၊ ဓားကိုယ်စီနှင့် ပုန်းအောင်းကာနေကြသည်။

သူတို့တစ်တွေ တစ္ဆေအလာကို စတင်၍ စောင့်ခဲ့ကြသော အချိန်မှာ ည (၁၁)နာရီခန့်တွင် ဖြစ်သည်။ ည (၁၂)နာရီ သာသာခန့်အချိန်တွင်တော့ ခွေးနက်ကြီးတစ်ကောင်မှာ ထိုနေရာသို့ ရောက်လာခဲ့သည်။ ထူးဆန်းနေသည်က ထိုခွေးနက်ကြီး ရောက်လာပုံ မှာ သချိုင်းထဲက မဟုတ်ပေ။

သူတို့တစ်တွေ သချိုင်းထဲမှ တစ္ဆေထွက်အလာကို စောင့်ကြည့်နေကြသည့်ဘေးမှ လာခဲ့ခြင်းဖြစ်သည်။ ပြီးတော့ ခွေးနက်ကြီး၏ လည်ပင်း၌လည်း သားရေလည်ပတ်ကြီးကို ပတ်ထားသေးသည်။ ခွေးနက်ကြီးကလည်း အယ်လ်ဆေးရှင်းခွေးကြီး ဖြစ်သည်။

'ဟာ... ဒါက ဘယ်လိုဖြစ်ရတာလဲ၊ ခွေးနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ယောင်ဆောင်တဲ့တစ္ဆေဟာ သချိုင်းထဲကထွက်မလာဘဲ ငါတို့ နောက်ကနေ ရောက်လာရတာလဲ'

ကျွန်တော်၏အဘိုး ဦးကျော်မြင့်က အံ့သြသံနှင့် ပြောနေသည်။

သူ၏သူငယ်ချင်းတစ်ဦးက ထင်မြင်ချက်ကို ပြန်ပေးသည်။

'ဟဲ... ဟဲ... ဒါကတော့ ဒီတစ္ဆေကောင်ဟာ တို့ မလာခင် မြို့ထဲကို လက်ဖက်ရည်သောက်ဖို့ သွားသလားမှ မသိတာ၊ ဒါကြောင့် မြို့ထဲက ပြန်လာတာ ထင်တယ်ကွ၊ ဟား... ဟား... ဟား...'

သူက ပြောပြီးရယ်နေသလို ကျန်လူတွေကလည်း ရယ်နေကြသည်။

သူတို့ရယ်နေကြခိုက် ခွေးနက်ကြီးကတော့ သူတို့ ခုတ်နီခဲ ပေါ်တွင်တင်ထားသော အမဲသားတုံးကြီးကို ကိုက်ချီကာ မြို့ထဲသို့ လှည့်ပြေးသွားတော့သည်။

'ဟာ... ခွေးနက်ယောင်ဆောင်ထားတဲ့ တစ္ဆေကြီး၊ သချိုင်းထဲကို ဝင်မပြေးဘဲ မြို့ထဲကိုပြန်လှည့်ပြေးသွားပြီ၊ လိုက်လာကြပေ့၊ လိုက်ကြ... ဒီခွေးနက်တစ္ဆေ မလွတ်စေနဲ့'

ကျွန်တော့်အဘိုး ဦးကျော်မြင့်က အော်ပြောရင်း သူက





စတင်၍ ခွေးနက်ကြီးပြေးရာသို့ တအားပြေးလိုက်သည်။

ကျန်လူငယ်တွေကလည်း သူ့လိုပင် ညာသံပေးကာ ခွေးနက်ကြီးနောက်သို့ ပြေးလိုက်နေကြသည်။

အမဲသားတုံးကြီးကို ကိုက်ချီထားသော ခွေးနက်ကြီးမှာလည်း သူ့နောက်ဘက်မှ လူတွေက တုတ်၊ ဓားတွေနှင့် အော်ဟစ်ကာ လိုက်ကြမှန်းသိ၍ တအားကုန်ပြေးနေတော့သည်။

နောက်ဆုံးတွင်တော့ ခွေးနက်ကြီးမှာ ပြေးစရာ မရှိတော့၍လားမသိ၊

မကြာမီကမှ သူတို့မြို့သို့ မြို့ပိုင်အဖြစ် ရောက်ရှိလာခဲ့သော မြို့ပိုင်ဦးရွှေမောင်၏ ခြံဝင်းအတွင်းသို့ ခွေးနက်ကြီးမှာ ဝင်ပြေးသွားခဲ့သည်။ မြို့ပိုင်၏ ခြံဝင်းကြီးမှာ ပိတ်မထားဘဲ ဖွင့်၍နေသဖြင့် ကျွန်တော်၏အဘိုး ခေါင်းဆောင်သော လူငယ်တစ်သိုက်မှာ ဝင်ရအခက် မဝင်ရအခက် ဖြစ်နေသည်။

'ဘယ်လိုကွ... တို့ မြို့ပိုင်ရဲ့ခြံထဲဝင်သွားလို့ ကောင်းပါ့မလား'

လူငယ်တစ်ဦးက ကျွန်တော့်အဘိုးကို မေးနေသည်။

'ဝင်မယ်ကွာ... ဝင်သွားတဲ့ ခွေးနက်ကြီးက တစ္ဆေလား၊ တကယ့်ခွေးလားမှ မသိတာ'

ကျွန်တော့်အဘိုးက ပြောရင်း ရှေ့မှဝင်သွားသည်။ သူ၏


www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သူ့သူငယ်ချင်းတွေလည်း ဝင်လိုက်သွားခဲ့သည်။

သူတို့တစ်တွေ မြို့ပိုင်၏ ခြံထဲသို့အဝင်တွင် ခွေးနက်ကြီးမှာ မြို့ပိုင်အိမ်ပေါ်သို့ အမဲသားတုံး ချီကိုက်ရင်း ပြေးတက်ကာ သွားသည်။ ထိုအခါတွင် လူငယ်တစ်ဦးက လှမ်းအော်သည်။

'ဟာ... ခွေးနက်ကြီး မြို့ပိုင်အိမ်ပေါ် တက်ပြေးသွားပြီ၊ ဝိုင်းသောကြဟေ့'

ထိုလူငယ်၏ ပြောစကားအတိုင်း လိုက်ပါလာခဲ့ကြသော လူငယ်များမှာ လက်ထဲတွင် ကိုင်ထားကြသော ခဲများ၊ တုတ်များနှင့် ခွေးနက်ကြီးအား ဝိုင်းဝန်းကာ ပစ်ပေါက်နေကြသည်။

ထိုသို့ ပစ်ပေါက်မှုကြောင့် ခဲတစ်လုံးမှာ ခွေးနက်ကြီး၏ ဦးခေါင်းကိုထိပြီး တုတ်တစ်ချောင်းကတော့ ခွေးနက်ကြီး၏ ဘယ်ဘက်လက်ကို ထိမှန်သွားခဲ့သည်။

ခွေးနက်ကြီးမှာလည်း ခဲနှင့်တုတ် ထိမှန်မှုကြောင့် တအိန့်အိန့်နှင့် အော်နေရှာသည်။

ဆူဆူညံညံ အသံတွေကြောင့် မြို့ပိုင်မင်း ဦးရွှေမောင်မှာ ပိတ်ထားသော အိမ်တံခါးကို ဖွင့်လိုက်သည်။

သူ တံခါးဖွင့်သည်နှင့် အယ်လ်ဇေးရှင်း ခွေးနက်ကြီးမှာ အိမ်တွင်းသို့ ဝင်ပြေးသွားခဲ့သည်။

'ဟောကောင်တွေ... ညအချိန်ကြီးမှာ ဆူဆူညံညံနဲ့ ဘာ





လာလုပ်ကြတာလဲ၊ ပိုက်နက်ကျူးလွန်မှုနဲ့ အရေးယူစေချင်လို့လား ကွ'

မြို့ပိုင်ကြီးက အာဏာသံနှင့် ကျွန်တော့်အဘိုး ခေါင်းဆောင်သော လူငယ်တစ်စုကို ဟောက်လိုက်သည်။

'မ... မ... မလုပ်ပါနဲ့ မြို့ပိုင်မင်းခင်ဗျား... ကျွန်တော်မျိုးတို့ အခုလို ရောက်လာခဲ့ကြတာဟာ မြို့ပိုင်မင်းရဲ့ခြံထဲကို ခွေးယောင်ဆောင်ထားတဲ့ တစ္ဆေကြီးဝင်သွားလို့ အခုလိုရောက်လာခဲ့ကြတာပါ'

ကျွန်တော့်အဘိုးက မြို့ပိုင်ကို ရှင်းပြနေသည်။ ထိုခေတ်ထိုအခါက မြို့နယ်၊ နယ်ပိုင်နှင့် တရားသူကြီးများနှင့် စကားပြောကြရလျှင် ကျွန်တော်မျိုးဟူ၍လည်းကောင်း ဟုတ်ကဲ့ နေရာတွင်လည်း မှန်ပါ့ဘုရားဟူ၍ ပြောဆိုကြရသည်။

'ဟာ... ဘယ်မှာလဲ၊ အဲဒီ တစ္ဆေဆိုတာ'

မြို့ပိုင်က အံ့သြသံနှင့် ပြန်မေးနေသည်။

'မြို့ပိုင်မင်း အိမ်တံခါးဖွင့်တုန်းက အိမ်ထဲကို ဝင်ပြေးသွားခဲ့တဲ့ ခွေးနက်ကြီးလေ'

"Oh! God"

မြို့ပိုင်၏နှုတ်ဖျားမှ ရေရွတ်သံ။

မြို့ပိုင်မှာ မြန်မာလူမျိုးစစ်စစ်ဖြစ်သော်လည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကျွန်အဖြစ် အမှုထမ်းနေသူမို့ ယခုလို ဘိုသံပါပါနှင့် ရွှတ်နေခြင်းပင်။ သူ ရွှတ်သော ဘိုသံကို မြန်မာလိုပြန်ဆိုရမည်ဆို လျှင် 'အလိုလေး… ဘုရားသခင်' ဟူသတည်း။

အထက်ပါအတိုင်း ရွှတ်ပြီးမှ မြို့ပိုင်က သူ့ခေါင်းကို ခါယမ်းပြရင်း ပြောနေသည်။

'ဟာ… ဒါဆိုရင် မောင်မင်းတို့ အထင်မှားနေကြတာပဲ၊ သူက တခွေးယောင်ဆောင်ထားတဲ့ခွေး မဟုတ်ဘူး၊ ငါ့ရဲ့ အယ်လ်ဆေးရှင်းခွေးကြီးပါကွ'

'ဟောဗျ…'

မြို့ပိုင်၏စကားကြောင့် လူငယ်တစ်သိုက်မှာ အံ့သြသံကြီးတွေ ဖြစ်ကုန်ကြသည်။

ထိုစဉ်မှာပင် မြို့ပိုင်၏ ခွေးနက်ကြီးမှာ တအင်အင်နှင့် အော်ရင်း သူ့သခင်မြို့ပိုင်၏အနီးသို့ ရောက်လာသည်။

မြုံထဲတွင် အစောင့်ချထားသော မြို့ပိုင်၏ပုလိပ်နှစ်ယောက် (ယခုအခေါ် ရဲ)မှာလည်း ရောက်လာကြသည်။

'မြို့ပိုင်မင်းဘုရား… ဘယ်လိုဖြစ်လို့လဲ၊ ကျွန်တော်မျိုးတို့ မြို့ပိုင်မင်းရဲ့ခွေးကြီးကို သွားရှာနေကြလို့ပါ'

တစ်ဦးသော ပုလိပ်က ပြောပြနေသည်။

'ရှာမနေနဲ့တော့… ငါ့အိမ်ပြန်ရောက်နေပြီ'





မြို့ပိုင်က ပြောရင်း သူ့အနီး၌ နာကျင်သံကြီးနှင့် တအီအီလုပ်နေသော အယ်လ်ဆေးရှင်းခွေးနက်ကြီးကို ကြည့်လိုက်မိသည်။

'ဟယ်… ငါ့ခွေးတစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ပါကလား'

မြို့ပိုင်က စိတ်ထိခိုက်သံနှင့်ပြောရင်း ကျွန်တော့်အဘိုးတို့ လူငယ်တစ်စုဘက်သို့ လှမ်းကြည့်ကာမေးတော့သည်။

'ငါ့ခွေးကို ဒဏ်ရာရအောင်လုပ်လိုက်တာ မောင်မင်းတို့ မဟုတ်လား ဟင်'

ကျွန်တော်၏အဘိုး ဦးကျော်မြိုင်က မြို့ပိုင်ကို တောင်းပန်သံနှင့် ပြောသည်။

'ကျွန်တော်မျိုးတို့က မြို့ပိုင်မင်းခွေးဖြစ်မှန်း မသိလို့ပါ'

ကျွန်တော့်အဘိုးက ရိုးရိုးပင်ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် သူပြောလိုက်သောစကားမှာ အဓိပ္ပာယ်နှစ်မျိုး ထွက်နေသည်။

သို့ဖြစ်၍ မြို့ပိုင်ကြီးမှာ အရှမ်းဒေါကန်ကာသွားခဲ့သည်။

'ဟေ့ကောင်… မင်း ခုနင်ကပြောခဲ့တဲ့စကားကို ပြန်ပြောစမ်း'

ကျွန်တော့်အဘိုးမှာမူ သူစကားပြောမှားနေမှန်း မ



www.burmeseclassic.com

www.burmeseclassic.com



သေး၍ စောစောကအတိုင်း ပြန်ပြောသည်။

"ညော်... ဒီလိုပါ၊ မြို့ပိုင်မင်းခွေးဖြစ်မှန်း မသိလို့ပါလို့ ပြောတာပါ"

"တယ်... ဒီအကောင်၊ ငါလုပ်ရရင် နာတော့မယ်၊ မင်း ပြောခဲ့တဲ့စကားကို မင်း သိရဲ့လားဟင်"

"ဗျာ... ကျွန်တော်မျိုးပြောတာ ဘာများမှားလို့လဲ၊ မြို့ပိုင်မင်းဘုရားပဲ ရှင်းပြတော်မူပါ"

"ဘာဖြစ်ရမှာလဲ၊ မောင်မင်းစကားကို ဝါကျအပြည့်အစုံနဲ့ ထည့်မှမပြောဘဲ၊ မောင်မင်းပြောရမှာက မြို့ပိုင်မင်းရဲ့ခွေးဖြစ်မှန်း မသိလို့ပါလို့ ပြောရမှာကို မောင်မင်းက စကားကို ဝါကျအပြည့်အစုံနဲ့မပြောဘဲ မြို့ပိုင်မင်း ခွေးဖြစ်မှန်းမသိလို့ပါလို့ ပြောလိုက်တော့ ငါဟာ လူစင်စစ်က ဘာဖြစ်သွားမလဲ"

"ခွေးဖြစ်သွားမှာပေါ့"

"အေး... ဟုတ်တယ်၊ ဒီအကောင် ငါ့ကို ဆဲနေတာလား"

"အာ... အာ... မဟုတ်ပါဘူး မြို့ပိုင်မင်းဘုရားရယ်၊ မြို့ပိုင်မင်းဟာ ခွေးမဟုတ်ဘဲ လူစစ်စစ်ကြီးဆိုတာ ကျွန်တော်မျိုးနဲ့တကွ ဒီမှာရှိနေကြတဲ့လူတွေအားလုံး သိနေမြင်နေကြတဲ့ဟာ၊ အဟဲ..."





ကျွန်တော့်အဘိုးက မြို့ပိုင်ကို တောင်းပန်နေသည်။

အနီးရှိလူငယ်တွေကတော့ ကျွန်တော့်အဘိုး၏ စကားများကို နားထောင်ရင်း ပြုံးစိစိလုပ်နေကြသည်။

"အိမ်း... ငါကလည်း ဆဲတယ်မထင်လို့ အခုလို သည်းခံနေတာပေါ့၊ နို့မို့ရင် ငါ့ကိုဆဲဆိုမှုနဲ့ရော ငါ့ခြံထဲကို ခွင့်မပြုဘဲဝင်လာခဲ့လို့ ပိုင်နက်ကျူးလွန်မှုနဲ့ပါ ထောင်ချပစ်နိုင်တယ်ကွာ၊ မြို့ပိုင်က ဟုန်ရှိခရက်အရာရှိပီပီ ကျွန်တော့်အဘိုးကို ရာဇသံနှင့် ကြိမ်းနေသည်။

"မှန်ပါ... ကျွန်တော်မျိုး စကားပြောမတတ်လို့ မြို့ပိုင်မင်းကို ဆဲသလိုဖြစ်သွားတာကို ခွင့်လွှတ်တော်မူပါ၊ လွန်တာရှိရင်လည်း ဝန္ဒာမိပါဘုရား"

ကျွန်တော့်အဘိုးက ဆက်လက်၍ တောင်းပန်နေရသည်။ မြို့ပိုင်မင်းလည်း စိတ်ပြေကာ ဤသို့ပြန်ပြောသည်။

မောင်မင်းတောင်းပန်တော့လည်း "ငါက ကျေနပ်ရမှာပေါ့၊ နောက်နောင် စကားပြောရင် အဓိပ္ပာယ်နှစ်ခွပါတဲ့စကားမျိုးကို မပြောနဲ့၊ အဲ... ပြီးတော့လည်း မင်းတို့မြို့ပေါ်မှာ အခု တစ်လော တရွှေသရဲရှိနေတယ်ဆိုတဲ့ Rumour (ရှုးမား)တွေကိုလည်း မယုံကြနဲ့၊ ကဲ... မောင်မင်းတို့လည်း ပြန်နိုင်ပြီ"

မြို့ပိုင်က ခွင့်ပြုလျှင် ကျွန်တော်၏အဘိုးနှင့် သူ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေ ဖြစ်လာခဲ့ကြသည်။

အထက်ပါဖြစ်ရပ်ကို ကြည့်လျှင် တစ္ဆေသရဲဟူသည်မှာ တကယ်အမှန်ရှိနေခြင်းမဟုတ်ဘဲ ကောလာဟလအနေနှင့်သာ ရှိနေခြင်းဖြစ်ကြောင်းကို သိနိုင်ပေသည်။

သို့ဖြစ်၍ ယခုတစ်လော ဖြစ်ပေါ်နေသော တစ္ဆေမရှိနေသည်ဆိုခြင်းကို လုံးဝ လုံးဝ ယုံကြည်ခြင်းမရှိကြရန် ကျွန်တော်က တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။

ဖြိုးဇော်ဦး

အထက်ဖော်ပြပါ ဆောင်းပါးမှာ "The Miscellaneous" ဂျာနယ်တွင် ပါရှိလာခဲ့သောအခါ ကားလောကတွင် ပွက်လောရိုက်ကုန်ကြတော့သည်။

တစ္ဆေမကလေးကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ကြသော လူတွေက ဒေါပွကုန်ကြသည်။

'ဒီဆောင်းပါးရေးတဲ့သူက ဘာသဘောနဲ့ အခုလို ရေးရတာလဲ၊ တစ္ဆေမနဲ့ တွေ့ခဲ့ကြတဲ့ လူတွေကို လူလိမ်လူညာတွေလို့ ဆိုလိုတာလား၊ ငါတို့က တကယ်တွေ့ခဲ့ကြလို့ ပြောကြတာကို သူမတွေ့ရတာနဲ့ပဲ ဂျာနယ်ကနေပြီး တို့ကို အပုပ်ချတာတော့ မကောင်းပါဘူး' ဟူ၍ မကျေမနပ်နှင့် ပြောဆိုနေကြသည်။





ထိုပြောဆိုသံများကို ခတ်ပုသတင်းထောက်အဖြစ် "The Miscellaneous" ဂျာနယ်တွင် လုပ်ကိုင်နေသော ယဉ်ကြော့မေက ကြားနေရသည်။

သို့ဖြစ်၍ ယဉ်ကြော့မေမှာ ချစ်သူဖြိုးဇော်ဦးအား ထိုအကြောင်းကို လာ၍သတင်းပေးနေသည်။

'ဟေး... ကိုဖြိုး... ယူ ရေးလိုက်တဲ့ တစ္ဆေမဆောင်းပါးကြောင့် ကားလောကမှာ ဒေါသူပုန်ထနေကြတယ်၊ ကြားပြီးပြီလား'

ယဉ်ကြော့မေကပြောလျှင် ဖြိုးဇော်ဦးက ပြုံးနေသည်။

'ဟဲ... ဟဲ... ဒါမျိုးပေါ့၊ ဟုတ်တာတဆို နာလိုခံခက် အမျက်ထွက် ဆိုတာမျိုးလို အခုလည်း မောင်က အရှိကို အရှိအတိုင်းရေးချလိုက်တော့ ကောလာဟလလွှင့်သူတွေ အထိနာသွားကြပြီး ဒေါကန်ကြတာ မဆန်းပါဘူးလေ၊ အဟဲ...'

'မောင်ကသာ ကောလာဟလဆိုပြီး တထစ်ချထင်ပြီး ရေးပေမယ့် သူတို့ကတော့ တစ္ဆေတကယ်ရှိနေတယ်လို့ ပြောနေကြတဲ့ဟာ'

'ဟာကွာ... ကြော့ကလည်း၊ သူတို့က ပြောနေကြပေမယ့် အလကားစိတ်ကူးယဉ်မှုတွေပါကွာ'

ဖြိုးဇော်ဦးကတော့ ခွတ်ပင်ပြောပြနေသည်။ ယဉ်ကြော့



www.burmeseclassic.com

www.burmeseclassic.com



မေကတော့ ယုံသည်လည်းမဟုတ်၊ မယုံသည်လည်းမဟုတ် ဖြစ်နေသည်။

သို့သော် သူမ၏စိတ်ထဲတွင်တော့ နာနာဘာဝ ဝိဉာဘာဝ ဆိုသည် ရှိကောင်းတော့ ရှိနေလိမ့်မည်ဟု ထင်မှတ်နေသည်။

ယဉ်ကြွယ်မေ အတွေးဝင်နေခိုက် ဖြိုးဇော်ဦးက လှမ်းမေးနေသည်။

'ဒါထက် ကြွယ်အပြင်ကို မနက်အစောကြီးကတည်းက သတင်းယူဖို့သွားခဲ့တာ၊ ဘာတွေများ ရလာခဲ့သလဲ၊ အခုဆိုရင် ညရှစ်နာရီပဲ ထိုးနေပြီ'

'နောက်ကျဆို ဟိုသင်္ဃန်းကျွန်းဘက်မှာ လူသတ်ပြီး ပစ္စည်းတွေယူသွားခဲ့တဲ့သတင်းကို လိုက်နေရလို့ပါ'

ယဉ်ကြွယ်မေက ပြောပြနေသည်။

'ဒါဆို ကြွယ်ဟာ ညစာမစားခဲ့ရသေးဘူးပေါ့'

'ဟင့်အင်း… ညနေခြောက်နာရီလောက်က ဗိုက်ထဲက တကြွိကြွိဖြစ်လာတာနဲ့ အဲဒီ သင်္ဃန်းကျွန်းက ထမင်းဆိုင်မှာ ဝင်စားခဲ့တယ်၊ မောင်ရော စားပြီးပြီလား'

'မောင်လား… စားတော့မစားရသေးဘူး၊ ဒါပေမဲ့ ခပ်စောစောတုန်းက လက်ဖက်ရည်သောက်ထားလို့ မဆာသေးဘူး ကြွယ်ရဲ့'





'မဆာသေးရင်လည်း ပြန်ကြစို့လေ၊ ကြွယ်လည်း အိမ်ပြန်ချင်ပြီ၊ ဟောဒီမယ်… ကြွယ်ယူလာခဲ့တဲ့ ဓာတ်ပုံနဲ့ သတင်းဆောင်းပါးတွေ မနက်ဖြန်ကျမှပဲ ပြန်စစ်ကြည့်ပြီး ဂျာနယ်ထဲကို ထည့်ဖို့ စီစဉ်ကြတာပေါ့'

ယဉ်ကြွယ်မေက ပြောရင်း သူမယူလာခဲ့သော ဓာတ်ပုံများနှင့် သတင်းဆောင်းပါးများ ရေးထားသော စာရွက်တွေကို လက်ဆွဲအိတ်အတွင်းမှ ထုတ်ပေးနေသည်။

'အာ… မောင် ပြန်လို့မဖြစ်သေးဘူး၊ ဂျာနယ်ဖောင်ပိတ်ဖို့ စာမူတွေ လိုနေသေးတယ်၊ ဒါကြောင့် မောင်ဟာ ဒီညမှာလည်း ဆယ့်နှစ်နာရီလောက်မှ ပြန်ရမယ်ထင်တယ်'

'ဟင်… မောင်ကလည်း မနေ့ညတုန်းကလည်း မိုးချုပ် အခုညလည်း မိုးချုပ်ဆိုတော့ မလွန်ဘူးလား၊ ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးနော်'

ယဉ်ကြွယ်မေက စိုးရိမ်သံကလေးနှင့် ဖြိုးဇော်ဦးကို သတိ ပေးနေသည်။

'ရပါတယ် အချစ်ရယ်… ဒီလောက်ကလေးနဲ့တော့ ဘာမှ မဖြစ်လောက်ပါဘူး၊ အချစ်ကော မောင်နဲ့ ဒီညမှာ အတူ နေပါဦးလား'

'တော်ပါပြီ ကိုအယ်ဒီတာကြီးရယ်၊ မနေ့ညကလည်း



www.burmeseclassic.com

www.burmeseclassic.com



မောင်တားထားလို့ ညတစ်နာရီမှ ပြန်ရတယ်၊ ပြီးတော့ ဒီကနေ့ မနက်မှာလည်း အစောကြီးထပြီး သတင်းယူဖို့သွားရလို့ ကြော့ အိပ်ချင်နေပြီ၊ ဒါကြောင့် ဒီညတော့ မောင်နဲ့အတူ မိုးချုပ်အောင် မနေနိုင်ဘူး၊ ပြန်ပါရစေနော်'

ယဉ်ကြော့မေက ငြင်းနေ၍ ဖြိုးဇော်ဦးမှာ လက်ခံလိုက်ရသည်။

'အိုကေ… ကြော့ ပြန်ချင်သပဲဆိုရင် ပြန်ပေါ့၊ မောင့်ကားနဲ့ လိုက်ပို့ပေးရမလားဟင်'

'မပိုပါနဲ့လေ… မောင့်မှာလည်း အလုပ်တွေရှုပ်နေတဲ့ဟာ၊ ကြော့ဘာသာ ကားငှားစီးပြီး ပြန်ပါ့မယ်၊ ဥတ်ဒ်နိုက်'

ယဉ်ကြော့မေက ပြောပြောဆိုဆိုနှင့်ပင် ဖြိုးဇော်ဦးစားရေးနေသော စားပွဲခုံအနီးမှ ပြန်ထွက်သွားခဲ့သည်။

ဖြိုးဇော်ဦးလည်း ဂျာနယ်ကို လာမည့်ရက်များတွင် အမီ ပိတ်နိုင်ရန်အတွက် စာမူများကို စိစစ်ရွေးချယ်နေသည်။

(၁၅)မိနစ်ခန့်အကြာတွင် သူ ကျောခိုင်းထားသော ပြတင်းမှာ ပွင့်သွားခဲ့သည်။

ထိုပြတင်းပေါက်ကို သူ သေသေချာချာ ပိတ်ထားခဲ့သည်။

ယခု ပြတင်းပေါက်တံခါး ပွင့်သွား၍ ပြင်ပမှ လေများ





တိုက်ခတ်ကာ စားပွဲပေါ်ရှိ သူ၏စာမူများမှာ လွင့်စင်ကုန်တော့သည်။

'ဟယ်… ခုက္ခပါပဲ၊ ဒီပြတင်းပေါက်တံခါးကို ငါ သေသေချာချာ ပိတ်ထားတဲ့ဟာ၊ ဘယ်လိုကြောင့် အခုလို ပွင့်သွားရတာလဲ၊ တောက်…'

ဖြိုးဇော်ဦး စိတ်တိုသံနှင့်ပြောရင်း ပွင့်သွားသော ပြတင်းပေါက်ကို သေသေချာချာ ကလန့်ချကာ ပြန်ပိတ်ထားခဲ့သည်။ ပြီးတော့ စောစောက စားပွဲပေါ်မှ လေတိုက်ခဲ့၍ လွင့်ကျနေသော စာရွက်များကို သူက လိုက်လံ၍ ကောက်ယူနေသည်။

စာရွက်များကို ကောက်ယူ၍အပြီးတွင် သူသည် စားပွဲခုံပေါ်သို့ တင်ထားလိုက်သည်။နောက်တော့ မောသွားဟန်နှင့် ဝူးခနဲ သက်ပြင်းကိုချ၍ သူ ကုလားထိုင်ပေါ် ပြန်ထိုင်နေသည်။

'ရှင့်စာရွက်တစ်ရွက် ဒီမှာကျန်နေတယ်လေ'

ရုတ်တရက် သူ၏နောက်ဘက်မှနေ၍ ပြောလိုက်သံကြောင့် ဖြိုးဇော်ဦးမှာ 'ဟိုက်' ခနဲ လန့်ဖျပ်၍ အော်လိုက်မိသည်။ ထိုသို့အော်ပြီး အသံလာရာဘက်သို့ အမြန်လှည့်ကြည့်မိသည်။

သူ၏နောက်ဘက်တွင် မည်သည့်အချိန်က ရောက်နေသည် မသိ၊ လှပ်ဖွာ ချောမောလှပသော မိန်းမပျိုကလေးတစ်ဦးမှာ သူ့ကို ပြုံးချိုသော မျက်နှာတလေးနှင့်ကြည့်ရင်း စာရွက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပေးနေသည်၊

'ဟင်... မင်း... မင်း... ဘယ်အချိန်က ဒီအခန်းထဲကို ရောက်နေတာလဲ၊ အခန်းတံခါးတွေ ပိတ်ထားတဲ့ဟာ'

ဖြိုးဇော်ဦးမှာ အံ့ဩသံနှင့် ပြောရင်း သူ၏အခန်းထဲသို့ ရောက်နေသော မိန်းမချောကလေး၏ ရုပ်သွင်ကို ကြည့်ရှုလေ့လာနေသည်။

အမျိုးသမီးကလေး၏အသက်မှာ ရှိလှလျှင် အရွယ်ခုံး (၂၀)နှစ်ခန့်သာ ရှိပေဦးမည်။ အသားကလေးက ဖြူဝင်းနေပြီး မျက်နှာကတော့ ခပ်ဝိုင်းဝိုင်းပင်။

ဝတ်ထားသော အင်္ကျီကတော့ ရင်ဖုံးအင်္ကျီလက်ရှည်နှင့်ဖြစ်ပြီး ကော်လံတပ်ထားသည်။

အရောင်ကတော့ မိုးပြာရောင်ဖမ်းဆက်ဖြစ်သည်။

ဆံပင်ကိုတော့ ယနေ့ခေတ် နာမည်ကြီးမင်းသမီး ထက်ထက်မိုးဦးလို ကျောနောက်ဘက်တွင် ဖားလျားချထားသည်။

ဖြိုးဇော်ဦးက ထိုအမျိုးသမီး လှမ်းပေးနေသော စာရွက်ကို လှမ်းယူရင်း မေးနေပြန်သည်။

'ဖြေစမ်းပါဦး... မင်းက ဘယ်လိုလုပ်ပြီး ငါ့အခန်းထဲကို ကျူးကျူးကျော်ကျော်နဲ့ ရောက်နေရတာယ်ဆိုတာကို မှန်မှန်ဖြေနော်'





ဖြိုးဇော်ဦး၏အသံမှာ ခြိမ်းခြောက်သံတော့ အနည်းငယ်ပါနေသည်၊ အမျိုးသမီးချောကလေးကမူ အရေးစိုက်ဟန်မရှိဘဲ သူ့ကိုသာ ပြုံးကြည့်နေသည်။

ဖြိုးဇော်ဦး စိတ်တိုသွားတော့သည်။

'ဒီမယ် အမျိုးသမီး... ငါ မေးနေတာကို မင်းက ပြန်မဖြေ ဘဲ ဘာကိစ္စ ပြုံးစိစိလုပ်နေရတာလဲ၊ မင်း မဖြေရင်တော့ ရဲစခန်း ကို ဖုန်းဆက်ပြီး တိုင်ရလိမ့်မယ် သိလား'

မိန်းမပျိုကလေးကတော့ ကြောက်ရွံ့ဟန်မပြဘဲ သူ့ကို ကြည်လင်သောအသံကလေးနှင့် ပြန်ပြောနေသည်။

'ရှင်က ကျွန်မကို ခြောက်လှန့်နေတာလား၊ ကျွန်မကတော့ မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင် တိုင်မယ်ဆိုတော့ ရဲစခန်းကကော ကျွန်မကို ဖမ်းနိုင်လို့လား၊ ခစ်... ခစ်... ခစ်...'

မိန်းမပျိုကလေးက ပြောပြီး စကားအဆုံးတွင် ရယ်နေသည်။

ထိုစကားကြောင့် ဖြိုးဇော်ဦးမှာ ဒေါကန်သွားခဲ့သည်။

'အောင်မာ... စကားပြောပုံက ရုပ်ရည်နဲ့မလိုက်အောင်ကြီးကျယ်လှန်းလှချည်လား၊ မင်းကို ရဲစခန်းက မဖမ်းရဲရအောင်မင်းက ဘာမို့လို့လဲ၊ ဒီမယ် အမျိုးသမီး... မင်းဟာ ဘယ်သူ့သမီး



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် အပြစ်ကျူးလွန်ရင်တော့ ဥပဒေအတိုင်း အရေးယူခံရမှာပဲ၊ မင်းလည်း သိမှာပေါ့၊ တို့နိုင်ငံမှာ ဘယ်သူမှ ဥပဒေအထက်မှာ မရှိရဘူး။ "Nobody is above the Law" တဲ့၊ မင်းသိရဲ့လား'

'သိသားပဲ… ဒါပေမဲ့ ကျွန်မကိုတော့ ရှင့်ရဲတွေက မဖမ်း နိုင်ပါဘူး၊ ဖမ်းလည်း ဖမ်းရဲကြမှာ မဟုတ်ဘူး'

'တယ်… စကားပြောပုံကလည်း ကြာလေကြီးကျယ်လေပါကလား။ မင်းကို မဖမ်းရဲရအောင် မင်းက ဘာမို့လို့လဲ ပြောစမ်းပါဦး'

'အဟီး… ပြောရမယ်ဆိုရင် ကျွန်မက လူမဟုတ်ဘူး၊ တစ္ဆေရှင့်… တစ္ဆေဖြစ်နေလို့ပဲ… ရှင်းပြီလား၊ ခစ်… ခစ်… ခစ်…'

'ဘာ… ဘာပြောတယ်'

ဖြိုးဇော်ဦးက မယုံကြည်သံနှင့် ပြန်မေးနေသည်။

'ဪ… ခက်လိုက်တာ၊ ကျွန်မဟာ လူသားမဟုတ်ဘူး၊ တစ္ဆေရှင့်… တစ္ဆေ… နားရှင်းပြီလား'

'ဗုဒ္ဓေါ… မြတ်စွာဘုရား'

ဖြိုးဇော်ဦး၏ နှုတ်ဖျားမှ ပေါ်ထွက်ခဲ့သော အာမေဋိတ်သံကြီးပင်။

တစ္ဆေမကလေးကတော့ ဆက်၍ပြောနေပြန်သည်။





'ကျွန်မ တစ္ဆေမဖြစ်နေလို့သာ ရှင့်အခန်းထဲကို ဝင်လာနိုင်တာပေါ့၊ ကျွန်မ အခုလာခဲ့တာက ရှင်ပိတ်ထားတဲ့ ပြတင်းပေါက်ကနေဝင်လာတာပဲ'

'ဟော… စွမ်းလှချည်လား၊ အဟဲ… ငါကတော့ မင်းအခုပြောနေတာတွေကို လုံးဝ မယုံကြည်ဘူး'

'ဘာဖြစ်လို့ မယုံရတာလဲ၊ ရှင်းပြစမ်းပါဦး'

'အချက်နှစ်ချက်ရှိတယ်၊ တစ်အချက် မင်းလို လှတကာက ဆေးကြည့်ရအောင် လှတဲ့သူကလေးဟာ တစ္ဆေဆိုတာ မဖြစ်နိုင်ဘူး၊ နှစ်အချက်ကတော့ ငါ ပိတ်ထားတဲ့ ပြတင်းပေါက်ကဝင်နိုင်တယ်ဆိုတာကတော့ ဖောက်ထွင်းဝိဇ္ဇာပဲ ပိတ်ထားတဲ့ ပြတင်းပေါက်တွေကို အလွယ်တကူ ဖွင့်ဝင်နိုင်တဲ့ဟာ၊ ဒီတော့ ငါ့ကိုလာပြီး တည်တည်ကြီးနဲ့ ဖြီးမနေနဲ့၊ ငါကတော့ တစ္ဆေသရဲရှိတယ်ဆိုတာကို လုံးဝ ယုံကြည်တဲ့သူ မဟုတ်ဘူး၊ ဒါကြောင့်လည်း လွန်ခဲ့တဲ့အပတ်တုန်းက ငါ့ဂျာနယ်မှာ တစ္ဆေသရဲမရှိဘူးဆိုတဲ့ ဆောင်းပါးကို ရေးခဲ့တာပေါ့ကွာ၊ ဟဲ… ဟဲ'

'မှန်တယ်… ရှင်ရေးခဲ့တဲ့ ဆောင်းပါးကို ကျွန်မ ဖတ်ခဲ့ရလို့ အခုလို ရှင့်ဆီကိုလာခဲ့တာပဲ'

'ဪ… မင်းက ငါ့ဆောင်းပါးကို ဖတ်ပြီးပြီကိုး၊ အခု ငါ့ဆီကို မင်းရောက်လာတာက တစ္ဆေသရဲမရှိဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



ငါ့အယူအဆကို မင်းက ငြင်းချက်ထုတ်ချင်လို့ ရောက်လာတာလား'

'ငြင်းချက်ထုတ်နေစရာ မလိုပါဘူး။ ကျွန်မကိုယ်တိုင်က တစ္ဆေမဖြစ်နေလို့ ရှင့်ကို လက်တွေ့ပြဖို့ ရောက်လာခဲ့တာပါ၊ ဒီမယ်… ကျွန်မ တစ္ဆေဆိုတာ ရှင်မယုံရင် ယုံအောင်ပြမယ်၊ ဒီမယ် ကြည့်စမ်း'

တစ္ဆေမကလေးမှာ ပြောပြောဆိုဆိုနှင့်ပင် ဖြိုးဇော်ဦးရှေ့မှ ပျောက်ကွယ်သွားခဲ့သည်။

ဤတွင် တစ္ဆေသရဲရှိသည်ဆိုခြင်းကို တစိုက်မတ်မတ်ယုံကြည်မှုမရှိသော ဖြိုးဇော်ဦးမှာ လောလောလတ်လတ် တစ္ဆေကို မြင်တွေ့လိုက်ရလျှင် -

'ဟဲ့…                ဟူ၍ အထိတ်တလန့်နှင့် ရေရွတ်လိုက်မိသည်။

သူ၏ခေါင်းမှာလည်း မူရင်းထက် သုံးဆခန့်ကြီးသွားသည်ဟု ထင်မှတ်မိသလို သူတစ်ကိုယ်လုံးမှာလည်း ကျင်စက်နှင့် အတို့ခံရသလို တုန်လှုပ်နေတော့သည်။

'ဘုရား… ဘုရား… မြတ်စွာဘုရား ကယ်တော်မူပါ'

ခလုတ်ထိမှ အမိတဟူသော စကားအတိုင်း ဖြိုးဇော်ဦးမှာလည်း တစ္ဆေကိုတွေ့ရမှ ဘုရားမှန်း တရားမှန်းသိကာ အသံကြီး





တကြီးနှင့် ဘုရားကို တမ်းတနေမိတော့သည်။

'တစ္ဆေရှိတယ်ဆိုတာ ရှင်ယုံပြီလား'

တစ္ဆေမထံမှ မေးသံ ပေါ်လာနေသည်။

အသံကသာ ပေါ်နေသည်။ ကိုယ်ခန္ဓာကတော့ ပျောက်မြဲ ပျောက်နေသည်။

'ယုံပါပြီဗျာ… ယုံပါပြီ၊ ကျွန်… ကျွန်တော့်ဆီကို ဘာအကြောင်းနဲ့ ရောက်လာတာလဲ၊ အန္တရာယ်ပြုချင်လို့တော့ မဟုတ်ပါဘူးနော်'

ဖြိုးဇော်ဦးက တုန်တုန်ယင်ယင်အသံနှင့် ပြန်မေးနေသည်။

မေးနေရင်းမှ တစ္ဆေမနှင့်လွတ်ရာ အခန်းတွင်းမှ ထွက်ပြေးလိုစိတ်လည်း ပေါက်နေတော့သည်။

'လုံးဝမဟုတ်ပါဘူး၊ သိပ်လည်း ကြောက်မနေပါနဲ့လေ၊ စာနယ်ဇင်းအယ်ဒီတာဆိုတာ သူရဲသတ္တိတော့ ရှိဦးမှပေါ့၊ မဟုတ်ဘူးလား၊ ဟား… ဟား… ဟား… ဟား…'

တစ္ဆေမကပြောပြီး ရယ်နေသည်။

သူမ၏ ရယ်သံကြီးမှာ ဟိန်းသံကြီးပါနေ၍ ဖြိုးဇော်ဦးအဖို့ အကြောက်တရားများနှင့် တစ်ကိုယ်လုံး ဖုံးလွှမ်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေမကလည်း အသံကိုသာ ပေးနေသည်။ ကိုယ်ထင်တော့ စောစောကလို မပြသေး။

'ခင်ဗျားက မကြောက်ပါနဲ့ဆိုပေမယ့် ကျွန်တော်ကတော့ တစ္ဆေနဲ့ အခုမှ နဖူးတွေ့ ဒူးတွေ့ တွေ့နေရတော့ ကြောက်တာပဲ၊ ဒီတော့ ကျွန်တော့်အခန်းကနေ မြန်မြန်ကြွတော်မူပါ၊ ခင်ဗျား မသွားရင် ကျွန်တော် သွားရပါလိမ့်မယ်'

ဖြီးဖော်ဦး ပြောရင်း သူ၏အခန်းတွင်းမှ အမြန်လစ်ပြေးသွားတော့သည်။

'ဟော့… နေဦးလေ… ဘယ်သွားမလို့လဲ'

တစ္ဆေမက နောက်မှ သူ့အား လှမ်းခေါ်နေသည်။

သူကတော့ လှည့်၍ပင်မကြည့်တော့ဘဲ အခန်းတွင်းမှ ထွက်ပြေးခဲ့သည်။

သူ၏အခန်း၌ ထွန်းထားခဲ့သောမီးကိုပင် သူမှာ မပိတ်နိုင်ခဲ့။

သူ၏တစ်ကိုယ်လုံးမှာလည်း ကြောက်စိတ်ကြောင့် ချွေးများနှင့် စိုရွှဲကာနေတော့သည်။

သူ၏ဂျာနယ်တိုက်မှာ ခြောက်ထပ်အဆောက်အအုံရှိ တိုက်ကြီး၏ ပထမထပ်၌ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ သို့ဖြစ်၍ သူသည် လှေကားအတိုင်း အမြန်ပြေးဆင်းလာခဲ့သည်။





ထို့နောက် တိုက်ရှေ့၌ အသင့်ရပ်ထားသော သူ၏ကား ရှိရာသို့ အမြန်ပြေးသွားခဲ့သည်။

သော့ခတ်ထားသော သူ၏ကားတံခါးကို ဖွင့်ရာ၌လည်း သူ့လက်တွေ တုန်ယင်နေ၍ တော်တော်နှင့် ဖွင့်မရဖြစ်နေသည်။

နှစ်မိနစ်ခန့်ကြာအောင်ဖွင့်မှ သူ့ကားတံခါးကို ဖွင့်၍ရသည်။

ကားတံခါးပွင့်လျှင်ပွင့်ချင်း သူသည် ကားပေါ်သို့ အမြန်ဝင်ထိုင်သည်။

ပြီးတော့ ကားစက်ကိုနှိုးကာ တစ္ဆေမနှင့် ဝေးရာသို့ သူ၏ကားကို အမြန်မောင်းထွက်လာခဲ့သည်။

သူ့စိတ်ထဲတွင်တော့ တစ္ဆေမနှင့် ဝေးသွားပြီဟူ၍ ထင်နေသည်။

သူ့စိတ်တွေလည်း စောစောကလို မဟုတ်တော့ဘဲ ကြောက်စိတ်တွေပြေကာ ပေါ့ပါးလန်းဆန်းသွားခဲ့သည်။

သို့သော်… သို့သော်…

၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com

# သုံး

## မပိတ်ခေါ်သောဒြေ့်သည်

ဖြိုးခေ်ဦးမှာ တခွေ့မလက်မှ လွတ်လာပြီအထင်နှင့် သူ၏ ဆလွန်းကားကလေးကို မောင်းနေရင်း ပျော်ရွှင်နေမိသည်။

ထိုအခိုက်မှာပင် သူ့နောက်ဘက်ရှိ ထိုင်ခုံမှ အသံတစ်သံ ပေါ်ထွက်လာခဲ့သည်။

'ရှင် အခု ဘယ်ကိုသွားမလို့လဲ'

ထိုမေးသံကြောင့် ဖြိုးခေ်ဦးမှာ လန့်ဖျပ်ကာ နောက်သို့ လှည့်၍ ကြည့်မိသည်။

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်··· ပလုတ်တုတ်ဘုတ်'

ဖြိုးဇော်ဦးမှာ အထိတ်တလန့်သံနှင့် ရေရွတ်လိုက်မိသည်။ အခြားကြောင့်တော့ မဟုတ်ပေ။

သူ အလွန်ထိတ်လန့် ကြောက်ရွံ့နေသော တစ္ဆေမဖြစ်နေ၍ပင်။

တစ္ဆေမမှာ သူ၏နောက်ဘက်ရှိ ဆိုဖာထိုင်ခုံပေါ်တွင် အတျထိုင်၍ လိုက်ပါလာသည်ကို မြင်ရသောကြောင့်ဖြစ်သည်။

'ဟာ··· တစ္ဆေမကြီး'

ဖြိုးဇော်ဦးက ထိတ်လန့်သံကြီးနှင့် ပြောလိုက်သည်။

'အို··· ကျွန်မကို တစ္ဆေမကြီးလို့ ရင့်ရင့်သီးသီးနဲ့ မခေါ်ပါနဲ့လေ၊ ကျွန်မမှာ နာမည်ရှိပါတယ်'

တစ္ဆေမက သဘောမကျသံနှင့် ပြန်ပြောနေသည်။

'ဗျာ··· ခင်ဗျားမှာ နာမည်ရှိတယ် ဟုတ်လား၊ ဒါပေမဲ့ ကျွန်တော်မှ ခင်ဗျားနာမည် မသိတဲ့ဟာ'

'ကောင်းပြီ··· ရှင်မသိရင် သိအောင်ပြောပြမယ်၊ မှတ်ထားနော်၊ ကျွန်မနာမည်က ခင်နှန်းသူဇာတဲ့'

'အဲဗျ··· တစ္ဆေမနာမည်ကလည်း ကဗျာဆန်လိုက်တာနော်'

'ကဗျာဆန်ဆို ကျွန်မ မိဘတွေက မြန်မာ့ဟန်နဲ့ ပန်တျာ





သံပါအောင် ပေးထားတာမို့ ဒါကို အလေးထားပြီး ကျွန်မကို လေးလေးစားစားနဲ့ ခေါ်ရမယ်၊ တစ္ဆေမလို့ မခေါ်နဲ့တော့၊ ဟုတ်ပြီလား'

'ကောင်းပါပြီဗျာ··· ခင်ဗျားခေတ္တယူသလို ခေါ်ပါ့မယ်၊ ဒါထက် ကျွန်တော့်ကားပေါ်ကို ခင်ဗျား လိုက်လာတာက ဘာသဘောလဲ၊ ကျွန်တော့်ကို ဒုက္ခပေးမလို့လားဗျ'

ဖြိုးဇော်ဦးက စိုးရိမ်ကြောက်ရွံ့သံနှင့် တစ္ဆေမကလေးကို မေးနေသည်။

'စိတ်ချ··· ရှင့်ကို ဒုက္ခလည်းမပေးဘူး၊ အန္တရာယ်လည်းမပေးဘူး'

တစ္ဆေမကလေး ခင်နှန်းသူဇာက ပြန်ပြောသည်။

'ဒါဆိုရင်လည်း ကျွန်တော့်ကားပေါ်က မြန်မြန်ဆင်းဗျာ၊ ခင်ဗျားရှိနေရင် ကားမောင်းရတာ စိတ်မဖြောင့်ဘူး၊ ကားကို ကျွန်တော် ရပ်ပေးမယ်နော်'

'ဒီ··· ဒီ··· ရှင့်နှယ်နော်၊ ကျွန်မလို နာနာဘာဝ တစ်ယောက်အဖို့ ကားပေါ်ကဆင်းချင်ရင် အချိန်မရွေးဆင်းနိုင်သလို တက်ချင်ရင်လည်း အချိန်မရွေးတက်နိုင်တဲ့ အစွမ်းရှိပါတယ်၊ ရှင့်ကားကို ရပ်ပေးစရာ မဟုတ်ပါဘူး'

'ကောင်းပြီ··· ဒါဆိုရင်လည်း ကားပေါ်က မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းဗျာ၊ ကျွန်တော် အရမ်းကို ကြောက်နေလို့ပါ'

'အို... ရှင်ကလည်း ယောကျ်ားမဟုတ်သလိုဘဲ၊ တစ္ဆေသရဲဆိုတာ ကြောက်စရာလားရှင့်၊ သတ္တိစိတ်ကလေး မွေးစမ်းပါလေ'

'အဟဲ... လူလူချင်းဆိုရင်တော့ ကျွန်တော် မကြောက်ပါဘူး၊ ခင်ဗျားကတော့ တစ္ဆေဖြစ်နေတော့ ကြောက်တာပေါ့ဗျာ၊ မတော် ကျွန်တော့်ရှေ့ကနေ ကားမောင်းနေတုန်းမှာ ခင်ဗျားက ကျွန်တော့်ရဲ့ ကုတ်ကို ချိုးပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ'

ဖြိုးဇော်ဦး စကားအဆုံးတွင် တစ္ဆေမကလေး ခင်နန်းသူဇာက-

ဟက်ဟက်ပက်ပက်ကြီး ရယ်နေတော့သည်။

ရယ်၍အားရမှ သူမက ဖြိုးဇော်ဦးကို ပြောနေတော့သည်။

'ရှင်ဟာ တော်တော်ရယ်စရာပြောတတ်တဲ့လူပဲ၊ ဘယ်တစ္ဆေသရဲတွေက ကုတ်ချိုးပြီး သတ်ခဲ့တာ ရှင် ဘယ်မှာ တွေ့ဖူးလို့လဲ၊ ရှင် အခုအထင်မှားနေတာက ပုံပြင်၊ ရုပ်ရှင်ကားတွေနဲ့ ကောလာဟလ သတင်းစကားတွေကြောင့် အခုလို တစ္ဆေသရဲနဲ့ တွေ့ရင် ကုပ်ချိုးခံရမယ်လို့ ထင်နေကြတာပါ'

'နို့... မဟုတ်ဘူးလားဗျ'





'လုံးဝ... လုံးဝ... မဟုတ်ဘူး၊ ဒါတွေဟာ အထင်နဲ့ ရမ်းပြီးထုတ်ထားကြတာတွေပါ၊ ဘယ်တစ္ဆေသရဲကမှ လူသားတို့ရဲ့ကုပ်ကို မချိုးကြပါဘူး၊ ချိုးလည်း မချိုးနိုင်ကြဘူးရှင့်'

'ဘယ်လိုကြောင့်လဲဗျ'

ဖြိုးဇော်ဦးက မယုံကြည်သံနှင့် ပြန်မေးနေသည်။

'တခြားကြောင့်တော့ မဟုတ်ဘူး၊ ကျွန်မတို့ နာမဘာဝတွေမှာ နာမ်သာရှိကြပြီး ရုပ်မှမရှိတဲ့ဟာ ဘယ်လိုလုပ်ပြီး ရုပ်ရော နာမ်ပါရှိနေကြတဲ့လူတွေ ကုတ်ချိုးနိုင်မှာလဲ'

'အင်း... ခင်ဗျားကသာ လူတွေကို တစ္ဆေသရဲတွေက ကုပ်ချိုးမသတ်နိုင်ပါဘူးလို့ ပြောနေတာ၊ လူတွေကတော့ ကုပ်ချိုးအသတ်ခံကြရတယ်လို့ချည့် ပြောနေကြတော့ ခင်ဗျား ပြောတာနဲ့ ဝိရောဓိဖြစ်မနေပေဘူးလား'

'အဲဒါတွေက စကားကိုကားပြီး ပြောနေကြတာပါရှင်'

'ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ခင်ဗျားတို့တစ္ဆေသရဲတွေက လူတွေကို ဘာအန္တရာယ်မှ မပြုနိုင်ဘူးပေါ့၊ ဟုတ်လား'

'အာ... အာ... အဲဒီလိုတော့ မဟုတ်ဘူးရှင့်၊ လူဆိုးသူဆိုးတွေနဲ့ လူတစ်ဖက်သားကို အနိုင်ကျင့် ဗိုလ်ကျချင်တဲ့သူတွေကိုတော့ ခြောက်လှန့်ခြင်းတော့ လုပ်ကြပါတယ်လေ၊ ဒါကြောင့်လည်း ကျွန်မတို့ကို နာမဘာဝ၊ ဝိနာဘာဝလို့ ခေါ်ကြတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ နာနုဘာဝနဲ့ ဝိနာဘာဝဆိုတာ ပါဠိဘာသာစကားပါ။ နာနု ဘာဝဆိုတာ သေကွဲကွဲခြင်းဖြစ်ပြီး ဝိနာဘာဝဆိုတာကတော့ ရှင်ကွဲကွဲခြင်းပဲ၊ တစ်ခါ နာနုဘာဝမှာ တစ္ဆေ၊ သရဲ၊ ဘီလူး၊ ဥစ္စာစောင့် စသဖြင့် ရှိကြပါတယ်။ တချို့က နာနုချစ်ကို ဖန်ဆင်း နိုင်ကြသလို တချို့ကျတော့ မဖန်ဆင်းနိုင်ဘူး၊ အဲဒီ နာနုချစ်ဆို တာလည်း ပါဠိစကားပါပဲ၊ မြန်မာလိုရှင်းပြရရင် နာနုဆိုတာက အထူးထူးသော ရုပ်ညီမျှခြင်း၊ ရူပဆိုတာက ရုပ်သဏ္ဍာန်၊ ဒီတော့ နာနုချစ်ဆိုတဲ့ အဓိပ္ပာယ်က အထူးထူးသော ရုပ်ဆင်းသဏ္ဍာန် ဖန်ဆင်းနိုင်ကြတယ်လို့ ဆိုလိုတာပဲ၊ အဲဒီလို ဖန်ဆင်းနိုင်ကြ သူတွေကတော့ ဥစ္စာစောင့်တွေနဲ့ ဘီလူးတွေပဲ၊ အဲ… ကျွန်မတို့လို တစ္ဆေသရဲတွေကျတော့ ရုပ်သဏ္ဍာန်ကို ဖန်ဆင်းနိုင်ကြတဲ့သူတွေ ရှိသလို မဖန်ဆင်းနိုင်ကြတဲ့ တစ္ဆေသရဲတွေလည်း ရှိနေကြတယ်”

“ဒါဆို ခင်ဗျားကတော့ ဖန်ဆင်းနိုင်တဲ့အထဲမှာ ပါနေ တာပေါ့နော်”

“မှန်တာပေါ့ရှင်၊ ဒါကြောင့်လည်း ရှင် အလုံပိတ်ထားတဲ့ အိမ်ခန်းမှာရော၊ ဒီကားမှာပါ ဝင်နိုင်ထွက်နိုင်ပြီး လူသား မိန်းမ ရုပ်သွင်ကိုပါ ဖန်ဆင်းထားနိုင်တာပေါ့”

“ဒါကတော့ ဟုတ်ပါပြီ၊ ခင်ဗျားဟာ တခြားတစ္ဆေသရဲ တွေလို ထန်းပင်လောက်မြင့်တဲ့ အသွင်သဏ္ဍာန်တို့၊ လေကြီး





မိုးကြီးကျစေတဲ့ အတတ်တို့ကော လုပ်နိုင်သလားဗျ၊ အဟဲ”

ဖြိုးဇော်ဦးက နောက်သလို ပြောင်သလိုလိုနှင့် မေးနေ သည်။

“လုပ်နိုင်တာပေါ့၊ အခု ရှင်မောင်းနေတဲ့ကားကို ပေတစ် ရာလောက် မြင့်တက်သွားပြီး ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်ရ မလား”

“ဟိုက်… ဗုဒ္ဓေါ… မ… မ… မလုပ်လိုက်ပါနဲ့ဗျာ၊ ကျွန်တော် ပွဲချင်းပြီးကြွေနေပါဦးမယ်၊ ကျွန်တော့်အသက် ငယ်ငယ် ကလေး ရှိပါသေးတယ်၊ မသေချင်သေးပါဘူး၊ ချမ်းသာပေးပါ ဗျာ… အဟဲ…”

ဖြိုးဇော်ဦးက တောင်းပန်သံနှင့် တစ္ဆေမကလေး ခင်နုနုံး သူ့ကို ပြောနေသည်။

“သြော်… ခက်လိုက်တာ၊ ကျွန်မက တကယ်လုပ်မှာ မှ မဟုတ်ဘဲ၊ ရှင့်ကို စကားအဖြစ်နဲ့ပြောပြနေတာပါ၊ စိတ်ချလက် ချသာ ကားကို မောင်းနေပါ၊ ရှင့်ကို ဘာအန္တရာယ်မှ မပေးပါ ဘူး”

ထိုစကားကို ကြားရမှ ဖြိုးဇော်ဦး စိတ်အေးသွားရသည်။

“အင်း… ခင်ဗျားစကားကြောင့် စိတ်အေးသွားပေမယ့် ရာနှုန်းပြည့်တော့ စိတ်မအေးနိုင်သေးဘူး၊ ခင်ဗျား ကားပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားမှပဲ စိတ်ချလက်ချ ကားကို မောင်းနိုင်မှာဗျ'

'ဘာလဲ… ရှင်က ကျွန်မကို နှင်နေတာလား'

'နှင်နေတာ မဟုတ်ပါဘူး၊ ခင်ဗျားရှိနေရင် ကားမောင်းရတာ စိတ်မဖြောင့်နိုင်လို့ပါ'

'စိတ်ကို ဖြောင့်ဖြောင့်ထားပြီးသာ မောင်းပါ၊ ရှင့်ကို ဘာအန္တရာယ်မှမပေးဘူးလို့ ကျွန်မ အာမခံချက်ပေးပြီးပြီပဲ၊ ကျွန်မကတော့ ကားပေါ်က မဆင်းနိုင်သေးဘူး'

'ဘာကြောင့် မဆင်းနိုင်တာလဲဗျာ'

'အကြောင်းနှစ်ခုကြောင့်ပါ၊ တစ်ခုက ရှင် တစ္ဆေသရဲတွေရှိတယ်ဆိုတာကို လုံးဝမယုံကြည်ဘဲ ဆောင်းပါးကိုရေးခဲ့လို့ တစ္ဆေသရဲ တကယ်ရှိတာကို ကိုယ်တွေ့ မျက်မြင်သိသွားအောင်ရယ်၊ နောက်တစ်ခုကတော့ ရှင့်ရဲ့ အကူအညီကို ရချင်လို့ပဲ'

'ဗျာ… ခင်ဗျားလို တစ္ဆေမက…'

'ဟော… ခေါ်ပြန်ပြီ၊ ကျွန်မကို တစ္ဆေမလို့ မခေါ်ပါနဲ့၊ နာမည်ကိုခေါ်ပါလို့ ပြောထားတယ် မဟုတ်လား'

တစ္ဆေမကလေး ခင်နှန်းသူဇာက မကြိုက်နှစ်သက်သံနှင့် ဖြူးဖော်ဦးကို ဖြတ်၍ပြောသည်။

'အဲ… အဲ… ဆောရီးဗျာ… ကျွန်တော် မေ့သွားလို့ပါ ခင်နှန်းသူဇာရယ်၊ အဟဲ…'





'ဒီလိုမှပေါ့ရှင်၊ ကဲ… ကဲ… ရှင် ဘာမေးမလို့လဲ၊ မေးလေ'

တစ္ဆေမကလေး ခင်နှန်းသူဇာက ကျေနပ်သံနှင့် ပြန်ပြောနေသည်။

'ကျွန်တော့်အကူအညီကို ယူချင်တယ်ဆိုတဲ့ ကိစ္စပါဗျာ'

'ဟုတ်တယ်၊ ရှင့်ဆီကို ကျွန်မ လာခဲ့ရတဲ့အကြောင်းရင်းက ရှင့်အကူအညီကို လိုချင်လို့ပဲ'

'နေစမ်းပါဦး… ကျွန်တော်လို သာမန်လူသားတစ်ဦးက ခင်ဗျားလို မျိုးမတူခြားတော့တဲ့သူတွေကို ဘယ်လိုအကူအညီမျိုး ပေးနိုင်မှာလဲဗျာ၊ အဲ… အဲ… တစ်ခုတော့ ရှိတာပေါ့၊ ခင်ဗျား အခု ခံစားနေရတဲ့ တစ္ဆေဘဝက လုံးဝကျွတ်သွားပြီး ကောင်းရာမွန်ရာကိုရောက်အောင် စေတီပုထိုးတွေမှာနဲ့ သံဃာတော်တွေကို အလှူဒါနပြုဖို့ဆိုရင်တော့ ဖြစ်တယ်ဗျ'

'အဲဒါတွေ မလိုတော့ဘူးရှင့်၊ ကျွန်မလည်း လက်ရှိ တစ္ဆေဘဝက ကျွတ်တော့မယ်ဟာ'

'ဟင်… ဒါဆိုရင်'

'ဟဲ… ဟဲ… ပြောရမယ်ဆိုရင် အရှည်ကြီးပဲ၊ ဒါပေမဲ့ ဒီညမှာတော့ ပြောလို့ မဖြစ်သေးဘူး၊ ရှင့်အလုပ်တိုက်ကို မနက်ဖြန်ညမှာ ကျွန်မ လာခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဗျ… ခင်ဗျားက ကျွန်တော့်ဆီ လာဦးမယ်လား'

ဖြိုးဇော်ဦးက မလိုလားဟန်နှင့် မေးနေသည်။

'လာမယ်လေ… ရှင့်ဆီက အကူအညီလိုချင်လို့ပါဆို။ ဘာလဲ… ရှင်က ကျွန်မလာမှာကို မကြိုက်လို့လား'

အမှန်တော့ ဖြိုးဇော်ဦးမှာ တစ္ဆေမ သူ့ထံသို့ လာဦးမည်ကို လုံးဝ မကြိုက်ပါ။

မကြိုက်သော်လည်း မလာပါနဲ့ဗျာဟူ၍ ခါးခါးသီးသီး ကြီးတော့ မငြင်းဝံ့ပေ။

'မ… မကြိုက်လို့တော့ မဟုတ်ပါဘူးဗျာ၊ ခင်ဗျား မြင်တဲ့အတိုင်းပဲ၊ ကျွန်တော်က ဂျာနယ်အယ်ဒီတာဆိုတော့ အလုပ်တွေက အရမ်းများနေလို့ပါ'

'ရှင်အလုပ်များမှန်းတော့ သိပါတယ်၊ ဒါပေမဲ့ ရှင် ကူညီမှဖြစ်မယ့် ကိစ္စမို့ပါ၊ ကျွန်မမှာ ရှင်တို့ လူ့အသိုင်းအဝန်းထဲမှာ နေဖို့အချိန်က သိပ်ရတာမဟုတ်ဘူးရှင့်'

'ဟင်… ဘယ်လိုကြောင့်လဲဗျ'

'ကျွန်မဟာ အတိတ်ဘဝတုန်းက ပြုခဲ့ဖူးတဲ့ ကုသိုလ်တွေကြောင့် အခုဘဝက ချုပ်ငြိမ်းပြီး လူ့ဘဝကို သွားရတော့မယ်လေ၊ ဒါကြောင့် ကျွန်မဟာ ရထားတဲ့ရက်ကလေးတွေမှာ ကျွန်မအတွက် အကူအညီပေးနိုင်မယ့်သူကို ရှာနေတာ၊ ဆယ်ရက်





လောက်တောင် ရှိသွားပြီ၊ ဒီညကျမှပဲ ရှင့်ကို ရှာတွေ့ခဲ့ရတယ်'

'ဒါဆို လွန်ခဲ့တဲ့ ရက်တွေတုန်းက ညဘက်မှာ တစ္ဆေမ တွေ့ခဲ့တယ်လို့ ကားသမားလောကမှာ ဟိုးလေးတကျော်ကျော် ဖြစ်နေခဲ့တာ၊ ခင်ဗျားနဲ့တွေ့လို့ပေါ့နော်'

'ဟုတ်တယ်… အဲဒါ ကျွန်မပဲ၊ ရှင်က မယုံလို့ ဆောင်းပါးတောင် ရေးခဲ့သေးတယ် မဟုတ်လား၊ အခုတော့ တစ္ဆေရှိတယ်ဆိုတာ ယုံပြီမဟုတ်လား'

'မယုံလို့ဖြစ်မလားဗျ၊ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့နေရတဲ့ဟာ၊ ဒါထက် မေးရဦးမယ်၊ အဲဒီတုန်းက ခင်ဗျားက ဘာဖြစ်လို့ ကားသမားတွေကို ခြောက်လှန့်နေရတာလဲဗျ'

'ကျွန်မက ခြောက်လှန့်တာ မဟုတ်ပါဘူး၊ သူတို့ဘာသာသူတို့ ကျွန်မကို တစ္ဆေမှန်းသိသွားလို့ ကြောက်လန့်ပြီး ထွက်ပြေးသွားခဲ့ကြတာပါ၊ အဲဒီတုန်းက သူတို့ကားသမားတွေဆီကများ အကူအညီရမလားလို့ အထင်နဲ့ သွားတွေ့ခဲ့တာပါ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းကမှ ရှင်ရေးခဲ့တဲ့ တစ္ဆေသရဲရှိတာ မယုံကြဖို့ ရေးခဲ့တဲ့ ဆောင်းပါးကိုဖတ်ရမှ ရှင့်ကို အကူအညီယူပြီး ကျွန်မ တွေ့ချင်တဲ့လူကိုရှာဖို့ စိတ်ကူးရခဲ့တာရှင့်'

'နေစမ်းပါဦး… ခင်ဗျားတို့တစ္ဆေတွေက စာတွေဘာတွေ ဖတ်သလားဗျ'



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဇော်ဦးက အံ့သြသံနှင့် မေးနေသည်။

'ဟဲ... ဟဲ... ကျွန်မတို့ နာနာဘာဝ၊ စိန္တာဘာဝတွေ အဖို့ ရှင်တို့လူသားတွေလို စာကို အစအဆုံး ဖတ်နေစရာ မလိုပါဘူး။ ကျွန်မတို့မှာ ရထားတဲ့ အစွမ်းနဲ့ ရှင်တို့ထုတ်ပြတဲ့ စာနယ်ဇင်းတွေကို လှမ်းကြည့်ရုံနဲ့ အထဲမှာ ဘာတွေရေးထားတယ်ဆိုတာ သိနိုင်တယ်၊ ဒီအစွမ်းနဲ့ပဲ ရှင့်ဆောင်းပါးထဲမှာ ဘာတွေရေးထားတယ်ဆိုတာကို သိရတာပေါ့'

'ခင်ဗျားတို့မှာ ဒီလိုဖတ်နိုင်တဲ့ တန်ခိုးရှိကြတယ်ပေါ့'

'အို... အို... အဲဒါ တန်ခိုးမဟုတ်ဘူး၊ အောက်လမ်းပညာလို့ ခေါ်တယ်။ တန်ခိုးဆိုတာမျိုးဟာ နတ်သိကြားတွေမှာသာ ရှိကြတာပါ၊ ကျွန်မတို့ရဲ့ အောက်လမ်းပညာဆိုတာက ယုတ်နိမ့်တဲ့ အစီအရင်တွေနဲ့ အမျိုးမျိုးဖြစ်အောင် ဖန်တီးထားတဲ့ အောက်လမ်းပညာတစ်မျိုးပါ'

တစ္ဆေမကလေး ခင်နန်းသူစာက ဖြိုးဇော်ဦးကို ရှင်းပြနေသည်။

'ခင်ဗျားပြောပြလို့ ရှင်းတော့ ရှင်းပါပြီ၊ ဒါပေမဲ့ ကျွန်တော့်ကို ကူညီနိုင်းဖို့ဆိုတာက ဘာလဲ၊ တကယ်ရော ကျွန်တော်က ကူညီနိုင်ပါ့မလား'

' ကူညီနိုင်လို့သာ ကျွန်မက ရှင့်ဆီကို တကူးတက





ရောက်လာတာပေါ့'

တစ္ဆေမကလေး ခင်နန်းသူစာက ဖွတ်ပင်ပြောနေ၍ ဖြိုးဇော်ဦးမှာ အလျှော့ပေးလိုက်ရသည်။

'ကောင်းပြီလေ... ခင်ဗျားက အထင်ကြီးတစ်ခွဲသားနဲ့ ကျွန်တော့်ကို အကူအညီတောင်းနေတော့လည်း ကူညီရတာပေါ့ဗျာ၊ အဲ... ဒါပေမဲ့ ခင်ဗျားထင်သလို မကူညီနိုင်ရင်တော့ ကျွန်တော့်ကို အပြစ်မတင်နဲ့နော်'

'မတင်ပါဘူးရှင်၊ အခုလို ရှင့်ဆီက ကူညီမယ်ဆိုတာ ကြားရလို့ ကျွန်မ ဝမ်းသာပါတယ်၊ တကယ်လည်း ကူညီနိုင်မှာပါ'

သူတို့ ပြောဆိုနေကြခိုက် ဖြိုးဇော်ဦး မောင်းလာသော ကားမှာ တရုတ်တန်းဘက်သို့ ရောက်လာခဲ့သည်။

'ဒီမယ်... ကျွန်တော် ညစာစားမယ့် တရုတ်တန်းက ဆိုင်တော့ရောက်တော့မယ်၊ ခင်ဗျားကော စားမှာလား'

ဖြိုးဇော်ဦးက သိလိုဟန်နှင့် တစ္ဆေမကလေးကို မေးနေသည်။

'အိုရှင်... ကျွန်မတို့ တစ္ဆေတွေမှာ နာမ်ပဲရှိကြပါတယ်၊ ရုပ်မှမရှိတာ၊ ဘယ်လိုလုပ်ပြီး ရှင်တို့လူတွေလို စားသောက်နိုင်မှာလဲ၊ ဒီတော့ ရှင့်ဘာသာ သွားစားပါ၊ ကျွန်မကတော့ ရှင့်ကား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပဲ နေပါ့မယ်'

'ခင်ဗျားတစ်ယောက်တည်းနေခဲ့ရင် အခုလို လူသားအမျိုးသမီး ခင်နန်းသူဇာအဖြစ်နဲ့ နေနေခဲ့ဗျူ မတော် လမ်းသရဲတွေနဲ့ တွေ့သွားရင် ခင်ဗျားကို အနှောင့်အယှက်ပေးနေလိမ့်မယ်'

ဖြိုးဇော်ဦးက စိတ်မချသံနှင့် ပြောနေသည်။

တစ္ဆေမကလေးခင်နန်းသူဇာကတော့ တခစ်ခစ်နှင့် ရယ်မောနေရာမှ ပြန်ပြောသည်။

'ခစ်... ခစ်... ခစ်... ရှင်ဟာလေ၊ ရယ်စရာတော့ အတော်ပြောတတ်တာပဲ'

'ဟောဗျ... ကျွန်တော်ပြောတဲ့စကားတွေထဲမှာ ဘယ်မှာရယ်စရာပါလို့လဲဗျ'

'ရှင်က မပါဘူးထင်ပေမယ့် ကျွန်မအဖို့တော့ အလွန်ရယ်ရတဲ့ ပြက်လုံးကို ကြားလိုက်ရသလိုပဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်မလို တစ္ဆေမတစ်ဦးကို ဘယ်လမ်းသရဲက လာပြီးနှောင့်ယှက်ရဲမှာလဲ၊ ဒီလိုနှောင့်ယှက်ရင် သူတို့ ဒုက္ခရောက်သွားမှာပေါ့၊ ဒါကို ရှင်က စိုးရိမ်ပြီးပြောနေတော့ ရယ်စရာပြက်လုံးဖြစ်သွားတာပေါ့ ရှင်၊ ခစ်... ခစ်... ခစ်'

'ဟာ... ဟုတ်သားပဲ၊ ကျွန်တော် သတိလစ်ပြီး ပြောလိုက်မိတယ်ဗျာ၊ ဟား... ဟား... ဟား... ဟား'





ဖြိုးဇော်ဦးကလည်း ပြန်ပြောပြီး ရယ်နေသည်။

'ကဲ... ကျွန်တော်စားမယ့်ဆိုင်တော့ ရောက်ပြီ၊ ကားပေါ်မှာ တကယ်ပဲနေခဲ့မှာလား'

'နေခဲ့ပါ့မယ်၊ ရှင့်ဘာသာပဲ သွားစားပါလေ'

တစ္ဆေမကလေး ခင်နန်းသူဇာက ပြောလျှင် ဖြိုးဇော်ဦးမှာ သူ၏ကားကို ဆိုင်ရှေ့တွင်မရပ်ဘဲ ခပ်လှမ်းလှမ်းတွင်ရှိ မှောင်ရိပ်၌ ရပ်လိုက်သည်။

'ရှင့်ကားကို ဆိုင်ရှေ့မှာမရပ်ဘဲ ဘာဖြစ်လို့ ဆိုင်နဲ့ဝေးရာ အမှောင်ကျတဲ့နေရာမှာ ရပ်ရတာလဲရှင့်'

တစ္ဆေမကလေး ခင်နန်းသူဇာက ဖြိုးဇော်ဦး၏ အပြုအမူကို နားမလည်ဟန်နှင့် မေးနေသည်။

'ဆိုင်ရှေ့မှာ မရပ်တာက ကားပေါ်မှာ ခင်ဗျားပါလာတာကို ဆိုင်ကလူတွေ မမြင်စေချင်လို့ပေါ့ဗျ'

'ဖြစ်မှဖြစ်ရပလေရှင်... သူတို့က ကျွန်မကို မမြင်နိုင်ကြပါဘူး၊ ကျွန်မ မြင်စေချင်တဲ့လူမှ မြင်ရပါတယ်၊ ရှင် အခု ကျွန်မကို မြင်နေရတာကလည်း မြင်စေချင်လို့ မြင်ရတာပါ၊ နို့မို့ ရှင်လည်း ကျွန်မကို မြင်နိုင်မှာ မဟုတ်ဘူး'

'ဪ... ဒီလိုလား၊ ကျွန်တော်ကတော့ တခြားလူတွေလည်း ကျွန်တော့်လိုပဲ ခင်ဗျားကို မြင်ကြမယ် မှတ်နေတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



ကဲပါလေ… အခုမှတော့ ကားကို ပြန်ဆုတ်မနေတော့ပါဘူး။ ရပ် လက်စနဲ့ ဒီနေရာမှာပဲ ရပ်ခဲ့ပါတော့မယ်"

ဖြိုးဇော်ဦးသည် တာ‌ဠေမကလေး ခင်နန်းသူဇာကို ပြန် ပြောရင်း ကားပေါ်မှဆင်းနေသည်။

"ဟုတ်ပါတယ်… အခုကျမှတော့ ဒီနေရာမှာပဲ ရပ် လိုက်ပါတော့"

တာ‌ဠေမကလေး ခင်နန်းသူဇာ၏ စကားအဆုံးတွင်-

ဖြိုးဇော်ဦးလည်း စားသောက်ဆိုင်ဘက်သို့ လျှောက်သွား ခဲ့သည်။

၄ ၄ ၄



## (လေး)

## ကားသူခိုးဖမ်းပွဲကြီး

ဖြိုးဇော်ဦးမှာ တာ‌ဠေမကလေး ခင်နန်းသူဇာကို ကားပေါ် တွင်ထားခဲ့ပြီး တရုတ်စားသောက်ဆိုင်ထဲတွင် ညစာအတွက် ဟင်းလျာများကို မှာ၍ စားသောက်နေသည်။

သူ စားသောက်နေခိုက် သူရပ်ထားခဲ့သောကားကို ခိုးယူ ရန် လူရွယ်သုံးဦး ရောက်လာနေသည်ကိုမူ သူ မသိပေ။

ထိုလူငယ်တို့မှာ ရန်ကုန်မြို့ထဲတွင် မကြာခဏ ကားများ ကို လှည့်လည်ခိုးယူနေကြသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကားတစ်စီးကို ခိုးယူမည်ဟုကြံလျှင် ချက်ချင်း ခိုးယူတတ်ကြသူတွေမဟုတ်။

သူတို့စိတ်ထဲတွင် သဘောကျပြီး ထိုကားကို ခိုးယူရန် ဆုံးဖြတ်ပြီးပါမှ ခိုးယူတတ်ကြသည်။

ထိုသို့ ခိုးယူရာတွင်လည်း သူတို့ခိုးယူမည့် ကားကို အနည်းဆုံး တစ်ပတ်ခန့် စောင့်ကြည့်နေသေးသည်။

ယနေ့ညတွင်လည်း ဖြိုးဇော်ဦး၏ တိုယိုတာ ခတ်စ်တူး ဆီဒင်ကားကို ခိုးယူရန်အတွက် ရောက်လာခဲ့ကြခြင်းပင်။

သူတို့သုံးဦးစလုံးမှာ အသက် (၂၅)နှစ်ခန့် အရွယ်တွေချည့် ဖြစ်ကြသည်။

သုံးဦးစလုံး မီးခိုးရောင်ဘောင်းဘီရှည်နှင့် ကိုယ်ပေါ်တွင် ဂျာကင်အင်္ကျီ အညိုရောင်ကို ဝတ်ဆင်ထားကြသည်။

'ဟာ… ပေစီရေ… စိုင်ကော်လို့ ချူပေါ်ရောက်တာဆိုတာ ဒါမျိုးပဲထင်တယ်ကွ၊ ဟား… ဟား… ဟား…'

သူတို့အထဲမှ ပိန်ပိန်ပါးပါးလူရွယ်က သူ့နံဘေးမှ လူရွယ်ကို သဘောကျသံနှင့် လှမ်းပြောနေသည်။

'ဟ… ဖိုးတုတ်ရ… မင်းက ဘာဖြစ်လို့ အခုလို ပြောနေရတာလဲ'

'ဟိုမယ် မခြင်ဘူးလားကွ၊ ငါတို့ခိုးယူဖို့ ပစ်မှတ်ထားတဲ့





ဂျာနယ်တိုက်က အယ်ဒီတာကြီးရဲ့ကားကို တွေ့လို့ပေါ့'

'ဒါများ ဆန်းသလားကွာ၊ ဟိုနေ့ညတွေတုန်းကလည်း အခုလိုပဲ ရပ်ထားတာကို တွေ့ရတဲ့ဟာ'

'ပေစီရာ… မင်းဟာ တော်တော်တုံးတဲ့ကောင်ပဲ၊ ဟိုနေ့ညတွေတုန်းက ရပ်ထားတဲ့နေရာက စားသောက်ဆိုင်ရှေ့တည့်တည့်မှာ ရပ်ထားတာလေ၊ ဒါကြောင့် တို့တစ်တွေ သူ့ကားကို ခိုးယူဖို့မလွယ် ဖြစ်နေတယ်မဟုတ်လား၊ ဟော… အခုညကျတော့ အယ်ဒီတာကြီးက ဆိုင်ရှေ့မှာ သူ့ကားကို ရပ်မထားဘဲ ဘာစိတ်ကူးပေါက်သွားလို့ အခုလို စားသောက်ဆိုင်နဲ့ဝေးဝေးမှာ ရပ်ထားရတယ် မသိဘူး၊ ဒါကြောင့် တို့အတွက် သူ့ကားကို ခိုးယူဖို့လွယ်နေတာမို့ စိုင်ကော်လို့ ချူပေါ်ရောက်တယ်လို့ ငါ မဟာပညာရှိကြီးက မင်းတို့ကို ပြောနေတာပေါ့ကွ၊ အဟဲ…'

ထိုအခါကျမှ ပေစီမှာ သဘောပေါက်သွားတော့သည်။

'အေး… ဟုတ်သားပဲ၊ သူ့ကားဟာ ဆိုင်နဲ့ဝေးရာမှာ သွားရပ်သားတော့ တို့အတွက် ဟန်ကျတာပေါ့၊ ဒါကြောင့် မင်းက စိုင်ကော်လို့ ချူပေါ်ရောက်တယ်ဆိုပြီး ခွေးပါးစပ်က နတ်စကားထွက်တဲ့စကားမျိုးကို ပြောနေတာကိုး၊ ဟား… ဟား… ဟား…'

ပေစီက ဖိုးတုတ်ကို ပြန်နှက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟော့ကောင်တွေ၊ စကားတွေ များမနေကြနဲ့၊ လုပ်စရာရှိတာကို အခွင့်သာတုန်း အမြန်လုပ်ကြစို့'

သူတို့နှစ်ဦး စကားများနေသည်ကို မနှစ်မြို့က်သံနှင့် တတိယလူရွယ်က စိတ်မရှည်သံနှင့် ဝင်ပြောလိုက်သည်။

ထို့နောက်တော့ သူတို့သည် ဖြိုးဇော်ဦး၏ ကားအနီးသို့ မယောင်မလည်လုပ်ကာ ကပ်သွားသည်။

သူတို့သုံးဦးကားအနီးသို့ လာနေကတည်းက ကားအတွင်းတွင်ရှိနေသော တစ္ဆေမကလေး ခင်နန်းသူဇာက သူတို့ကို ကြည့်နေသည်။ ယခုလို သူတို့ထင်နေကြရအောင်လည်း တစ္ဆေမကလေး ခင်နန်းသူဇာက ကိုယ်ယောင်ဖျောက်ထားခဲ့သည်။

'ဟေ့… ပေစိ၊ မင်းက လူအသွားအလာကို စောင့်ကြည့်နေ၊ ငါကတော့ ကားထဲဝင်ပြီး ကားကို မောင်းသွားမယ်။ မင်းနဲ့ ငါ မော်တင်လမ်းထောင့်မှာ ဆုံကြတာပေါ့'

ဖိုးတုတ်က ကားတံခါးကို သူ့တွင်ပါလာသော မည်သည့်ကားမဆို ဖွင့်နိုင်သော သော့ဝိဇ္ဇာနှင့် ဖွင့်နေသည်။

ကျန်တစ်ဦးဖြစ်သော မောင်မြင့်ကတော့ ဘေးမှရပ်ကြည့်နေသည်။

ငါးမိနစ်ခန့်ကြာအောင် ဖိုးတုတ်က သူ၏သော့နှင့် ဖွင့်နေသော်လည်း ကားတံခါးက မပွင့်ပေ။





'ဟော့ကောင် ဖိုးတုတ်… ကြာလှချည်လားကွ၊ မြန်မြန်ဖွင့်မှပေါ့'

မောင်မြင့်က စိတ်မရှည်သံနှင့် ဖိုးတုတ်ကို ပြောနေသည်။

'ဖွင့်နေတာပဲကွ၊ မင်းအဖေရဲ့ ကားတံခါးက ပွင့်မှမပွင့်တာ၊ ငါလည်း မတတ်နိုင်ဘူး၊ အရင်က ဒီလိုကားမျိုးဆိုရင် တစ်မိနစ်တောင် မကြာဘူး ပွင့်သွားတဲ့ဟာ… တောက်'

ဖိုးတုတ်မှာ စိတ်မရှည်သံနှင့် ပြန်ပြောနေသည်။

ထိုအခိုက်မှာပင် သူဝတ်ထားသော ဂျာကင်အင်္ကျီကြီးမှာ လေလည်းမတိုက်ဘဲနှင့် အထက်သို့လန်ကာ သူ့ဦးခေါင်းပေါ်သို့ ထူးထူးဆန်းဆန်း အုပ်သွားခဲ့သည်။

သူသာ မဟုတ်သေး၊ အနီးတွင်ရှိနေသော မောင်မြင့်ဝတ်ထားသော ဂျာကင်အင်္ကျီကြီးမှာ ဖိုးတုတ်လိုပင် အထက်ကိုလန်ကာ ခေါင်းပေါ်သို့ အုပ်သွားသည်။

'ဟဲ့… ဟဲ့… ဒါ… ဒါက ဘယ်လိုဖြစ်နေတာလဲ၊ လေလည်းမတိုက်ဘဲနဲ့ လှုတစ်ယောက်ယောက်ကလာပြီး ငါတို့ရဲ့ ဂျာကင်အင်္ကျီကို ဆွဲလှန်လိုက်သလိုပဲနော်'

မောင်မြင့်က အံ့ဩသံနှင့် ဖိုးတုတ်ကို ပြောနေသည်။

ဖိုးတုတ်ကလည်း ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ကွ… တော်တော်ဆန်းတာပဲ'

ဖိုးတုတ်ကပြောပြီး သူ့ခေါင်းပေါ်သို့ လန်ကျနေသော ဂျာကင်အင်္ကျီကို ပြန်၍ဆွဲဖယ်နေသည်။

'ဟော့ကောင်တွေ… ဒီတစ်ခါ ကြာလှချည်လားကွ၊ မြန်မြန်လုပ်မှပေါ့၊ တော်ကြာ ပိုင်ရှင် မင်းတို့ပတွေ့ထွက်လာရင် အလုပ်မဖြစ်ဘဲနေဦးမယ်ကွ၊ ဟွန်း…'

ပေစီက သူတို့ရှိရာသို့ ပြေးလာပြီး ဆူနေသည်။

'တယ်… သေခြင်းဆိုးကလည်း အပြစ်တင်ဖို့ပဲ တတ်တယ်၊ ဒီမှာ ပြဿနာပေါ်နေတာတော့ မသိဘူး၊ ကားသော့က ဖွင့်လို့မရတဲ့အထဲမှာ လေမတိုက်ဘဲနဲ့ ဂျာကင်တွေက အထက်ကို လန်ပြီး ခေါင်းကို ဖုံးနေလိုက်သေးတယ်၊ ဒါကြောင့် ကြာနေတာပေါ့'

ဖိုးတုတ်က ပေစီကို ပြန်ပြောရင်း ကားသော့ကို ဖွင့်နေသည်။ ဤတစ်ကြိမ်တွင်တော့ ကားတံခါးမှာ အခက်အခဲမရှိဘဲ ပွင့်သွားခဲ့သည်။

'ဟာ… ကားတံခါးဖွင့်လို့ရပြီဟေ့၊ ကားထဲဝင်ကြစို့'

ဖိုးတုတ်က ဝမ်းသာသံနှင့် ကားထဲသို့ အလျင်စို၍ဝင်သည်။ သူဝင်ပြီးနောက် မောင်မြင့်နှင့်ပေစီတို့လည်း ကားနောက်ခုံတွင် အမြန်ဝင်ထိုင်လိုက်ကြသည်။





'ကဲ… ဖိုးတုတ်၊ ကားကို အမြန်မောင်းထွက်စမ်းကွာ'

မောင်မြင့်က ဖိုးတုတ်ကို သူ့တွင်ရှိနေသော Master Key ခေါ် သော့ဝိဇ္ဇာနှင့်ဖွင့်ကာ နှိုးသည်။ ကားစက်ကလည်း အလွယ်တကူပင် နိုးသွားခဲ့သည်။ ကားစက်နိုးသွား၍ ဖိုးတုတ်သည် ဂီယာကိုချိန်းကာ ရပ်ထားသောနေရာမှ မောင်းထွက်ရန် ပြင်သည်။

သို့သော် ကားမှာ ရှေ့သို့ထွက်ရမည့်အစား ထူးထူးဆန်းဆန်းပင် ရဟတ်ယာဉ် ဟယ်လီကော့ပတာလို အပေါ်သို့ တက်သွားနေသည်။

'ဟိုက်… … ဒါ… ဒါ… ဘယ်လိုဖြစ်တာလဲဟ၊ ဒီကားဟာ ရှေ့ကိုမသွားဘဲ ဘယ်လိုကြောင့် မိုးပေါ်ကို ပျံတက်နေရတာလဲ'

ပေစီက အံ့သြထိတ်လန့်သံကြီးနှင့် လွှတ်ခနဲ ပြောလိုက်သည်။

'အေးကွ… ငါလည်း ဒီကားဖြစ်ပုံကို တွေးမရဘူး၊ ကိုယ်တစ်တွေလည်း ကားတွေခိုးယူခဲ့တာ ကြာပါပြီ၊ ဒီလိုအဖြစ်မျိုး တစ်ကြိမ်မှ မကြုံဖူးပါဘူးကွ၊ တောက်…'

ဖိုးတုတ်ကလည်း ဝေခွဲမရသံနှင့် ပြန်ပြောနေသည်။

သူတို့ပြောနေခိုက် ကားမှာ အပေါ်သို့မြင့်သထက် မြင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်တက်သွားရာ တစ်ဘက်တွင်ရှိနေသော လေးထပ်တိုက်နှင့် ရင်ပေါင်တန်းနေတော့သည်။

"ဟာ… ဒုက္ခပါပဲ၊ ကားက မြင့်သထက်မြင့်အောင် တက်နေပြီ၊ ကြာရင် မိုးကောင်းကင်ပေါ်ကို ရောက်သွားလိမ့်မယ်၊ တို့ ဘယ်လိုလုပ်ကြမလဲ၊ ကားပေါ်ကနေ ခုန်ချမလားကွ"

မောင်မြင့်မှ စိတ်ချောက်ချားသံနှင့် ပြောနေသေး။

"ဟာကောင်ရ… ဒီလောက်အမြင့်ကြီးကနေ ခုန်ချလိုက်ရင် ခက်ကျိုးလို့ ပွဲချင်းပြီး သေကုန်ကြမှာပေါ့ကွ"

ပေစိက သဘောမတူဟန်နှင့် ပြန်ပြောနေသည်။ ထိုအခိုက်မှာပင် မောင်တော်ကားမှာ လေထဲတွင် ယန်ကာလည်သလို ချာလပတ်ရမ်းကာ လည်နေတော့သည်။

ယန်ကာသလို ကားကလည်နေ၍ ကားထဲတွင်ရှိနေကြသော ကားသူခိုးသုံးယောက်မှာ ဆန်ကောထဲ၌ ဆီးဖြူသီးများထည့်၍ လှည့်သလို ကျွမ်းသိုးမှောက်ခုန် ဖြစ်ကုန်ကြတော့သည်။

"ဟာ… ဟာ… ဘယ်လိုဖြစ်တာလဲ၊ ကယ်… ကယ်တော်မူကြပါဗျို့"

မောင်မြင့်က ထိတ်လန့်သံနှင့် အော်ဟစ်နေမိသည်။

ကျန်နှစ်ဦးကတော့ သူလို မအော်နိုင်ရှာဘဲ အင်း… အား… ဟူ၍ နာကျင်သံနှင့် ညည်းတွားနေမိကြသည်။





ထိုကဲ့သို့ ငါးမိနစ်ခန့်မျှ လေထဲ၌ ကားမှာ ချာလပတ်လည်ပြီးမှ စောစောကအတိုင်း ကားကလေးမှာ မူလနေရာသို့ ပြန်၍ကျလာသည်။

ကားမှာ ကတ္တရာလမ်းပေါ်သို့ ရောက်နေလင့်ကစား ကားထဲတွင်ရှိနေကြသော ကားသူခိုးသုံးဦးကတော့ ခေါင်းမူးနေကြ၍ ကားထဲမှ မထွက်နိုင်ကြသေးပေ။

သူတို့သုံးဦး ကားတွင်းမှ မထွက်နိုင်ဘဲရှိကြစဉ် သူတို့ကားအနီးသို့ ရဲပိုင်ယာလက်(စ်)ကားတစ်စီး ရောက်လာသည်။ ရဲပိုင်ယာလက်(စ်)ကား ရောက်လာသလို ရဲအုပ်တစ်ဦး၊ ရဲသားနှစ်ဦးနှင့် ရပ်ကွက်လူကြီးသုံးဦးမှာလည်း ကားအနီးသို့ ရောက်လာခဲ့ကြသည်။

"ဟော့ကောင်တွေ… ကားပေါ်က ဆင်းခဲ့ကြစမ်း၊ ထွက်ပြေးဖို့တော့ လုံးဝ မကြိုးစားနဲ့၊ မင်းတို့ကို တို့ဝိုင်းထားပြီးပြီ"

ရဲအုပ်က ကားသူခိုးသုံးဦးကို လှမ်းပြောနေသည်။

ကားအနီးသို့ ရဲများရောက်လာကြသဖြင့် အနီးဝန်းကျင်ရှိ လူများမှာလည်း စပ်စုလိုကြဟန်နှင့် ရောက်လာခဲ့ကြသည်။

ဖြိုးဇော်ဦးမှာလည်း စားသောက်၍ပြီးစီးသွားပြီမို့ ကျသင့်သောငွေများကို ရှင်းပေးပြီး လူများပါ ရုံးစုရုံးစုနှင့် လုပ်နေကြသည်ကို တွေ့ရ၍ သူကလည်း သတင်းသမားပီပီ သွားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဤတွင် သူ့ကားအနီးတွင် လူတွေစုရုံးနေသည်ကို တွေ့မြင်သွားခဲ့တော့သည်။

'ဟောဗျ… လူတွေရော ရဲတွေပါ ငါ့ကားအနီးမှာ ဝိုင်းအုံနေကြပါကလား။ ဓကာ့ ခင်နှန်းသူဓာ တစ်ခုခုလုပ်လိုက်ပြီ ထင်တယ်… ဒုက္ခပါပဲ'

ဖြိုးဇော်ဦးမှာ စိတ်ပူသွားဟန်နှင့် အထက်ပါအတိုင်း ရေရွတ်လိုက်မိသည်။

ပြီးတော့ သူ့ကားရှိရာသို့ အမြန်ပြေးသွားခဲ့သည်။

'ဟော့ကောင်တွေ… ကားထဲကနေ ဆင်းလာကြလို့ ငါပြောနေတာ မဟုတ်လား။ ကူလီကူမာတော့ လုပ်မယ်မကြံနဲ့နော်… ဟွန်း…'

ရဲအုပ်က ကားသူခိုးတွေကို ကြိမ်းနေသည်။ သူ့ကား အနီးသို့ရောက်တော့မှ တစ္ဆေမကလေး ခင်နှန်းသူဓာကြောင့် မဟုတ်ဘဲ ကားသူခိုးတွေကြောင့် ယခုလို ရဲတွေရော၊ လူတွေပါ စုရုံးရောက် ရှိနေသည်ကို သိသွားခဲ့သည်။

သည်တော့မှ ဖြိုးဇော်ဦးမှာလည်း စိတ်အေးသွားခဲ့မိသည်။ ရဲအုပ်က မည်သို့ပင် ဟိန်းဟောက်ကာ ကားထဲမှဆင်းရန် ပြောနေသော်လည်း ကားသူခိုးသုံးဦး မဆင်းနိုင်ဖြစ်နေသည်။ အခြားကြောင့်တော့ မဟုတ်ပေ။





သူတို့တစ်တွေမှာ ဦးခေါင်းမူးမပြေသေး၍ ဖြစ်သည်။

'ဆင်းဆို… ဆင်း… ဆင်းပါ့မယ် ဆရာရယ်၊ အခု ကျွန်တော်တို့အားလုံး ခေါင်းတွေ အရမ်းမူးနေလို့ပါခင်ဗျာ'

ပေစိက အသံလေးကြီးနှင့် ရဲအုပ်ကို ပြန်ပြောနေသည်။

'မူးမှာပေါ့ကွ၊ မင်းတို့က ဘယ်လောက်သောက်ထား ပုန်းမှ မသိတာ၊ ဒီတော့ မူးမနေနဲ့တော့၊ ကားထဲကသာ ထွက်လာပြဲတော့'

'ဟာဗျာ… ဆရာကလည်း၊ ကျွန်တော်တို့ သောက်ထားကြလို့ မူးတာ မဟုတ်ပါဘူး၊ ဒီကားကြီးက ဘယ်လိုဖြစ်တယ် မသိဘူး။ မိုးပေါ်ကို ရုတ်တရက် တက်သွားပြီး အပေါ်ရောက်တော့ ပန်ကာလည်သလို အရမ်းလည်ပတ်နေလို့ အခုလို ကျွန်တော်တို့ ခေါင်းတွေမူးကုန်တာပါ ဆရာရယ်'

ပေစိက အရှိကို အရှိအတိုင်း အမှန်တွေကို ပြောဆိုနေ စေကာမူ ရဲအုပ်ကတော့ လုံးဝ မယုံကြည်ပေ။

သူ့လိုပင် အခြားလူများကလည်း ယုံကြည်ပုံမရ။

ယုံကြည်သူဆို၍ ဖြိုးဇော်ဦးတစ်ယောက်သာ ရှိသည်။

'ဟော့ကောင်… မူးမူးနဲ့ ပေါက်တတ်ကရတွေ ပြောမနေ ၊ ကားပေါ်ကသာ ဆင်းခဲ့၊ မင်းတို့အုပ်စု ရန်ကုန်ထဲမှာ ကားတွေကို မကြာခဏခိုးယူနေလို့ တို့လည်း ချောင်းနေတာကြာပြီ၊ ဒီည



www.burmeseclassic.com

www.burmeseclassic.com



မှပဲ ဆိုက်ဆိုက်မြိုက်မြိုက် ဖမ်းမိတော့တယ်၊ ကဲ… ဆင်းကြ"

ရဲအုပ်က အသံမာမာနှင့်ပြောကာ ထပ်မံ၍ ဆင်းခိုင်းတော့မှ ကားသူခိုးသုံးကောင်မှာ အပြုံးမဆောင်နိုင်တဲ့ နုံးယိုင်ယိုင်နှင့် ကားပေါ်မှ ဆင်းလာခဲ့ကြသည်၊ သူတို့ဆင်းအလာတွင် ရဲသားနှစ်ဦးက သူတို့ကို လက်ထိပ်ခတ်ထားလိုက်သည်၊

ရဲအုပ်ကတော့ ဝိုင်းအုံနေကြသော လူအုပ်ကြီးဘက်သို့ လှည့်ကာ မေးနေသည်။

"ဒီကားပိုင်ရှင် ဘယ်သူလဲဗျ၊ ခင်ဗျားတို့ထဲမှာ ရှိသလား"

ထိုအခါကျမှ ဖြိုးဇော်ဦးက ရဲအုပ်အနီးသို့သွား၍ အဖြေပေးသည်။

"ကျွန်တော်ပါပဲဗျာ"

"နေစမ်းပါဦး… ခင်ဗျားက စားသောက်ဆိုင်မှာ ထမင်းစားတာကို ဆိုင်ရှေ့မှာ ကားကိုရပ်မထားဘဲ ဘာသဘောနဲ့ ဆိုင်နဲ့ဝေးရာလည်းဖြစ်၊ မှောင်ရိပ်လည်းကျတဲ့နေရာမှာ ရပ်ထားရတာလဲ၊ ခင်ဗျားလုပ်ပုံက သူခိုးကိုဖိတ်ခေါ်သလို ဖြစ်မနေဘူးလားဗျ"

ရဲအုပ်က အပြစ်တင်သံနှင့် ဖြိုးဇော်ဦးကို မေးနေသည်၊

"ဆောရီးပဲ… အမှန်တော့ အခုလို ကားကို ဆိုင်ရှေ့မှာ မရပ်ဘဲ မှောင်ရိပ်မှာ ရပ်ခဲ့ရတာက ဟာစ္စမ… အဲ… အဲ…





ယောင်လို့… စောစောက ဆိုင်ရှေ့မှာရပ်ဖို့ နေရာမရှိလို့ပါဗျာ"

ဖြိုးဇော်ဦးမှာ ယောင်ယမ်း၍ ပြောမိပြီးမှ စကားကို ...မြန်ပြင်ကာ အဆင်ပြေအောင် ပြောချလိုက်ရသည်။

"အင်း… ခင်ဗျားက ကားရပ်စရာ ဆိုင်ရှေ့မှာ မရှိလို့ ...ရပ်တာက ကိစ္စမရှိဘူး၊ ကျွန်တော်တို့ဆီကို တယ်လီဖုန်းနဲ့ ...သတင်းပေးခဲ့တဲ့ တာဝန်သိ ပြည်သူတစ်ယောက်သာ မရှိရင် ...င်ဗျားကားဟာ အခိုးခံရပြီးသားပဲဗျ"

"ဗျာ… ခင်ဗျားတို့ကို တယ်လီဖုန်းဆက်ပြီး သတင်း ...ပေးတယ်"

ဖြိုးဇော်ဦးက အံ့ဩသံနှင့် ပြန်မေးနေသည်။

"ဟုတ်တယ်လေ… အဲဒီလူက ခပ်စောစောမှာ ကျွန် ...တော်တို့ ရဲစခန်းကို ဖုန်းဆက်ပြီး ကားသူခိုးသုံးဦးဟာ ကားခိုးယူ ...ဖို့ ကြံစည်နေပါတယ်၊ အမြန်လာခဲ့ကြပါလို့ သတင်းပေးရင်း ...ဟာရမယ့်နေရာကိုပါ အတိအကျပြောခဲ့လို့ အခုလို အချိန်မီရောက် ...လာပြီး ကားသူခိုးတွေကို လက်ပူးလက်ကြပ် ဖမ်းမိလိုက်နိုင် ...တာပဲ၊ ဒီကောင်တွေက ကားခိုးဝိဇ္ဇာတွေလေ၊ သူတို့ကိုဖမ်းမိနိုင်ဖို့ ...ကျွန်တော်တို့ ပြည်သူ့ရဲတပ်ဖွဲ့ကြီးက ကြိုးစားနေတာကြာပါပြီ၊ ...ဒီနေ့ညကျမှ တာဝန်သိသတင်းပေးကြောင့် မမျှော်လင့်ဘဲ ...ဖမ်းမိတာဗျ၊ ဟဲ… ဟဲ…"



www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်က ဖြိုးဇော်ဦးကို ရှင်းလင်းပြနေသည်။

ဖြိုးဇော်ဦးကတော့ တာဝန်သိသတင်းပေး မည်သူဖြစ်သည်ကို သိလိုက်သည်။

ဤကိစ္စသည် တစ္ဆေမကာလေး ခင်နှန်းသူဇာ၏ လက်ချက်မှလွဲ၍ မည်သူမျှ မဖြစ်နိုင်ပေ။

သူ သိသော်လည်း ရဲအုပ်ကိုတော့ ပြောမပြဖြစ်ပေ။

ပြောပြ၍ကော ရဲအုပ်က ယုံကြည်မည်လော။

ဖြိုးဇော်ဦးမှာ တစ္ဆေမကာလေး ခင်နှန်းသူဇာ မည်သည့်နေရာကို ရောက်နေသနည်းဟု တွေးရင်း ပတ်ဝန်းကျင်တစ်ဝိုက်လှမ်းကြည့်မိသည်။

ဤတွင် သူ့အား သူ့ကားအမိုးပေါ်မှ ထိုင်လျက် ပြုံးပြနေသည်ကို တွေ့မြင်ရသည်။

သူကသာ တစ္ဆေမကာလေး ခင်နှန်းသူဇာကို မြင်ရသော်လည်း အခြားလူတွေကတော့ လုံးဝ မမြင်ကြရပေ။

ထို့နောက်တော့ ကားသူခိုးသုံးဦးအား ရဲပိုင်ယာလက်(စ်)နှင့်တင်ဆောင်ကာ ခေါ်သွားခဲ့သည်။

၉ ၉ ၉



၉

## နာနာဘာဝအကြောင်း တစေ့တစောင်း

'အယ်ဒီတာကြီးရေ … ကျွန်မကြောင့် ရှင့်ကား အခိုးမခံရဘာနော်၊ နို့မို့ရင် ရှင့်ကား ပါသွားပြီ၊ မဟုတ်ဘူးလား'

လူတွေ ရှင်းသွားလျှင် တစ္ဆေမကာလေး ခင်နှန်းသူဇာက ကားအမိုးပေါ်မှ ဆင်းနေရာမှ ဖြိုးဇော်ဦးကို ပြောနေသည်။

'အေးဗျာ … ခင်ဗျားကို ကျေးဇူး အထူးတင်ပါတယ်၊ ဒါထက် ဒီကားသူခိုးတွေက ကားမခိုးနိုင်အောင် ခင်ဗျားက ဘယ်လိုအစွမ်းပြခဲ့သလဲဗျ၊ ကျွန်တော့်ကို ပြောပြပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဇော်ဦးက သိလိုဟန်နှင့် တစ္ဆေမကလေး ခင်နှင်း သူဇာကို မေးကြည့်နေသည်။

'ပြောရမယ်ဆိုရင် ပထမ သူတို့က ကားတံခါးကသော့ကို ဖွင့်လို့မရအောင်လုပ်တယ်၊ နောက် သူတို့ကားထဲဝင်နိုင်အောင် လုပ်တယ်၊ သူတို့အားလုံး ကားထဲကိုလည်း ဝင်ပြီးရော ကျွန်မက ကားကို မိုးပေါ်မြင့်တက်သွားအောင်လုပ်ပြီး ကားကို ကောင်းကင်မှာ ချာလပတ်ရမ်းအောင် လုပ်ပေးလိုက်တယ်၊ ကားသူခိုးသုံးဦး စလုံး မူးမိုက်ပြီး မထနိုင်အောင်ဖြစ်တော့မှ ကားကို အောက်တက် ပြန်ချပေးလိုက်တာပဲ'

'နို့… ရဲစခန်းကို ဘယ်လိုဖုန်းဆက်ပြီး အကြောင်းကြားတာတုန်းဗျာ၊ ဘယ်ဖုန်းနဲ့ အကြောင်းကြားလိုက်တာလဲ'

'ဟဲ… ဟဲ… ဒါကတော့ ကျွန်မတို့ရဲ့အစွမ်းနဲ့ ရဲစခန်းကို ဆက်တာပါ'

'သြော်… သြော်… ဒီလိုလား၊ ဒါထက် ခင်ဗျားပြောခဲ့တယ် မဟုတ်လား၊ ခင်ဗျားတို့ တစ္ဆေတွေဟာ လူသားတွေကို ကြောက်လန့်အောင် မခြောက်ရဘူးဆို၊ အခု ဘာဖြစ်လို့ ခင်ဗျားက ကားသူခိုးတွေကို ခြောက်လှန့်ရတာလဲ'

ဖြိုးဇော်ဦးက တစ္ဆေမကလေး ခင်နှင်းသူဇာကို မေးနေပြန်သည်။





'မှန်တယ်လေ… ရှင်တို့လို အပြစ်မဲ့တဲ့ လူကောင်းသူကောင်းတွေကို မခြောက်လှန့်ရပေမယ့် သူခိုး၊ ဓားပြ၊ လူဆိုး၊ လူမိုက်တွေကျတော့ ခြောက်လှန့်ခွင့်ရှိပါတယ်။ အခုလည်း ကားသူခိုးတွေကို ကျွန်မက ကိုယ်ထင်ပြပြီး ခြောက်လှန့်တာမှ မဟုတ်ဘဲ၊ ကိုယ်ထင်မပြဘဲ သူတို့စိတ်ထဲမှာ အလိုလို ကြောက်လန့်သွားအောင် လုပ်တာပါ'

'အင်း… ခင်ဗျားက ဒီလိုတော့လည်း အစွမ်းသားပဲ၊ အင်းလေ… ဘာပဲဖြစ်ဖြစ် ခင်ဗျားကြောင့် ကျွန်တော့်ကား အခိုးမခံရလို့ ကျေးဇူးကုဋေပါပဲဗျာ'

'ကျေးဇူးကို နောက်ထားလိုက်ဦး၊ ရှင် အခု အိမ်ကို မပြန်သေးရင် ကျွန်မကို ဗဟန်းဘက် လိုက်ပို့ပေးပါလား'

'ဗျာ… ဗဟန်းဘက် ဟုတ်လား၊ ဘာကိစ္စရှိလို့လဲဗျ'

'ရွှေပေါင်းအောက်မှေ့ဖွယ်ကလေးတွေကို သွားကြည့်ချင်လို့ပေါ့'

'အလို… ခင်ဗျားက တစ္ဆေသာဖြစ်နေတယ် ကဗျာတော့ အဆန်းသားပဲ၊ ခင်ဗျားကိုတော့ ကြိုက်သွားပြီဗျာ၊ ဟား… ဟား… ဟား…'

ဖြိုးဇော်ဦးမှာ တစ္ဆေမကလေး ခင်နှင်းသူဇာ ပြောပုံကို သဘောကျသွားဟန်နှင့် ပြောပြီး ရယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ရှင်က ကျွန်မကို ကြိုက်တယ်တဲ့လား'

'ဗုဒ္ဓေါ မြတ်စွာဘုရား… ဒီ… ဒီ… ဒီသဘောမျိုးနဲ့ ပြောလိုက်တာ မဟုတ်ပါဘူး၊ ခင်ဗျားပြောပုံကို သဘောကျတယ်လို့ ပြောတာပါ၊ ချစ်ကြိုက်သွားတာကို ဆိုလိုတာမဟုတ်ဘူးနော်၊ ကျွန်တော့်မှာ ချစ်ရမယ့်ချစ်သူ ရှိနေပါတယ်ဗျာ'

ဖြိုးဇော်ဦး ဖြေရှင်းနေပုံကို နားထောင်ရင်း တစ္ဆေမကလေး ခင်နန်းသူဇာမှာ တခစ်ခစ် ရယ်နေသည်။

'ဪ… ဪ…သဟာလိုလား၊ ဒါဆိုရင် လွှတ်စေ၊ ခစ်… ခစ်… ခစ်…'

'ကဲ… ကဲ… မေးလက်စနဲ့ မေးရဦးမယ်၊ အဲဒီ ဗဟန်းဘက်မှာ ခင်ဗျားရဲ့အတိတ်ဇာတ်ကြောင်း ရှိခဲ့ဖူးလို့လား၊ ကျွန်တော် လိုက်မပို့တဲ့ ခင်ဗျားဘာသာသွားရင်ကော မဖြစ်ဘူးလား'

'ဖြစ်တော့ဖြစ်တာပေါ့၊ ဒါပေမဲ့ ကျွန်မတစ်ယောက်တည်း မသွားချင်လို့ ရှင့်ကို အဖော်အဖြစ် လိုက်ပို့ခိုင်းနေတာပါ'

'ဒါဆိုရင်လည်း ပို့ပေးပါမယ်လေ၊ အဲ… အဲ… ကျွန်တော့်ကို အဲဒီဘက်ရောက်ရင် အန္တရာယ်တော့ မပေးပါဘူးနော်'

ဖြိုးဇော်ဦးက စိတ်မချသံနှင့် တစ္ဆေမကလေး ခင်နန်းသူဇာကို မေးနေသည်။





'ရှင့်နှယ်ရှင်… အခုထက်ထိ ကျွန်မကို မယုံကြည်သေးဘူးလား၊ စိတ်ချလက်ချသာ လိုက်ပို့စမ်းပါ၊ ရှင့်ကို ဘာအန္တရာယ်မှ မပြုဘူးရှင်'

'ယုံတော့ ယုံပါတယ်လေ၊ ဒါပေမဲ့ ခင်ဗျားက လူသားမိန်းမ မဟုတ်ဘဲ တစ္ဆေဖြစ်နေတော့…'

'ဘာလဲ… တစ္ဆေဆိုတာ ခြောက်လှန့်တတ်သော မြေဖုတ်ပြိတ္တာလို့ ရှင်ပြောမလို့ မဟုတ်လား'

ဖြိုးဇော်ဦး စကားမဆုံးမီ တစ္ဆေမကလေး ခင်နန်းသူဇာက ဖြတ်၍ပြောလိုက်သည်။

'ဒီ… မဟုတ်ဘူးလားဗျ'

'ဟုတ်ပေမယ့် ဒီအထဲမှာ ရှင်မပါသလို ကျွန်မ အခုရောက်လာခဲ့တာကလည်း လူတွေခြောက်လှန့်ဖို့ မဟုတ်ဘူးလေ၊ ကျွန်မမှာ အင်မတန်မှအရေးကြီးတဲ့ ကိစ္စကို လုပ်ဆောင်ဖို့ရောက်လာခဲ့ရတာပါ၊ အဲ… ဆောဆောတုန်းက ကားသူခိုးတွေကိုလည်း ခြောက်လှန့်ခဲ့တာ မဟုတ်ပါဘူး၊ သူတို့ ကားမခိုးနိုင်အောင် ကျွန်မ လုပ်ခဲ့တာပါရှင်'

တစ္ဆေမကလေး ခင်နန်းသူဇာက ဖြိုးဇော်ဦး စိတ်အေးစေရန် ရှင်းပြနေသည်။

'အီးကော… ခင်ဗျားက အာမခံချက်ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးနေမှတော့ ကျွန်တော်လည်း စိတ်ချသွားပါပြီ၊ ကဲ… သွားကြစို့'

ဖြိုးဇော်ဦး ပြောရင်း သူ့ကားပေါ်သို့ ကားတံခါးကိုဖွင့်၍ တက်သွားသည်။

တစ္ဆေမကလေး ခင်နန်းသူဇာမှာလည်း ကားအမိုးပေါ်မှ နေ၍ ကားမောင်းမည့်သူ့ ထိုင်ခုံဘေးတွင် ဝင်ထိုင်သည်။

'ဒီတစ်ခါ ခင်ဗျားက ကားနောက်ခုံမှာမထိုင်ဘဲ ကျွန် တော့်ဘေးမှာ ဝင်ထိုင်သလားဗျ'

ဖြိုးဇော်ဦးက သူ့ကားကို စက်နှိုးနေရာမှ တစ္ဆေမကလေး ခင်နန်းသူဇာကို မေးနေသည်။

'ဟုတ်တယ်လေ… ရှင် ကားမောင်းတဲ့နောက် ကျွန်မ ထိုင်နေရင် ရှင့်စိတ်ထဲမှာ ကုတ်ချီးခံရမယ်လို့ ထင်မှာစိုးလို့ အခုလို ရှင့်ဘေးမှာ ထိုင်နေတာပဲ၊ သဘောမကျလို့လား'

'အာ… အာ… ကျပါတယ်ဗျာ၊ ခင်ဗျားကြိုက်သလို ထိုင်နိုင်ပါတယ်'

ဖြိုးဇော်ဦးမှာ ပြန်ပြောရင်း ကားကို မောင်းထွက်လာခဲ့ ပါသည်။

'ဗယာန်းဟာ ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ အင်္ဂလိပ်တွေ ပြန်ဝင်လာတာစလို စည်ကားသေးသလားရှင့်'





'ခင်ဗျာ'

တစ္ဆေမကလေး ခင်နန်းသူဇာ၏စကားကို ဖြိုးဇော်ဦးမှာ နားရှုပ်သွားခဲ့တော့သည်။

'အို… ဒါက ဘာဖြစ်သွားရတာလဲ၊ ကျွန်မ မေးနေ တာက ရှင်းရှင်းကလေးပဲဟာ'

'အင်း… ခင်ဗျားအနေနဲ့ ရှင်းပေမယ့် ကျွန်တော့်အနေနဲ့ တော့ ရှုပ်နေလို့ပါ'

'ဘယ်လိုကြောင့်လဲ'

'ခင်ဗျား ခုနင်က ပြောတယ်မဟုတ်လား၊ ဒုတိယကမ္ဘာ စစ်ကြီးပြီးလို့ အင်္ဂလိပ်တွေ ပြန်ဝင်လာကာစလို စည်ကားသေး သလားလို့ မေးလိုက်လို့ပါ'

'အင်းလေ… အဲဒါ ဘာဖြစ်လို့လဲ'

'ဖြစ်တာပေါ့ဗျ… အဲဒီအချိန်တုန်းက ကျွန်တော်မှ မမွေးသေးတဲ့ဟာ ကျွန်တော်က စည်ကားတယ် မစည်ကားဘူးလို့ ဘယ်လိုပြောနိုင်ပါ့မလဲ'

'ဟင်… ဒါဆို ရှင့်အသက်က ဘယ်လောက်ရှိနေပြီလဲ'

'ကျွန်တော်လား… နှစ်ဆယ့်ရှစ်တောင် မပြည့်သေးဘူး၊ ခင်ဗျားကကော ဘယ်နှစ်နှစ်ရှိပြီလဲ'

'ကျွန်မလား… ကျွန်မမွေးတဲ့နှစ်က ခရစ်သက္ကရာဇ်



www.burmeseclassic.com

www.burmeseclassic.com


တစ်ထောင့်ကိုးရာနှစ်ဆယ့်ရှစ်မှာ မွေးခဲ့တာမို့ အခုဆိုရင် ရှင်တို့လူ့သက်တမ်းနဲ့တွက်ရင် ကျွန်မအသက်ဟာ **ခုနစ်ဆယ့်ငါးနှစ်ရှိနေပြီလေ**'

'ဟိုက်…'

တစ္ဆေမကလေး ခင်နန်းသူဇာက ပြောလျှင် ဖြိုးဇော်ဦးမှာ အလွန်ပင် အံ့သြခြင်း ဖြစ်သွားခဲ့ရသည်။

'ခင်ဗျား တကယ်ပြောနေတာလား၊ နောက်နေတာလားဗျ…'

'မနောက်ပါဘူး၊ အဟုတ်ပြောနေတာပါ၊ ရှင်က မယုံဘူးပေါ့'

'ဟုတ်တယ် မယုံဘူး၊ ခင်ဗျားရဲ့ရုပ်သွင်က အင်မတန်ချောမောလှပပြီး နုပျိုနေတဲ့ဟာ၊ ဘယ်လိုလုပ်ပြီး ခုနစ်ဆယ့်ငါးနှစ်အရွယ် အသွားကြီးဖြစ်ရမှာလဲ၊ ကျွန်တော့်စိတ်ထင် ခင်ဗျားအသက်ဟာ နှစ်ဆယ့်ငါးနှစ်ကကျော်ဦးမယ် မထင်ဘူးဗျ'

'ဟား… ဟား… ဟား… ဟား…'

ဖြိုးဇော်ဦး၏ စကားအဆုံးတွင် တစ္ဆေမကလေး ခင်နန်းသူဇာမှာ အထက်ပါအတိုင်း ဟက်ဟက်ပက်ပက် ရယ်နေတော့သည်။

'ရယ်လှချည်လားဗျ၊ ဘာဖြစ်လို့လဲ'



'ရှင်ပြောတာ သဘောကျလို့ပေါ့၊ မှန်ပါတယ်… ရှင်အခု မြင်တွေ့နေရတဲ့ ကျွန်မရုပ်သွင်ဟာ နှစ်ဆယ့်ငါးနှစ်အရွယ်ရုပ်သွင်ပဲ၊ အဲဒီအရွယ်မှာပဲ ကျွန်မဟာ သေဆုံးခဲ့ပါတယ်၊ တကယ်လို့ အဲဒီအရွယ်မှာ မသေဆုံးဘဲ အခုအထိ ကျွန်မဟာ လူ့ဘဝကြီးမှာ နေနိုင်မယ်ဆိုရင် စောစောက ကျွန်မပြောခဲ့တဲ့အတိုင်း အသွားအိုအရွယ် အသက်ခုနစ်ဆယ့်ငါးနှစ် ရှိနေမှာပေါ့'

'ဪ… ဒီလိုကြောင့်လား၊ ဒို့… ခင်ဗျားက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ ဆုံးခဲ့ရတာလဲ'

'သေသွားလို့ပေါ့'

'အင်း… ဟုတ်တာပေါ့လေ၊ ဟာဗျာ… ခင်ဗျားကလည်း ဆုံးတယ်ဆိုတာ သေလို့ဆုံးတာပေါ့၊ ကျွန်တော်တောင်မျက်စိလည်သွားတယ်'

ဖြိုးဇော်ဦးစကားကြောင့် တစ္ဆေမကလေး ခင်နန်းသူဇာမှာ ရယ်နေသည်။

'ပြောပါဦးဗျ… ဘယ်လိုကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ဆုံးခဲ့တယ်ဆိုတာကို'

'ပြောရမယ်ဆိုရင် ဇာတ်လမ်းက ပေရှည်လွန်းလို့ ဒီတစ်ညနဲ့တောင် ပြီးဆုံးမယ် မထင်ဘူးရှင့်'

'ကိစ္စမရှိဘူး… ပြောမှာသာပြော၊ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်အယ်ဒီတာလည်းဖြစ်၊ စာရေးဆရာလည်းဖြစ်နေလို့ ဒီတစ်ညမကဘူး နောက်တစ်နေ့ညပဲရောက်ရောက် နားထောင်ချင်တယ်ဗျာ'

'အဲဒီလိုတော့ မဖြစ်ဘူးရှင့်'

'ဘာကြောင့်မဖြစ်ရတာလဲ'

'ရှင်ပြောသလို ဒီညကနေ နောက်ညအထိ ပြောရမယ်ဆိုရင် ကျွန်မအတွက်က ပြောလို့မရဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့တစ္ဆေတွေဟာ မနက်ဆိုရင် နေထွက်ပေါ်မှာမို့ နေရောင်နဲ့ ထိတွေ့လို့ မရဘူးလေ'

'နေရောင်နဲ့ထိတော့ ဘာဖြစ်မှာမို့လဲဗျ'

'အကြောင်းကြောင်းတွေကြောင့်ပဲ၊ တစ်အချက် ကျွန်မတို့ တစ္ဆေသရဲတွေကို လူတွေအိပ်ရာက နိုးလာကြပြီး သွားလာလှုပ်ရှားနေကြတဲ့အခါမှာ လုံးဝ နေ့မှာမထွက်ရဘူးလို့ အထက်နတ်မင်းကြီးတွေက အမိန့်ထုတ်ထားတယ်၊ နှစ်အချက်က အဲဒီနေရောင်နဲ့ ကျွန်မတို့ထိတွေ့မိရင် အင်မတိ အင်မတန် နာကျင်တဲ့ဝေဒနာတစ်ရပ်ကို ပြင်းပြင်းထန်ထန် ခံစားရမယ်၊ သုံးအချက်ကတော့ လူ့ဘဝကို နောက်တစ်ကမ္ဘာတည်တဲ့အထိ မရနိုင်တော့ဘူးရှင့်'

တစ္ဆေမကလေး ခင်နန်းသူဇာက ဖြိုးဇော်ဦး နားလည်နိုင်





ရန် ရှင်းလင်းပြောပြနေသည်။

'ဩော်... ဒါကြောင့် ခင်ဗျားတို့လို တစ္ဆေသရဲတွေကို လူတွေက မြင်တွေ့ကြတဲ့အခါ နေ့မှာမမြင်ကြရဘဲ ညဘက်ကျမှမြင်ကြရတာကိုး၊ ဒါဖြင့် ဥစ္စာစောင့်တွေရော ဒီလိုပဲလား'

'ဟုတ်တယ်၊ သူတို့လည်း နာနာဘာဝတွေမို့ ဒီလိုပါပဲ၊ ဒါပေမဲ့ သူတို့က ကျွန်မတို့ထက် ထူးခြားတာ တစ်ခုရှိတယ်ရှင့်'

'ဘာများလဲဗျာ'

'ဒီလိုရှင့်... သူတို့ကျတော့ အထက်နတ်မင်းကြီးတွေက လူ့ပြည်မှာ လူဝင်စားအဖြစ် ဆယ်နှစ်ကနေ အနှစ်နှစ်ဆယ်အထိ နေခွင့်ပြုထားကြတယ်၊ ဒီထက်တော့ နေလို့မရဘူး'

'ဟင်... ဥစ္စာစောင့်တွေ လူ့ပြည် နေရတာကလည်း အချိန်နည်းလိုက်တာ၊ ဘာဖြစ်လို့ သူတို့ဟာ လူ့ပြည်မှာ ကြာကြာမနေရတာလဲဗျ'

'ကြာကြာမနေရဆို သူတို့က ဥစ္စာစောင့်ဆိုတဲ့အတိုင်း ရတနာသိုက်ကို စောင့်ရှောက်နေကြရတာကိုး၊ သူတို့မရှိလို့ မဖြစ်ဘူးလေ၊ သူတို့ကို လူ့ပြည်မှာ ခဏလွှတ်ထားတာက ရှင်တို့လူ့ဘုံမှာ အလုပ်လုပ်နေကြတဲ့ ဝန်ထမ်းတွေကို တစ်နှစ်တစ်ကြိမ်ခွင့်ရက်ရှည်ပေးရသလို ပေးထားတာမျိုးပေါ့၊ အဲ... ဥစ္စာစောင့်တွေကတော့ တစ်နှစ်တစ်ခါ မဟုတ်ဘူး၊ ဘုရားတစ်ဆူပွင့်တော်



www.burmeseclassic.com

www.burmeseclassic.com



မှတိုင်း တစ်ကြိမ်ပဲရပါတယ်'

'ဪ... ဪ... ဒီဉစ္စာစောင့်တွေဟာ ဘာအတွက် သိုက်နန်းမှာ စောင့်နေရတာလဲဗျ'

'ဒီဘဒ္ဒကမ္ဘာ နောက်ဆုံးပွင့်တော်မူမယ့် အရိမေတ္တေယျ ဘုရား ပွင့်တော်မူတဲ့အခါ လှူဒါန်းဖို့ စောင့်ကြပ်ပေးနေရတာပါ'

သူတို့နှစ်ဦး အမေးအဖြေ လုပ်နေကြခိုက် သူတို့စီးလာကြသော ဆီဒင်ကားကလေးမှာ ဗဟန်းဘက်သို့ ရောက်လာခဲ့ပါသည်။

'ကဲ... ဗဟန်းဘက်တော့ ရောက်လာပြီ၊ ခင်ဗျား ဘယ်ကိုသွားမှာလဲ'

'ဒေါ်ကြင်မြိုင် လက်ဖက်ရည်ဆိုင်ကို မောင်းရှင်'

'ဗျာ...'

ဖြိုးခေတ်ဦးထံမှ အာမေဋိတ်သံကြီး ထွက်ပေါ်လာခဲ့သည်။

'ဒါက ဘာဖြစ်ရပြန်တာတုန်း'

'ဘာဖြစ်ရမှာလဲ၊ ခင်ဗျားပြောတဲ့ ဒေါ်ကြင်မြိုင် လက်ဖက်ရည်ဆိုင်ဆိုတာ ကျွန်တော် လူ့ဘဝကို ရောက်လာကတည်းက ကြားလည်း မကြားမိဘူး၊ မြင်လည်း မမြင်ဖူးလို့ပေါ့'

'ဟောတော့... ဒီလောက် နာမည်ကြီးတဲ့ လက်ဖက်





ရည်ဆိုင်ကို ရှင်မသိတာ အံ့ရောရှင်'

'ခင်ဗျားကသာ အရမ်းနာမည်ကြီးနေတာလို့ ပြောနေတာ၊ ဒီဗဟန်းနယ်မြေဟာ ကျွန်တော် လူဖြစ်လာကတည်းက ဘာလက်ဖက်ရည်ဆိုင်တွေမှ မရှိဘူး'

'ဟင်... ဟုတ်လား'

တစ္ဆေမကလေး ခင်နန်းသူဇာ အံ့ဩသံနှင့်ပြောရင်း သူတို့တစ်တွေရောက်နေသော ကန်တော်ကြီး မြေပဒေသာကျွန်းဘက်သို့ လှမ်းကြည့်နေသည်။

'ဟုတ်သားပဲ... ဒီနေရာဟာ ကျွန်မ အသက်ရှင်နေတဲ့ နှစ်တွေအထိ သိပ်စည်ကားတဲ့နေရာပေါ့၊ အခုတော့ ဆိုင်တွေလည်း မရှိကြတော့သလို အိမ်တွေလည်း မရှိကြတော့ပါကလား၊ ဘယ်လိုကြောင့်လဲ အယ်ဒီတာကြီးရယ်၊ သိရင် ရှင်းပြစမ်းပါ'

'ပြောရမယ်ဆိုရင် အဲဒီကန်တော်ကြီးတစ်ဝိုက်က ဆိုင်တွေ၊ အိမ်တွေဟာ ကျွန်တော် မမွေးခင်ကတည်းက မရှိကြတော့လို့ သေသေချာချာတော့ ရှင်းမပြနိုင်ဘူး၊ အဲ... ကျွန်တော် ကြားဖူးတာကို ပြောရမယ်ဆိုရင် သူတို့တစ်တွေကို ဗိုလ်ချုပ်အိမ်စောင့်အစိုးရလက်ထက်ကတည်းက ရွှေ့ခဲ့တာတဲ့။ အဲဒီလူတွေကို ရွှေ့လိုက်ပြီး သာကေတတို့၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာတို့ စတဲ့ မြို့သစ်တွေ ထူထောင်ပြီး ပို့ခဲ့တာဆိုတာပဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိရတယ်"

"ဪ… ဒီလိုကြောင့်လား၊ ဒါကြောင့် ရှင်ဟာ ဂျပန်ခေတ်ကစပြီး အလွန်နာမည်ကြီးခဲ့တဲ့ ဒေါ်ကြင်မြိုင် လက်ဖက်ရည်ဆိုင်ကို မသိတာကိုး"

"ဟုတ်တယ်… ကျွန်တော်တို့ခေတ်မှာ နာမည်ကြီးနေတဲ့ လက်ဖက်ရည်ဆိုင်တွေကတော့ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်, ဆတ္တရကဖီး, မန်းမြို့တော်,ရွှေခေါင်းလောင်း စတဲ့ လက်ဖက်ရည်ဆိုင်တွေပဲ သိတယ်ဗျာ"

"အင်းလေ… ဗဟန်းကန်တော်ကြီးဘက်မှာ ဆောက်ထားတဲ့ အိမ်တွေ ဆိုင်တွေမှမရှိတော့တာ၊ တွေးကြည့်ရင် နှမြောသလိုလို လွမ်းသလိုလိုပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ လူ့ဘဝတုန်းက ကျက်စားခဲ့တဲ့နေရာတွေကိုး၊ ဒါထက် သမိုင်းဝင်နေသူရိန်ပြဇာတ်ရုံကြီးကော ရှိသေးသလားရှင့်"

"နေသူရိန်ပြဇာတ်ရုံ ဟုတ်သလား၊ ကျွန်တော် ကြားဖူးသလိုလိုတော့ အရှိသား၊ အဲဒီ ပြဇာတ်ရုံက ခင်ဗျားနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

"ကျွန်မနဲ့တင် မဟုတ်ဘူး၊ မြန်မာနိုင်ငံတော်နဲ့ပါ ပတ်သက်နေတာရှင့်"

"ဗျာ… ဘယ်လိုကြောင့်လဲ"





"ဒီလိုလေ… ကျွန်မတို့ရဲ့ မြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်လက်က လွတ်မြောက်ဖို့အတွက် **ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့** ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးကကြီးမှူးပြီး တစ်ထောင့်ကိုးရာလေးဆယ့်ခြောက်ခုနှစ် ဩဂုတ်လ ဆယ့်ကိုးရက်နေ့မှာ ဒီဗဟန်း ကန်တော်ကြီးမှာရှိတဲ့ နေသူရိန်ပြဇာတ်ရုံကြီးကနေပြီး လူထုညီလာခံကြီးကို ကျင်းပခဲ့တယ်။ အဲဒီ ညီလာခံကြီးကနေပြီး **အင်္ဂလိပ်စစ်အုပ်ချုပ်ရေးဖျက်ပေးရေး၊** မြန်မာနိုင်ငံတော်ကြီးကို လုံးဝ လွတ်လပ်ရေးပေးရေး၊ လွှတ်တော်ရွေးကောက်ပွဲကြီးကျင်းပရေးနဲ့ ကြားဖြတ်အမျိုးသားအစိုးရ ဖွဲ့စည်းပေးဖို့ကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတဲ့ သမိုင်းဝင်ပြဇာတ်ရုံကြီးပေါ့၊ ဒါကြောင့် နေသူရိန်ပြဇာတ်ရုံကြီး ရှိသေးသလားလို့ မေးကြည့်နေတာပေါ့ရှင်"

တစ္ဆေမကလေး ခင်နန်းသူဇာက ဖြိုးဇော်ဦးကို ရှင်းပြနေသည်။

"ဪ… ခင်ဗျားမေးနေတဲ့ နေသူရိန်ပြဇာတ်ရုံကြီးဟာ သမိုင်းနောက်ခံရှိခဲ့တဲ့ ပြဇာတ်ရုံကြီးကိုး၊ အင်း… ဒါပေမဲ့ အခု မရှိတော့ဘူးဗျ"

"မရှိတော့ဘူး… ဟုတ်လား၊ အေးလေ… ရုံကြီးကလည်း ဂျပန်ခေတ်မှာ ဆောက်ခဲ့တဲ့ရုံဆိုတော့ ရန်ကုန်ထဲက ရုပ်ရှင်ရုံတွေလို အုတ်တွေ, အင်္ဂတေတွေနဲ့ ခိုင်ခိုင်ဆောက်လုပ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ရုံမှ မဟုတ်ဘဲ၊ သစ်သားနဲ့ ဝါးခနီတွေနဲ့လောက်သာ ဖြစ်သလို သာ ဆောက်လုပ်ထားတာမို့ ရှိနေရင်လည်း ပြိုပျက်လုဖြစ်နေမှာ ပါ၊ နှမြောဖို့တော့ သိပ်ကောင်းတယ်၊ ဒါထက် ဒီရုံလိုပဲ ဂျယ်နီ ခေတ်မှာ နာမည်ကြီးခဲ့တဲ့ မြင်ပြဇာတ်ရုံကြီးကော ရှိသေးသလား'

'ဟာဗျာ… ဘယ်ရှိတော့မှာလဲ၊ ဒီကန်တော်ကြီးတစ် ဝိုက်မှာက ပြဇာတ်ရုံတွေ၊ ရုပ်ရှင်ရုံတွေ ရှိကြတော့ဘူး၊ ငါးပြ တိုက်တို့၊ ရေကူးကန်တို့၊ ဟိုတယ်တွေပဲ ရှိကြတော့တယ်'

'အေးလေ… နှစ်တွေကလည်း ကြာပြီဆိုတော့ ဒါတွေ ဘယ်ရှိကြတော့မှာလဲ၊ အဲ… မေးလက်စနဲ့ ဆက်မေးဦးမယ်'

'ဘာကို မေးဦးမှာလဲ'

'ဟိုတုန်းက ပြဇာတ်လောကမှာ နာမည်ကြီးခဲ့ကြတဲ့ ကျော်အေး၊ ကျော်ဝင်း၊ မျိုးချစ် စတဲ့ ပြဇာတ်မင်းသားတွေကော အခု အသက်ထင်ရှား ရှိနေကြသေးသလား'

'မရှိကြတော့ဘူးဗျ၊ အားလုံး ကွယ်လွန်ကုန်ရှာပါပြီ'

'ကွယ်လွန်သွားရှာကြပြီလား၊ ဒါဆို နာမည်ကြီး မင်း သမီးတွေဖြစ်ကြတဲ့ မေမေဝင်း၊ မေချွန်၊ ဝင်းတင်မူ၊ ကြည်ကြည် ဌေးနဲ့ မြင့်မြင့်ဌေးတို့ကော ရှိကြသေးသလား'

'ခင်ဗျားမေးတဲ့ မင်းသမီးတွေအားလုံး လူ့လောက၊ က အငြိမ်းစားယူသွားကြပါပြီ၊ အဲ… အဲ… ဒေါ်မြင့်မြင့်ဌေးတစ်ဦး





ပဲ ရှိနေသေးတာ သိရတယ်ဗျ'

'ဒီလိုဆို လူရွှင်တော် ဦးကြယ်နီ၊ သန်းနွဲ့၊ ချစ်မောင်၊ မြင့်ဖေတို့လည်း မရှိကြတော့ဘူးပေါ့နော်'

'ဟုတ်တယ်… မရှိကြတော့ဘူး'

'ရှင် သူတို့ပါဝင် ကပြခဲ့တဲ့ပြဇာတ်နဲ့ ရုပ်ရှင်တွေကို ကြည့်ဖူးသလား'

'ဦးကြယ်နီ၊ ဦးသန်းနွဲ့နဲ့ ဦးချစ်မောင်တို့ကို မမီလိုက်လို့ မကြည့်ရဘူး၊ အဲ… ဦးမြင့်ဖေကိုတော့ မီလိုက်လို့ ကြည့်ဖူးပါ တယ်၊ ပြီးတော့ ဦးဖိုးပါကြီးကိုလည်း ကြည့်ဖူးတယ်ဗျ'

'ရှင် သူတို့ကပြခဲ့ကြတဲ့ ပြဇာတ်တွေ မမီလိုက်တာ နာတာပဲ၊ သူတို့တစ်တွေဟာ အင်မတန် ရယ်ကြရတာ၊ ဟာသ ဘက်မှာ သိပ်ကို ထူးချွန်ပြောင်မြောက်တဲ့ လူတွေပေါ့၊ ကျွန်မ လူ့ဘဝမှာတုန်းကဆိုရင် သူတို့ပါတဲ့ပြဇာတ်တွေဆိုရင် မလွတ် တမ်း ကြည့်ခဲ့တာပေါ့ရှင်'

'အေးဗျ… အဲဒီ လူရွှင်တော်တွေဟာ အရမ်းတော်ပြီး အူတက်မတတ် ရယ်ကြရတယ်လို့ ကျွန်တော့်မိဘတွေက ပြောပြ လို့တော့ သိခဲ့ရတယ်လေ၊ ဒါက ထားပါတော့၊ အခု ကျွန်တော် တို့ဟာ ဗဟန်းကြား တောရလမ်းဘက်ကို ရောက်နေပြီ၊ ခင်ဗျား ဘယ်ကိုသွားဦးမလဲ၊ ရွှေတိဂုံစေတီတော်ကြီးကို တက်ဖူးချင်



www.burmeseclassic.com

www.burmeseclassic.com



သလား'

ဖြိုးဇော်ဦး၏မေးသံကြောင့် တစ္ဆေမကလေး ခင်နန်းသူဇာမှာ တခစ်ခစ်နှင့် ရယ်နေတော့သည်။

'ဟောဗျ... ကျွန်တော် မေးနေတာကိုတော့ မဖြေဘဲ ခင်ဗျားက ဘာဖြစ်လို့ ရယ်နေရတာလဲ'

'ရယ်နေဆို ရှင်မေးတာကို ကြားရလို့ပါ'

'ကျွန်တော်မေးတာကို ကြားရလို့ ရယ်တယ်ဆိုတာက ဘာကြောင့်လဲ'

ဖြိုးဇော်ဦးက နားမလည်ဟန်နှင့် ပြန်မေးနေသည်။

'ရယ်ရတယ်ဆိုတာက ဒီလိုပါ၊ ရှင်က ရွှေတိဂုံစေတီတော်ကြီးကို တက်ဖူးမလားလို့ မေးနေလို့ပါ'

'ဘာလဲ... ခင်ဗျားက မဖူးချင်ဘူးလား'

'သိပ်ကို ဖူးချင်တာပေါ့ရှင်... ဒါပေမဲ့ ကျွန်မတို့လို နာနာဘာဝတွေအနေနဲ့ အပေါ်ကိုတက်ပြီး ဖူးခွင့်မရှိဘူး၊ ဖူးလို့လည်းမရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရွှေတိဂုံစေတီတော်ကြီးမှာက သမာဒေဝနတ်မင်းကြီးတွေက စောင့်ကြပ်နေကြတာရှင့်၊ ကျွန်မတို့ တက်သွားရင် နတ်မင်းကြီးတွေက ချက်ချင်းမောင်းချတာပဲ၊ ရွှေတိဂုံစေတီတော်မြတ်ကြီးသာ မဟုတ်ပါဘူး၊ တခြား တန်ခိုးကြီး ဘုရားတွေမှာလည်း တန်ခိုးကြီးတဲ့နတ်တွေက စောင့်ကြပ်နေကြ





လို့ ကျွန်မတို့တစ်တွေဟာ ဖူးခွင့်မရဘူး၊ အဲ... ဖူးချင်ရင် အဝေးကပဲ ဖူးနိုင်ကြပါတယ်၊ ဒါကို ရှင်ကမသိဘဲ ရှင်တို့လူသားတွေလို ဘုရားပေါ်တက်ပြီး ဖူးခွင့်ရှိတယ်ထင်ပြီးမေးနေလို့ ကျွန်မ ရယ်မိတာပါရှင်'

တစ္ဆေမကလေး ခင်နန်းသူဇာ၏ စကားအဆုံးတွင် ဖြိုးဇော်ဦးလည်း ရယ်နေမိသည်။

'ဟား... ဟား... ဟား... ဒါကြောင့် ခင်ဗျားက ရယ်နေတာကိုး၊ သိပါဘူးဗျာ... ခင်ဗျားတို့ နာနာဘာဝတွေလည်း ကျွန်တော်တို့ လူသားတွေလို စေတီရင်ပြင်တော်ပေါ်ကိုတက်ပြီး ဖူးနိုင်တယ်ထင်လို့ပါ၊ အဟဲ...'

'တန်ခိုးကြီးတဲ့ စေတီတော်တွေ မပြောနဲ့၊ အကျင့်သိက္ခာ သီလနဲ့ ပြည့်စုံတဲ့ ဘုန်းတော်ကြီးတွေရဲ့ ကျောင်းပုရဝုဏ်ထဲကိုတောင် မဝင်နိုင်ဘူးရှင့်'

'ကောင်းပြီ... ဒါဆိုရင် ခင်ဗျား ဘယ်ကိုသွားမှာလဲ'

'ဘယ်မှ မသွားတော့ဘူး၊ ကျွန်မ အခုနေနေရတဲ့ ဘုံကိုပဲ ပြန်တော့မယ်၊ မနက်ဖြန်ညကျမှ ရှင့်ဆီကို လာခဲ့မယ်လေ'

'ဟင်... ခင်ဗျားကလည်း ဘာကိစ္စ ထပ်လာဦးမှာလဲ၊ ခင်ဗျားသွားချင်တဲ့ ဇာပန်းကို ကျွန်တော် ပို့ပြီးပြီလေ၊ အဲဒီမှာ အိမ်တွေမှ မရှိတော့တဲ့ဟာ၊ ဘာဇာတ်လမ်းများ ဆက်ချင်သေး



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ'

'ကျွန်မတို့ရဲ့ ချစ်ဇာတ်လမ်းကလေးလေ၊ ရှင့်ကိုမှ ပြော မပြရသေးတာ၊ အဲဒီလိုပြောပြပြီးမှ ရှင့်ဆီက အကူအညီကို ယူရမှာရှင့်'

'အဲသဟာလိုဆိုရင်လည်း အခု တစ်ညလုံး ကျွန်တော့်ကားပေါ်မှာ ထိုင်ပြီးပြောဗျာ'

'အာ… အာ… မဖြစ်ဘူးရှင့်၊ ကျွန်မ ဇာတ်လမ်းက ပေတော်တော်ရှည်တာမို့ ဒီတစ်ညနဲ့တင် မပြီးနိုင်ဘူးလေ'

'မပြီးနိုင်ရင် ပြီးနိုင်တဲ့အထိ မိုးစင်စင်လင်းသွားအောင် ပြောဗျာ၊ ကျွန်တော် ကားကိုရပ်ပြီး နားထောင်ပါ့မယ်'

'မိုးလင်းအထိတော့ ပြောလို့မဖြစ်ဘူး အယ်ဒီတာကြီးရဲ့'

'ဘာကြောင့်လဲဗျ… ခင်ဗျားမှာ ဘာအကြောင်းတွေ ရှိနေလို့လဲ'

'ဘာအကြောင်းမှမရှိဘူး၊ ဒါပေမဲ့ ကျွန်မတို့ နာနာဘာဝတွေဟာ နေထွက်ချိန်အထိ လူ့လောကမှာ နေလို့မရဘူး၊ နေရဲ့ အလင်းရောင်ဟာ ကျွန်မတို့အတွက် လုံးဝ အထိခံလို့မရဘူး၊ နေရောင်နဲ့ အထိခံလိုက်တာနဲ့ ကျွန်မရဲ့ အခုလက်ရှိဘဝဟာ ဆုံးရှုံး ကုန်ပြီး အပါယ်ငရဲမှာ အပြစ်ဒဏ်ခံရမှာရှင့်၊ ဒါကြောင့် နေရောင် ဒဏ်ကို မခံပုံ့ဘူးလေ'





ထိုအခါကျမှ ဖြိုးဇော်ဦးမှာ သဘောပေါက်သွားခဲ့သည်။

'ခင်ဗျား ပြန်မယ်ဆိုရင် ကျွန်တော့်ကားနဲ့ လိုက်ပို့ဖို့ လို သေးလား'

'မလိုပါဘူး… ကျွန်မဘာသာ သွားပါ့မယ်၊ ရှင်လည်း အိမ်ပြန်တော့လေ၊ မနက်ဖြန်ညကျမှ တွေ့ကြသေးတာပေါ့'

တစ္ဆေမကလေး ခင်နန်းသူဇာက ပြောရင်း သူ့မျက်စိ အောက်မှ ပျောက်ကွယ်သွားခဲ့သည်။

သူလည်း သက်ပြင်းရှည်ကြီးကို တစ်ချက်ချကာ ကားကို သူ့အိမ်ဘက်သို့ ပြန်လည် မောင်းသွားခဲ့တော့သည်။

☾ ☾ ☾



www.burmeseclassic.com

www.burmeseclassic.com

## ကြောက်

## အကြံခက်နေရှာသူ

ဖြိုးဇော်ဦးမှာ ယမန်နေ့ညက တစ်ညလုံးလိုလို တရေးမှ ကလေး ခင်နှန်းသူစာနှင့် နေခဲ့ရ၍ ယခုနံနက်တွင် သူ နိုးနေကျ အချိန်ဖြစ်သော နံနက် (၆)နာရီတွင် မနိုးတော့ပေ။ အိပ်ကောင်းကောင်းနှင့် အိပ်ချလိုက်ရာ သူ၏အခန်းတံခါးကို တဒုန်းဒုန်းနှင့် ထု၍ ခေါ်သံကြားရာမှ နိုးလာခဲ့သည်။ နိုးလျှင်နိုးချင်း သူ၏ခုတင်ဘေးတွင်ရှိ စားပွဲခုံပေါ်မှ စားပွဲတင်နာရီကို လှမ်းကြည့်မိသည်။

နံနက် (၉)နာရီနှင့် (၁၀)မိနစ်ကို နာရီက ပြနေသည်။ သို့ဖြစ်၍ သူသည် အိပ်ရာမှလူးလဲထကာ ပိတ်ထားသော အခန်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို အမြန်ပြေး၍ ဖွင့်ပေးသည်။

အခြားသူမဟုတ်ဘဲ သူ့ချစ်သူ ယဉ်ကြော့မေ ဖြစ်နေသည်၊

'ကိုဖြိုးရယ်… ဘယ်လိုဖြစ်နေတာလဲ၊ ယဉ်ယဉ်ဖြင့် နှိုးလိုက်ရတာ ငါးမိနစ်လောက် ကြာဘူး၊ ဟွင်း…'

ယဉ်ကြော့မေက ဖြိုးဇော်ဦးကိုမြင်လျှင်မြင်ချင်း ရန်တွေ့နေသည်။

'ဟုတ်တယ် ယဉ်ယဉ်ရယ်၊ ကိုယ် မနေ့ညက သန်းခေါင်ကျော်မှ အိပ်ရလို့ အခုလို နေမြင့်သွားခဲ့ရတာပါ'

'နေစမ်းပါဦး… သန်းခေါင်ကျော်မှအိပ်ရအောင် ကိုဖြိုးက ဘယ်သွားနေလို့လဲ ပြောပါဦး'

'ဘယ်မှမသွားပါဘူး၊ ဟိုတစ္ဆေမ…'

'ဘာ… တစ္ဆေမ၊ ဟုတ်လား'

'အင်း… ဟုတ်…' အဲ… အဲ… မဟုတ်ပါဘူး၊ မောင်ရေးခဲ့တဲ့ တစ္ဆေဆောင်းပါးနဲ့ ပတ်သက်ပြီး စဉ်းစားနေရလို့ပါ'

ဖြိုးဇော်ဦးမှာ ယမန်နေ့ညက ဆုံတွေ့ခဲ့ရသော သူနှင့် တစ္ဆေမကလေး ခင်နန်းသူဇာတို့ တွေ့ခဲ့ကြပုံကို မှုလက ပြောရန် ကြံရွယ်မိသေးသည်။





သို့သော် သတင်းထောက်သန်းမောင်က တစ္ဆေမနှင့်တွေ့ခဲ့ကြသူများကို ပြောပြခဲ့စဉ်က သူ လုံးဝ မယုံကြည်သလို ယခုလည်း ယဉ်ကြော့မေက ယုံကြည်မည် မဟုတ်ပေ။

သူနှင့် တစ္ဆေမကလေး ခင်နန်းသူဇာနှင့် တွေ့ခဲ့ကြပုံက ယဉ်ကြော့မေသာ မဟုတ်သေး၊ မည်သူကမှ ယုံကြည်ကြလိမ့်မည် မထင်ပေ။

လက်တွေ့မပြနိုင်ဘဲ သူ ပြောပြနေလျှင် သူ့ကို အရူးဟူ၍ ထင်ချင်ထင်မည်။

သို့မဟုတ် စိတ်ကူးယဉ်၍ ပြောနေခြင်းဟူ၍သာ ထင်ကြပေမည်။

မှန်ပေသည်။ Seeing is believing ဟူသော အင်္ဂလိပ်စကားပုံအတိုင်း မျက်မြင်တွေ့မှ ယုံကြည်ကြပေမည်။ သူနှင့် တစ္ဆေမကလေး ခင်နန်းသူဇာတို့ တွေ့ရှိခဲ့ကြပုံကလည်း လုံးဝယုံကြည်နိုင်စရာမရှိအောင် ပုံပြင်ဆန်လွန်းလှသည်။ အကယ်၍ သူ့ကို အခြားလူတစ်ဦးက သူနှင့် တစ္ဆေမကလေး ခင်နန်းသူဇာ တွေ့ခဲ့ရသလို ပြောပြခဲ့လျှင် သူက ယုံကြည်မည်လော၊ လုံးဝ ယုံကြည်မည် မဟုတ်ပေ။

ယခုလည်း သူက တစ္ဆေမကလေး ခင်နန်းသူဇာနှင့် တွေ့ခဲ့ရပုံ အလုံးစုံကို ယဉ်ကြော့မေအား မည်သို့ပင် ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြောစေကာမူ ယုံလိမ့်မည်မဟုတ်ပေ။

သည်တော့ လက်တွေ့မပြနိုင်သေးသမျှ မပြောဘဲထားသည်က ပိုမိုကောင်းမွန်ပေမည်။

'ဟေး…… ကိုဖြိုး၊ ဘာတွေငိုင်စားနေတာလဲ၊ ယဉ်ယဉ်မေးနေတာ မကြားဘူးလား'

သူ့ အတွေးအမျှင်တန်းနေစဉ် ယဉ်ကြော့မေ၏ မေးသံပေါ်လာသည်။

'ဟင်..မ ဟို… အဲ… အဲ… ဘာမှမဟုတ်ပါဘူး၊ ယဉ်ယဉ် ဘာမေးနေတာလဲ'

ဖြိုးဇော်ဦး ကယောင်ကတမ်းသံနှင့် ပြန်မေးနေမိသည်။

'ဟောကြည့်… ဒီလောက်အနီးကပ်ပြီး မေးနေတာတောင် မကြားရအောင် ယဉ်ယဉ်ဖုန်းဆက်တာ သိသလား၊ အဲဒါကို မေးနေတာ'

'သိ… အာ… ဘယ်သိပါ့မလဲ၊ မောင်က ညဆိုရင် ဟဲင်းဖုန်းကို ပိတ်ထားတယ်လေ'

ဖြိုးဇော်ဦးက မှင်သေသေနှင့် ပြောနေသည်။

အမှန်တော့ ဖြိုးဇော်ဦးမှာ သူ၏ဟဲင်းဖုန်းကို ၂၄ နာရီ ပိတ်ထားလေ့မရှိ၊ ဖွင့်၍သာထားသည်။

အကြောင်းမှာ သူနေသောအခန်းတွင် အိမ်ဖုန်းက မရှိ၊





သည်တော့ သူ့ဟဲင်းဖုန်းကို ဖွင့်ပေးထားရသည်။

ထိုသို့ ဖွင့်ပေးထားရသည်မှာလည်း အခြားကြောင့်မဟုတ်ပေ။ သူက သတင်းအယ်ဒီတာဖြစ်နေ၍ အရေးကြီးသောသတင်းများကိုရလျှင် သူ့ဂျာနယ်၌ အချိန်မီဖော်ပြနိုင်ရန် သူ့ထံသို့ အချိန်မရွေး သတင်းပို့နိုင်ရန်အတွက်ပင်။

'ဟင်… ဒါက ဘယ်လိုဖြစ်ရတာလဲ၊ ကိုဖြိုးပဲ အမြဲပြောနေတာယ် မဟုတ်လား၊ သတင်းထူး သတင်းကောင်းတွေရမယ်ဆိုရင် ငါ့ဆီကို အချိန်မရွေးဆက်၊ ငါ့ဟဲင်းဖုန်းကို တွမ်တီဖိုးအာဝါ ဖွင့်ထားတယ်ဆို၊ အခု မူပြောင်းသွားလို့လားဟင်'

ယဉ်ကြော့မေက အံ့သြသံနှင့် သူ့ကို ဆက်မေးနေသည်။

'အဟဲ… ဒါက သဟာလိုပါလေ၊ မ… မနေ့ညကတစ်ညတည်းသာ မောင်က ဟဲင်းဖုန်းကို ပိတ်ထားမိတာပါ၊ ဒီနေ့ကစပြီး အရင်လိုပဲ ဖုန်းကို တွမ်တီဖိုးအာဝါ ပြန်ဖွင့်ထားပါ့မယ်၊ နို့… ယဉ်ယဉ်ကကော ဘာသတင်းထူးတွေရလို့ မောင့်ဆီကို ဖုန်းဆက်ရတာလဲဟင်'

'သတင်းထူးရလို့ မဟုတ်ပါဘူး၊ ကိုဖြိုး တစ်ညလုံး အလုပ်လုပ်နေမှာစိုးလို့ ဖုန်းဆက်ပြီး သတိပေးချင်လို့ပါ'

'တစ်ညလုံးတော့ အလုပ်မလုပ်ပါဘူး၊ ဒါပေမဲ့ မနေ့ညတုန်းက အလုပ်လုပ်တာ တော်တော်ည၌နက်သွားလို့ အခုမှ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထ နောက်ကျသွားတာပါ၊ ကဲ… ကဲ… မောင် မျက်နှာ သွားသစ်လိုက်ဦးမယ်၊ ခဏစောင့်နေဦးနော်'

ဖြိုးဇော်ဦးက ပြောရင်း ရေချိုးခန်းဘက်သို့ ဝင်သွားခဲ့သည်။

ယဉ်ကြော့မေကတော့ အပြင်ဘက်တွင်ထိုင်ရင်း ကျန်ရစ်ခဲ့သည်။

ဖြိုးဇော်ဦးမှာ မိဘနှစ်ပါး သက်ရှိထင်ရှား ရှိနေကြသော်လည်း သူက မိဘများနှင့် အတူမနေပေ။

သူ့မိဘများမှာ ကမာရွတ်ဘက်တွင် နေထိုင်ကြပြီး သူကတော့ ပန်းဆိုးတန်းလမ်းတွင်ရှိ ရှစ်ထပ်တိုက်သစ်ကြီး၏ ပထမထပ်တွင် သူ တစ်ဦးတည်း နေထိုင်လျက်ရှိသည်။

နောက် မိနစ် (၂၀)ခန့်အကြာတွင်တော့ သူတို့နှစ်ဦးမှာ တိုက်ခန်းတွင်းမှ ထွက်လာကြသည်။

'ကဲ… ယဉ်ယဉ်၊ မောင်တော့ ဘာမှ မစားရသေးလို့ ဆာနေပြီ၊ စိတ်တိုင်းကျလက်ဖက်ရည်ဆိုင်မှာ သွားစားကြစို့လား'

ဖြိုးဇော်ဦးက သူ၏မတ်(ခ်)တူး ဆီဒင်ကားကို မောင်းနေရာမှ သူ့ဘေးတွင်လိုက်ပါလာသော ယဉ်ကြော့မေအား ပြောနေသည်။

'သွားလေ… ယဉ်ယဉ်လည်း မနက်ကတည်းက ဘာမှ





မစားရသေးဘူး'

ဖြိုးဇော်ဦးမှာ နံနက်တိုင်း သူသောက်နေကျ လက်ဖက်ရည်ဆိုင်ဖြစ်သော အထက်သိမ်ဖြူလမ်း ကန်တော်ကြီးအနီးရှိ စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်သို့ သူကားကို မောင်းသွားခဲ့သည်၊ ထိုဆိုင်တွင် သူနှင့် ယဉ်ကြော့မေတို့ လက်ဖက်ရည်နှင့် မုန့်များကို စားသောက်ပြီးမှ သူ၏ဂျာနယ်တိုက်ရှိရာ စမ်းချောင်း ရွှေလမ်းဘက်သို့ ယဉ်ကြော့မေနှင့်အတူ ပြန်လာခဲ့ကြသည်။ သူတို့ဂျာနယ်တိုက်သို့အရောက်တွင် သူ၏တိုက်သားတွေ စုံစုံညီညီနှင့် ရောက်နေကြသည်ကို တွေ့မြင်ရသည်။

သူ၏တပည့်ကလေးဖြစ်သူ အသက် (၂၀)အရွယ်ခန့်ရှိ ညီညီဆိုသူက သူ့ကို မြင်လျှင် လှမ်း၍ပြောနေသည်။

'ဆရာ… ညက အခန်းတံခါးကို သော့မခတ်ဘဲ ပြန်သွားတယ်နော်'

ထိုစကားများကြားရလျှင် ဖြိုးဇော်ဦးမှာ ပိုက်ခနဲ ဖြစ်သွားတော့သည်။ အနီးတွင်ရှိနေသော ယဉ်ကြော့မေကလည်း သူ့ကို အံ့အားသင့်ဟန်နှင့် လှမ်းကြည့်ကာ မေးနေတော့သည်။

'ဟာင်… ကိုဖြိုး၊ ဒါက ဘယ်လိုဖြစ်ရတာလဲ၊ မနေ့ည တုန်းက တိုက်တံခါးကို ဘာဖြစ်လို့ ပိတ်မသွားရတာလဲ၊ မတော် အလစ်သမားတွေကဝင်ပြီး အထဲက ကွန်ပျူတာတွေနဲ့ တခြား



www.burmeseclassic.com

www.burmeseclassic.com



အပိုးတန်ပစ္စည်းတွေ ယူသွားကြရင် ဘယ်လိုလုပ်မလဲ'

ထိုစကားများကို ကြားရတော့မှ ဖြိုးဇော်ဦးမှာ ယမန်နေ့ညက တစ္ဆေမကလေး ခင်နန်းသူဇာနှင့် တွေ့ရ၍ သူ ကြောက်လန့်တကြား တိုက်ပေါ်မှဆင်းပြေးခဲ့ရသည့်အဖြစ်ကို သတိရသွားခဲ့သည်။

ထိုသို့ ဆင်းပြေးခဲ့မိ၍ တိုက်တံခါးကို ပိတ်ရုံသာ ပိတ်ခဲ့ပြီး အခန်းသော့ကို မခတ်ခဲ့မိခြင်းပင်။

ထိုစဉ်က သူ့မှာ အကြောက်ကြီး ကြောက်ခဲ့မိ၍ သော့ခတ်ရန် သတိမရဘဲ သွက်ကားပေါ်အရောက်သာ ဆင်းပြေးခဲ့ရသည်။

'သြော်... ဟုတ်လား၊ ငါလည်း အဲဒီညက ထမင်းကလည်း ဆာနေတာနဲ့ အခန်းတံခါးကို သော့ခတ်ဖို့ မေ့သွားတယ်ကွာ'

ဖြိုးဇော်ဦးမှာ အဖြစ်မှန်ကို ပြောပြနေလျှင်လည်း မည်သူကမှ ယုံကြည်မည်မဟုတ်၍ အထက်ပါအတိုင်း ပြီးစလွယ်စကားကို ပြောချလိုက်သည်။

ထို့နောက်တော့ ဖြိုးဇော်ဦးသည် ယဉ်ကြွေမေနှင့်အတူ သူ၏ အယ်ဒီတာအခန်းသို့ ဝင်သွားခဲ့သည်။

'ဒါထက် ကိုဇော် သိပြီးပြီလားဟင်'





ရုတ်တရက် ယဉ်ကြွေမေ၏ မေးသံကြောင့် ဖြိုးဇော်ဦးမှာ အူကြောင်ကြောင် ဖြစ်သွားခဲ့သည်။

'ဟင်... ဘာလဲ ယဉ်ယဉ်ရဲ့၊ ဘာကို သိပြီးရမှာလဲ'

'ဟိုအမှုကိစ္စလေ၊ လွန်ခဲ့တဲ့ တစ်လလောက်တုန်းက လမ်းမတော်ဘက်မှာ ပစ္စည်းလုယူ လူကိုသတ်သွားခဲ့တဲ့အမှုလေ'

'အင်းလေ... အဲဒါတော့ မောင် သိသားပဲ၊ အခု ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ ပြည်သူ့ရဲတပ်ဖွဲ့ကြီးက ပစ္စည်းတွေယူပြီး လူပါသတ်ခဲ့တဲ့ တရားခံတွေကိုဖော်ထုတ်ပြီး ဖမ်းဆီးထားနိုင်ပြီလေ'

'ဟာ... တယ်ဟုတ်ပါလား၊ ဒီသတင်းကို ယဉ်ယဉ် ဘယ်ကရသလဲ'

'ဒီကနေ့ မနက်ကပဲ ရခဲ့တယ်လေ၊ ဒါကြောင့် အခုပတ်ထုတ်မယ့် ယဉ်ယဉ်တို့ရဲ့ဂျာနယ်အမီထည့်နိုင်အောင် ယဉ်ယဉ် သွားရမယ်၊ ကိုဖြိုးပါ လိုက်ခဲ့ပေါ့'

'ကိုဖြိုး လိုက်လို့မဖြစ်ဘူးလေ၊ ဒီညအပြီး စာမူတွေကို စိစစ်ပြီး မနက်ဖြန်မှာ ဂျာနယ်အောင်ပိတ်နိုင်အောင် ကြိုးစားရမယ်လေ၊ ဒီတော့ ယဉ်ယဉ်တစ်ယောက်တည်းပဲ သွားလိုက်ပါ'

'ကောင်းပြီလေ... ကိုဖြိုး မအားရင်လည်း ယဉ်ယဉ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းပဲ သွားလိုက်ပါမယ်၊ ဒါပေမဲ့ ယဉ်ယဉ့်ကို ညရှစ်နာရီအထိတော့ စောင့်နေရမယ်နော်၊ ယဉ်ယဉ်ဟာ ဖမ်းမိထားခဲ့တဲ့ လူသတ်တရားခံတွေရော သူတို့ကို ရဲအဖွဲ့ကြီးက ဘယ်လိုခြေရာခံပြီး လိုက်ခဲ့တယ်ဆိုတာတွေကိုပါ စုံစုံစေ့စေ့မေးပြီး ရေးယူခဲ့မယ်။ ပြီးတော့ ဓာတ်ပုံတွေကိုလည်း ရိုက်ပြီးယူလာမယ်၊ ဟုတ်ပြီလား"

"အိုကေ… မောင်စောင့်နေ၊ ဟိုက်…"

ဖြိုးဇော်ဦးမှာ ယဉ်ကြော့မေ ပြန်အလာကို ညအထိသူ စောင့်နေမည်ကို ပြောမည်ပြုပြီးမှ စကားကိုရပ်ကာ အထက်ပါအတိုင်း ဟိုက်ခနဲ ဖြစ်သွားခဲ့ရသည်။

အကြောင်းကတော့ ယနေ့ညဘက်တွင် တစ္ဆေမကလေး ခင်နန်းသူဇာက သူနှင့်တွေ့ရန် ချိန်းဆိုထားခြင်းကြောင့်ပင်။

သို့ဖြစ်၍ ထိုညတွင် ယဉ်ကြော့မေ လာ၍ မဖြစ်ပေ။

မိမိနှင့် တစ္ဆေမကလေး ခင်နန်းသူဇာတို့ တွေ့ဆုံနေကြမှုကို ယဉ်ကြော့မေအား အသိမခံချင်ပေ။

"ဟေး … ကိုဖြိုး၊ ဒါက ဘာဖြစ်သွားရပြန်တာလဲ၊ ပြောပါဦး"

ယဉ်ကြော့မေက ဖြိုးဇော်ဦး၏ ဖြစ်ပုံကို အံ့ဩသံနှင့် မေးနေသည်။





"ဩော်… ဒီ… ဒီလိုပါ၊ ဒီကနေ့ညတော့ ယဉ်ယဉ်မလာပါနဲ့တော့၊ တစ်နေ့လုံးလည်း သတင်းတွေ ယူနေရမှာမို့ ပင်ပန်းလှပါတယ်၊ ဒီတော့ မနက်ဖြန် မနက်ကျမှသာ လာခဲ့ပါလေ"

ဖြိုးဇော်ဦးမှာ ယဉ်ကြော့မေ မလာစေလို၍ အထက်ပါအတိုင်း ပြောပြနေသည်။

ယဉ်ကြော့မေကတော့ လက်မခံပေ။

"ဟာ… ကိုဖြိုးကလည်း ဒီညမလာလို့ ဖြစ်မလား၊ မနက်ဖြန် မနက်မှာ ရုံးနယ်မောင်ပိတ်တော့မယ့်ဟာ၊ ဒီညအပြီးလုပ်မှ မနက်ဖြန် မောင်ပိတ်ကို မီမှာပေါ့၊ ယဉ်ယဉ်ပင်ပန်းတာကို ထည့်ပြီး မစဉ်းစားပါနဲ့၊ ခါတိုင်းလည်း အခုလိုပဲ ညလုံးပေါက်ကြိုးစားခဲ့ကြတဲ့ဟာကို၊ အခုမှ ကိုဖြိုးက အဆန်းလုပ်ပြီး ပြောမနေပါနဲ့လေ၊ ဒီတော့ ကြေးထုမနေနဲ့၊ ယဉ်ယဉ်ရဲ့ ပြန်အလာကို ဒီည ရှစ်နာရီအထိသာ စောင့်နေပေတော့"

"ယဉ်ယဉ်ကလည်းကွာ… မောင်ပြောတာကို နားထောင်ပါဦး၊ ဇွတ်ပြောမနေစမ်းပါနဲ့၊ ဒီမယ်… ဒီညမလာပါနဲ့လို့ မောင်ပြောနေရတာက တခြားကြောင့် မဟုတ်ဘူး၊ မောင့်မှာကလည်း တခြားစာမူတွေကို စိစစ်ရွေးချယ်ရဦးမယ်၊ မောင့်အနေနဲ့ကလည်း ဆောင်းပါးတစ်ပုဒ် ရေးစရာက ရှိနေလို့ပါ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မနက်ကျမှလာပါလို့ ပြောနေတာပေါ့'

ဖြိုးဇော်ဦးကလည်း ယဉ်ကြော့မေ ညဘက်မလာစေရန် အမျိုးမျိုးဆင်ခြေတွေပေး၍ ပြောနေသည်။

'နေစမ်းပါဦး... အရင်အပတ်တွေတုန်းကလည်း ဂျာနယ် ဖောင်ပိတ်တော့မယ်ဆိုရင် ကိုဖြိုးနဲ့ ယဉ်ယဉ်တို့ နှစ်ယောက်တည်း ညလုံးပေါက် ဖောင်အမီပိတ်နိုင်အောင် ကြိုးစားခဲ့ကြတာပဲဟာ၊ ဒီညကျမှ ဘယ်လိုကြောင့် ကိုဖြိုးက ကြေးထူနေရတာလဲ၊ ရိုးမှရိုးရဲ့လား အယ်ဒီတာကြီးရယ်'

ယဉ်ကြော့မေက သင်္ကာမကင်းသံနှင့် ဖြိုးဇော်ဦးကို မေးနေသည်။

'ကြေးထူဆို မင်းနဲ့ တစ္ဆေမနဲ့ တွေ့မှာစိုးလို့ပေါ့ဟ'

**အထက်ပါစကားများမှာ ဖြိုးဇော်ဦး၏နှုတ်မှ ပြောလိုက်သောစကားများ မဟုတ်ပေ။**

**သူ့ရင်တွင်းမှ ပြောလိုက်သော စကားများသာဖြစ်သည်။**

သူ၏နှုတ်မှ ပြောလိုက်သောစကားများကတော့-

'ယဉ်ယဉ်ကလည်းကွာ၊ မောင်က စေတနာနဲ့ ပြောတာကို တစ်မျိုးထင်နေရသလား၊ မောင်က မရိုးရအောင် ယဉ်ယဉ့်အပြင် ဘယ်အမျိုးသမီးနဲ့တွဲနေတာ မြင်ရလို့လဲ ပြောပါဦး'

'အောင်မာ... သတ္တိရှိရင် တွဲကြည့်ပါလား၊ ယဉ်ကြော့





မေဟာ ဘယ်လိုမိန်းမစားမျိုးလဲဆိုတာ ကိုဖြိုးတို့နှစ်ယောက်စလုံး ကမ္ဘာမြေပထဝီမှာ အထူးကြောက်စရာပေါ်ထွန်းခဲ့တဲ့ စုနာမီလျှင် လှိုင်းကြီးမိသလို ဒုက္ခရောက်သွားစေရမယ် သိလား၊ ဟွန်း...'

ယဉ်ကြော့မေက ဒေါလုံး မောလုံးနှင့် ဖြိုးဇော်ဦးကို ပြောနေသည်။ ဖြိုးဇော်ဦးကတော့ ယဉ်ကြော့မေ ပြောနေပုံကို ကြည့်ရင်း ရယ်နေမိသည်။

'ရယ်မနေနဲ့၊ ယဉ်ယဉ်က ကိုဖြိုးကို နောက်နေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ သိလား'

ယဉ်ကြော့မေက မျက်နှာထားတင်းတင်းနှင့် ပြောနေသည်။

'ယုံပါတယ်ဗျာ... ယုံပါတယ်၊ မောင်က ဥပမာကလေး လောက်ပြောရုံနဲ့တင် ယဉ်ယဉ်ဟာ အရမ်းကို ဒေါသထွက်နေရင် တကယ်သာတွဲမိရင် အဟုတ်မဆိုင်းဘဲ လုပ်တိုင်းကို ရောက်ဖို့ သေချာလို့ တစ်ခါတည်းနဲ့ကို ဖျားသွားပါပြီ၊ ဟား... ဟား... ဟား...'

'ကဲပါ... ကိုဖြိုးနဲ့ စကားရည်လုပွဲကြီး လုပ်မနေနိုင်ဘူး၊ ယဉ်ယဉ် သတင်းယူဖို့ သွားရတော့မယ်၊ ဒီတော့ ဒီည ရုံးနာရီမှာသာ ကိုဖြိုးစောင့်နေပါ၊ ဒါပဲ'

ယဉ်ကြော့မေက ပြောပြောဆိုဆိုနှင့် ဖြိုးဇော်ဦး၏ အခန်း



www.burmeseclassic.com

www.burmeseclassic.com



မှ အမြန်ထွက်သွားခဲ့သည်။

'ဟာ… ဟော့… ယဉ်ယဉ်၊ ဒီညမလာလို့ မရဘူးလား'

ဖြိုးဇော်ဦးက နောက်မှနေ၍ ယဉ်ကြော့မေကို လှမ်းအော်၍ ပြောနေသည်။

ယဉ်ကြော့မေကတော့ လှည့်၍ပင်မကြည့်ဘဲ အမြန်ထွက်သွားနေသည်။

'ရော… ဒုက္ခပါပဲ၊ ဒီညတော့ ယဉ်ယဉ်နဲ့ ခင်နန်းသူဇာတို့ တွေ့ကြတော့မယ်ထင်တယ်၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ ဟူး…'

ဖြိုးဇော်ဦးမှာ တစ္ဆေမကလေး ခင်နန်းသူဇာနှင့် ယဉ်ကြော့မေတို့ မဆုံနိုင်ရန် မကြံနိုင်၍ လက်မှိုင်ချတာနေရတော့သည်။

C C C



( ခုနစ် )

# ဒုတိယမ္ဗိ ရောက်လာပြန်ခြင်း

ယဉ်ကြော့မေမှာ သူပြောသည့်အတိုင်း အခန်းထဲက ထွက်သွားအပြီးတွင် ဖြိုးဇော်ဦးမှာ စိတ်ပျက်လက်ပျက်နှင့် ကျန်ရစ်ခဲ့သည်။

'ဒုက္ခပဲ… ယဉ်ယဉ်ကတော့ ညကျရင်လာမှာ ကျိန်းသေနေတယ်၊ သူလာရင် တစ္ဆေမနဲ့ မလွဲမသွေတိုးပြီးသားပဲ၊ ငါ ဘယ်လိုကြံရပါ့မလဲ'

ဖြိုးဇော်ဦးမှာ တစ္ဆေမကလေး ခင်နန်းသူဇာနှင့် ယဉ်



www.burmeseclassic.com

www.burmeseclassic.com



ကြော့မေတို့ မတွေ့ဆုံစေလို၍ အထက်ပါအတိုင်း တစ်ကိုယ်တည်းပြောကာ ညည်းတွားနေသည်။

'တတ်နိုင်ဘူးလေ… နောင်ခါလာ နောင်ခါရေးတာရတော့မှာပဲ'

နောက်ဆုံးတွင် ဖြိုးဇော်ဦးမှာ ကြာရှည်စွာ ဦးနှောက်ခြောက်ခံမနေတော့ဘဲ ပေယျာလကန် ထားလိုက်တော့သည်။

ထိုနေ့ညနေ (၅)နာရီကျော်ခန့်တွင် ဖြိုးဇော်ဦးမှာ မြေနီကုန်းတွင်ရှိသာ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာသွားစား၍ စားသောက်ခဲ့သည်။

သူ၏ဂျာနယ်တိုက်သို့ ပြန်ရောက်သောအခါ ညနေ (၆) နာရီခွဲခန့် ရှိနေပြီဖြစ်သည်။

ဂျာနယ်တိုက်တွင် အလုပ်လုပ်နေကြသော လူများလည်း ပြန်ကုန်ကြလေပြီ။

သို့ဖြစ်၍ သူသည် သူ၏အလုပ်ခန်းသို့ ဝင်ကာ ရေးလက်စဆောင်းပါးတစ်ပုဒ်ကို ရေးနေသည်။

ထိုအချိန်အထိ ယဉ်ကြော့မေရော၊ တစ္ဆေမကလေးခင်နန်းသူဇာပါ ရောက်မလာကြသေးပေ။

သူကလည်း ရေးလက်စ ဆောင်းပါးကို စိတ်ပါလက်ပါရေးနေသည်။ အချိန်သည် မည်မျှကြာသွားခဲ့သည်မသိ။





သူ၏တစ်ကိုယ်လုံး ပတကိကောင်းမွန်နေရာမှ ကြက်သီးထသလိုဖြစ်လာ၍ ရေးနေသော ဆောင်းပါးကိုရပ်၍ မော့ကြည့်မိသည်။

လား… လား… တစ္ဆေမ မရှေ့ချော၊ အဲ… ဟုတ်ပါဘူး၊ ခင်နန်းသူဇာမှာ သူစားပွဲရှေ့၌ ပြုံးချိုသော မျက်နှာနှင့် ရပ်နေသည်ကို မြင်တွေ့ရသည်။

ယမန်နေ့ညဘက်က တစ်ညလုံးလိုလို တစ္ဆေမကလေး ခင်နန်းသူဇာနှင့် နေခဲ့ရ၍ ရင်းနှီးပြီးဖြစ်နေသော်လည်း ယခုလို ပြန်တွေ့ရပြန်သောအခါ၌ သူ၏စိတ်တွင် ကြောက်ရွံ့စိတ်တွေ ပေါ်လာခဲ့ရပြန်သည်။

'ဘယ်လိုလဲ အယ်ဒီတာကြီးရဲ့၊ ကျွန်မ ရောက်နေတာ ဆယ်မိနစ်လောက်တောင် ရှိနေပြီ၊ အခုမှ ကျွန်မရောက်လာတာ သိသလား ခစ်… ခစ်…'

တစ္ဆေမကလေး ခင်နန်းသူဇာက ဖြိုးဇော်ဦးကို မေးပြီး ရယ်နေသည်။

'အေးဗျာ… ကျွန်တော်လည်း ဆောင်းပါးကို စိတ်ပါလက်ပါရေးနေရလို့ ခင်ဗျား ရောက်လာတာကို မသိဘူး၊ နောက် ကြက်သီးတွေဟာ အလိုလိုနေရင်း ထလာလို့ အခုလို ကြည့်လိုက်တာမှာ ခင်ဗျားကို မြင်လိုက်ရတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကလည်း… ဘာဖြစ်လို့ ကြက်သီးထနေရတာလဲ၊ အခုထက်ထိ ကျွန်မကို တစ္ဆေဆိုတဲ့အစွဲနဲ့ ကြောက်နေတာလား"

"အဟဲ… ခင်များ အဖြစ်တင်ရင်လည်းခံရမှာပဲ၊ ကျွန်တော်နဲ့ ခင်ဗျားဟာ မနေ့ညတုန်းက ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပူးကြပေမယ့် ဘဝနှစ်ခုက ခြားနားနေတော့ ကြောက်စိတ်ကလေးကတော့ ပေါ်လာတာပဲဗျ"

"မကြောက်ပါနဲ့ရှင်၊ ကျွန်မက ရှင့်ကို ဒုက္ခပေးဖို့လာတာမှ မဟုတ်ဘဲ၊ အကူအညီတောင်းဖို့ လာခဲ့တဲ့ဟာ"

တစ္ဆေမကလေး ခင်နန်းသူဇာ၏ စကားကြောင့် ဖြိုးဇော်ဦးမှာ အကြောက်ပြေသွားခဲ့သည်။

အချိန်ကလည်း ည(၈)နာရီခန့်ရှိပြီမို့ အမှောင်ထုက အတော်ပင် ကြီးစိုးထားသည်။

ဖြိုးဇော်ဦး၏ အခန်းထဲတွင် နစ်ပေမီးချောင်း ထွန်းထားသဖြင့် တစ်ခန်းလုံး လင်းထိန်နေသည်။

သူ၏ ဘယ်လက်လက်တွင် ပတ်ထားသော သူ့လက်ပတ်နာရီကို မသိမသာ လှမ်းကြည့်မိသည်။

ည (၈)နာရီထိုးရန် ငါးမိနစ်ခန့်သာ လိုတော့သည်ကို တွေ့ရသည်။

"ဟယ်… ဒုက္ခပဲ၊ ယဉ်ကြော့မေလည်း သတင်းပတ္တူပြီး





လို့ ငါ့ဆီကို ရောက်လာတော့မယ်ထင်တယ်၊ ရောက်လာရင်တော့ တစ္ဆေမနဲ့ ဆုံမိကြတော့မယ်၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ"

သူ တွေးနေခိုက် တစ္ဆေမကလေး ခင်နန်းသူဇာ၏ အသံမှာ ပေါ်ပေါက်လာခဲ့သည်။

"အယ်ဒီတာကြီး… ရှင် ဘာတွေတွေးနေတာလဲ၊ ရှင့်ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့၊ ဘာဖြစ်လို့လဲ နေမကောင်းလို့လား"

"အာ… အာ… မဟုတ်ဘူး၊ ဆုံကြီး… အဲ… အဲ… တင်ဆုံကြီး၊ ဟာ… ဒါလည်း မဟုတ်ဘူး၊ ဟို… ဟို…"

"အို… ရှင် ဘာတွေပြောနေတာလဲ၊ တင်ဆုံဆိုတာ ဘယ် သူ့တင်ဆုံလဲ၊ ကျွန်မ တင်ဆုံကို ပြောနေတာလားရှင့်၊ ခစ်… ခစ်… ခစ်… ခစ်…"

တစ္ဆေမကလေး ခင်နန်းသူဇာက မေးရင်း ရယ်နေသည်။

"မ… မ… မဟုတ်ပါဘူး၊ ဟိုလေ… တင်ဆုံကြီးတဲ့ အမျိုးသမီးတွေ ရုပ်ရှင်လာကြည့်ကြရင် ထိုင်ခုံက ကျဉ်းလွန်းလို့ သူတို့ ထိုင်လို့မရဘဲဖြစ်ပြီး ဒုက္ခရောက်နေတာကိုတွေးမိလို့ ပြောလိုက်မိတာပါ၊ ခင်ဗျားရဲ့ တင်ဆုံကိုပြောတာ မဟုတ်ပါဘူး၊ ဟား… ဟား… ဟား…"

ဖြိုးဇော်ဦးမှာ မှားသွားခဲ့သော သူ့စကားကို အဆင်ချောအောင်ပြောပြီး မရယ်ချင့်ရယ်ချင် ရယ်ပြနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်မှ ဖြစ်ရပလေတယ်ရှင်… ကျွန်မနဲ့ စကားပြောနေတုန်းမှာ ဘယ်ကနေ ဘယ်လို ကုလားထိုင်က ကျိုးတာတို့၊ မိန်းမတွေ တင်ဆုံကြီးတာတို့ဆီ စိတ်ကရောက်သွားရတာလဲ၊ ရှင်ဟာလေ… ပြောပုံဆိုပုံတွေဟာ အားကြီးရယ်စရာကောင်းတယ်၊ ဒါကြောင့် အယ်ဒီတာလုပ်နေတဲ့ လူရွှင်တော် သန်းနွဲ့တို့၊ ကျွန်တော် ချစ်မောင်တို့လို ရုပ်ရှင်တွေမှာ လူရွှင်တော်ဝင်လုပ်ဖို့ ကောင်းတယ်ရှင့်၊ ခစ်… ခစ်… ခစ်… ခစ်…'

တစ္ဆေမကလေး ခင်နန်းသူဇာမှာ ပြောပြီး ရယ်နေပြန်သည်။

'အဲ… အဲ… ခင်ဗျား အခုလိုသွားလေသူ လူရွှင်တော်တွေအကြောင်းပြောမှ မေးဖို့ သတိရတော့တယ်'

'ဘာတို့လဲရှင့်… ဘာကိုသတိရပြီး မေးမလို့လဲ'

'ဒီလိုလေ… ခင်ဗျားက လူရွှင်တော်ကြီးတွေရဲ့ အရင်ဆုံးခဲ့တာဆိုတော့ သူတို့နဲ့ ခင်ဗျားဟာ မဆုံမိကြဘူးလားဆိုတာ မေးချင်တာပါ'

'ဘယ်လိုလုပ်ပြီး ဆုံနိုင်မှာလဲရှင်'

'ဘာဖြစ်လို့ ခဆုံကြရတာလဲ၊ သူတို့က နတ်ပြည်ကို ရောက်သွားကြလို့လား'

'အဲဒါတော့ ကျွန်မ ဘယ်သိမလဲ၊ သူတို့ လူ့ဘဝတုန်း





က ကုသိုလ်ကောင်းမှု ပြုကြမယ်၊ သူများကို မတော်မတရား ညှဉ်းပန်းနှိပ်စက်မှုတွေ မပြုခဲ့ဘဲ စိတ်ကောင်းစေတနာကောင်းတွေ ထားခဲ့ကြမယ်ဆိုရင်တော့ နတ်ဘုံကို ရောက်နိုင်မှာပေါ့'

တစ္ဆေမကလေး ခင်နန်းသူဇာက ရှင်းပြနေသည်။

'ဒို့… ခင်ဗျားကကော လူ့ဘဝတုန်းက ကောင်းမှုကုသိုလ်တွေ မလုပ်ခဲ့လို့လား'

'လုပ်ခဲ့ပါတယ်… ဒါပေမဲ့ သေဆုံးတဲ့ကိစ္စတွေမှာ ကွဲပြားမှုတွေက ရှိနေလို့ ကျွန်မဟာ တစ္ဆေဘဝကို ရောက်ခဲ့ရတာပေါ့'

'ဒါလေးတွေကို ကျွန်တော် နားလည်အောင် ရှင်းမပြနိုင်ဘူးလား'

'ရပါတယ်လေ၊ ဒီလိုရှင့်… လူတွေ သေဆုံးကြတဲ့နေရာမှာ အစိမ်းသေနဲ့ အကျက်သေဆိုတာ ရှိတယ်၊ ဒီစကားတွေထက် ပိုပြီး ခပ်ရိုင်းရိုင်းပြောရမယ်ဆိုရင် သေခြင်းဆိုးနဲ့ သေဆုံးရခြင်းနဲ့ ရိုးရိုးပျားနာပြီး သေဆုံးရခြင်းဆိုတာရှိတယ်၊ တစ်ခါ သေခြင်းဆိုးနဲ့ သေကြရတဲ့နေရာမှာလည်း ပွဲချင်းပြီး သေဆုံးရတာကတစ်မျိုး၊ နောက် အချိန်အနည်းငယ်ကြာမှ သေဆုံးခဲ့ကြတာကတစ်မျိုးရှင့်၊ အဲ… ပွဲချင်းပြီးသေဆုံးခဲ့ကြတဲ့သူတွေအဖို့ကတော့ မိမိပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို ဘာမှသတိမရကြတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ. အစိမ်းသေဘဝနဲ့ပဲ တစ္ဆေသရဲတွေ ဖြစ်ကုန်ကြတာပေါ့၊ ဒါပေမဲ့ လူ့ဘဝတုန်းက ပြုထားခဲ့တဲ့ ကုသိုလ်တွေရှိနေရင် တစ္ဆေသရဲဘဝမှာ ခေတ္တပဲနေရပြီး နတ်ဘဝနဲ့ လူ့ဘဝကို ရကြပါတယ်'

ဖြိုးဇော်ဦးမှာ တစ္ဆေမကလေး ခင်နန်းသူဇာ ရှင်းပြနေသည်ကို စိတ်ဝင်စားစွာနှင့် နားထောင်နေသည်။

'အဲ... သေခြင်းဆိုးနဲ့ သေကြရပေမယ့် ချက်ချင်းအသက်မသေကြတဲ့လူတွေအဖို့မှာတော့ သေမယ့်ဆဲဆဲမှာ ဘုရားတရားနဲ့ မိမိပြုလုပ်ခဲ့တဲ့ ကောင်းမှုတွေကို သတိရလိုက်ကြရင်တော့ သူတို့တစ်တွေဟာ နတ်ဘုံကိုရောက်ချင် ရောက်သွားမယ်၊ ဒါမှမဟုတ် လူ့ဘုံကိုရောက်ချင် ရောက်သွားမယ်၊ တစ္ဆေဘဝကိုတော့ မရောက်ကြတော့ဘူး၊ ကျွန်မ ပြောပြနေတာ ရှင် သဘောပေါက်ရဲ့လား'

'ဟုတ်ကဲ့ ပေါက်ပါတယ်ဗျာ၊ သေခြင်းဆိုးဆိုတာတွေက ကားတိုက်ခံရလို့သေခြင်း၊ လေယာဉ်ပျံပျက်ကျလို့သေခြင်း၊ အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့်သေခြင်းစတာတွေပေါ့။ အဲဒီလိုသေကြရပေမယ့် တချို့က On the Spot. [အွန်သီစပေါ့(တ်)] ဖြစ်ဖြစ်ချင်းသေကြရတဲ့ လူတွေအဖို့တော့ ဘာကောင်းမှုတွေကိုမှ မစဉ်းစားနိုင်လို့ တစ္ဆေသရဲ ဖြစ်သွားကြရတယ်။ On the Spot. နဲ့ မသေဘဲ ဖြည်းဖြည်းကျမှ သေဆုံးခဲ့ကြ





ရသူတွေကျတော့ ဝေဒနာခံစားနေရတဲ့ကြားက ဘုရား၊ တရား၊ သံဃာစတဲ့ ရတနာသုံးပါးကိုပဲဖြစ်ဖြစ် မိမိပြုလုပ်ထားခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကိုပဲဖြစ်ဖြစ် သတိရမိရင် တစ္ဆေသရဲမဖြစ်ဘဲ လူ့ဘုံ၊ နတ်ဘုံကိုရောက်နိုင်တယ်လို့ဆိုလိုတာ မဟုတ်လားဗျ'

'မှန်တာပေါ့ရှင်၊ ရိုးရိုးဖျားနာပြီး သေဆုံးခဲ့ကြရတဲ့သူတွေအတွက်ကတော့ ရတနာသုံးပါးနဲ့ မိမိပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို သတိရမှာမလွဲလို့ သူတို့ကျတော့ ဘဝကူးကောင်းကြတာပေါ့။ အဲ... ဒါပေမဲ့ လူ့ဘဝတုန်းက ဘာကောင်းမှုမှမလုပ်ဘဲ ခိုးဝှက်တိုက်ခိုက် လုယက်ခဲ့ကြတဲ့သူတွေ၊ ဘာသာရေးကို ဘန်းပြပြီး လိမ်ညာစားခဲ့ကြတဲ့လူတွေ၊ အာဏာပါဝါတွေပြပြီး လူတစ်ဖက်သားကို နှိပ်စက်ခဲ့ကြတဲ့လူတွေအဖို့တော့ အစိမ်းပဲသေသေ၊ အကျက်ပဲသေသေ သူတို့သွားကြရမယ့် နေရာကတော့ အဝီစိငရဲပဲရှင့်၊ ကျွန်မတို့လို တစ္ဆေဘဝတောင် မရောက်နိုင်ဘူး'

'အင်း... ဟုတ်တယ်၊ အဲဒီလို လူယုတ်မာတွေအဖို့ကတော့ အဝီစိငရဲနဲ့ပဲ ထိုက်တန်ပါတယ်လေ၊ ဒါထက် ခင်ဗျားကကော အစိမ်းသေပဲမဟုတ်လား'

'ဟုတ်တယ်... ကျွန်မလည်း သေခြင်းဆိုးနဲ့ သေခဲ့ရလို့ အစိမ်းသေလို့ ခေါ်နိုင်ကာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ခင်ဗျား သေဆုံးခဲ့ရတာက အစိမ်းသေနဲ့ သေခဲ့ ရတာလား၊ ကျွန်တော်က ရိုးရိုးဖျားနာပြီး သေဆုံးခဲ့တယ်လို့ ထင်နေတာဗျ'

ဖြိုးဇော်ဦး၏စကားများကြောင့် တစ္ဆေမကလေး ခင်နန်းသူဇာမှာ ရယ်နေသည်။

'ဘယ်လိုကြောင့် ခင်ဗျားဟာ အစိမ်းသေအဖြစ်နဲ့ သေဆုံးခဲ့ရတယ်ဆိုတာကို ပြောမပြနိုင်ဘူးလားဗျာ'

ဖြိုးဇော်ဦးက သိလိုဟန်နှင့် တစ္ဆေမကလေး ခင်နန်းသူဇာကို မေးနေသည်။

'ပြောပြမှာပေါ့၊ ပြောပြချင်လို့လည်း ထပ်ပြီး လာခဲ့ရတာပေါ့၊ ကျွန်မ အစိမ်းသေဘဝနဲ့ ဘာကြောင့်သေဆုံးခဲ့ရတာသာ မကဘူး၊ မနေ့ညတုန်းက ရှင်မေးခဲ့တဲ့ ကျွန်မရဲ့ချစ်ဇာတ်လမ်းကလေးကိုပါ ပြောပြမယ်လေ၊ မနေ့ညကတော့ အချိန်မရလို့ မပြောနိုင်ခဲ့ပေမယ့် ဒီညတော့ အချိန်ရလို့ ပြောပြမယ်၊ ရှင်တဝကြီးသာနားထောင်ပေတော့၊ အဲ… ကျွန်မရဲ့ချစ်ဇာတ်လမ်းကို ပြောပြပြီးတဲ့အခါမှာ ရှင်ဟာ ကျွန်မကို အကူအညီပေးရလိမ့်မယ်နော်'

'ကျွန်တော် ကူညီနိုင်တဲ့ကိစ္စဆိုရင် ကူညီပါ့မယ်လေ၊ ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ဒီတော့ ခင်ဗျားရဲ့ လူ့ဘဝတုန်းက





ဇာတ်လမ်းလေးကို ပြောပေတော့ဗျို့'

ဖြိုးဇော်ဦးက တစ္ဆေမကလေး ခင်နန်းသူဇာ၏ လူ့ဘဝကဇာတ်လမ်းကို သိလိုဟန်နှင့် ပြောခိုင်းနေသည်။

တစ္ဆေမကလေး ခင်နန်းသူဇာမကလည်း ပြောပြရန် ဖြစ်သည်။ ထိုအခိုက်မှာပင် အပြင်ဘက်မှ ယဉ်ကြော့မေ၏ ခေါ်သံမှာ ထွက်ပေါ်လာခဲ့သည်။

'ကိုဖြိုးရေ… ယဉ်ယဉ် ပြန်လာပြီ၊ တံခါးလာဖွင့်ပါဦး'

ယဉ်ကြော့မေ ရောက်သည်ကိုသိရလျှင် ဖြိုးဇော်ဦးမှာ လန့်ဖျပ်ကာ 'ဟိုက်…          ဟူ၍ သူ၏နှုတ်ဖျားမှ အာမေဋိတ်သံကြီးမှာ ထွက်ပေါ်လာခဲ့ပါတော့သည်။

'ဒါက ဘာဖြစ်သွားရတာလဲ အယ်ဒီတာကြီးရဲ့'

တစ္ဆေမကလေး ခင်နန်းသူဇာက သူ့ကို လှမ်းမေးနေသည်။

'ဘာဖြစ်ရမှာလဲ၊ အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုတာမျိုးလို ကျွန်တော့်ချစ်သူ ယဉ်ကြော့မေ ရောက်လာလို့ပေါ့'

'အမယ်လေးရှင်… ဒါများ ရှင့်မှာ ဗျာများနေလိုက်တာ၊ သူ ရောက်လာရော ဘာဖြစ်သလဲရှင့်'

'ဖြစ်တာပေါ့၊ သူက ကျွန်တော့်ကို အရမ်းချစ်နေတော့ သဝန်တိုတယ်ဗျ၊ အခုလို ညအချိန်ကြီးမှာ ခင်ဗျားနဲ့ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ နှစ်ယောက်တည်းရှိနေတာ သူ မြင်ရရင်တော့ ပြဿနာတွေ အရမ်းကို တက်တော့မှာဗျ'

ဖြိုးဇော်ဦးက စိုးရိမ်ထိတ်လန့်သံနှင့် ပြောပြနေသည်။

'ဒီလောက်လည်း စိုးရိမ်ပူပင်မနေပါနဲ့ရှင်၊ ကျွန်မနဲ့ ရှင့်ကို သူက အထင်မမှားနိုင်ပါဘူးလေ၊ ကျွန်မ ရှင်းပြပေးပါ့မယ်'

'အာ… အာ… ရှင်း… ရှင်းမပြပါနဲ့၊ ခင်ဗျားရှင်းပြရင် ပိုပြီး ကျိုင်တက်နေပါဦးမယ်၊ ဒီတော့ ခင်ဗျား တစ်နေရာရာမှာ ပုန်းနေပါဗျာ'

ဖြိုးဇော်ဦးက တစ္ဆေမကလေး ခင်နှန်းသုဇာကို ယဉ်ကြော့မေ မမြင်စေရန် ပုန်းခိုင်းနေသည်။

တစ္ဆေမကလေး ခင်နှန်းသုဇာကတော့ သူပြောသလို ပုန်းမနေဘဲ တခစ်ခစ်နှင့်သာ ရယ်နေသည်။

'ဟာဗျာ… ခင်ဗျားကလည်း တစ်နေရာရာမှာ ပုန်းနေပါဆိုကာမှ ဘာဖြစ်လို့ ရယ်ရတာလဲဗျ'

'ရယ်ဆို ရှင်ပြောနေတာတွေက ရယ်စရာတွေမို့ပေါ့'

'ဟော… ခင်ဗျားကတော့ လုပ်ပြီ၊ အခုဟာက ရယ်စရာမဟုတ်ဘူး၊ ကျွန်တော့် မဒီကညာတွေ့ရင် ကြေညီမသာနဲ့ မသာဒီစရာတွေ ဖြစ်ကုန်မှာစိုးလို့ဗျ၊ ဒီတော့ မြန်မြန်သာ ပုန်းနေစမ်းပါဗျာ'





ဖြိုးဇော်ဦးကတော့ တစ္ဆေမကလေး ခင်နှန်းသုဇာကို စွတ်ဖယ် ပုန်းခိုင်းနေသည်။

'ခက်လိုက်တာရှင်… ကျွန်မကိုပုန်းခိုင်းရအောင် ကျွန်မက လူသားမှ မဟုတ်တာ၊ ရှင်က တစ္ဆေမကို ပုန်းခိုင်းနေတာကြားရလို့ ကျွန်မ ရယ်နေတာပေါ့၊ စိတ်ချ… ရှင့်ချစ်သူဟာ ကျွန်မကို မမြင်နိုင်ပါဘူး၊ ကျွန်မတို့ တစ္ဆေတွေမှာ ကိုယ်မြင်စေချင်တဲ့ လူသားကိုမှ မြင်နိုင်စေပြီး မမြင်စေချင်တဲ့လူကိုတော့ မမြင်ရအောင်လုပ်နိုင်တဲ့ အစွမ်းရှိပါတယ်လေ၊ ဒီတော့ ပူမနေပါနဲ့၊ အခန်းတံခါးကိုသာ သွားဖွင့်ပေးလိုက်ပါ'

'အဲ… ဟုတ်သားပဲ၊ ဒါတွေကိုမေ့ပြီး ခင်ဗျားကို အပုန်းခိုင်းနေတော့ ရယ်စရာဖြစ်နေတာပေါ့၊ နို့… ခင်ဗျားရဲ့ ရုပ်သွင်ကို မမြင်နိုင်ပေမယ့် အသံကိုကော တခြားလူတွေက မကြားနိုင်ဘူးလားဗျ'

ဖြိုးဇော်ဦးက သိလိုဟန်နှင့် မေးနေပြန်သည်။

'အင်း… အသံကိုတော့ ကြားချင် ကြားကြမှာပေါ့လေ'

သူတို့ အချီအချ စကားပြောနေကြခိုက် အပြင်ဘက်မှ ယဉ်ကြော့မေ၏အသံကတော့ သုံးလေးကြိမ်မက အခန်းတံခါးကို ထုရိုက်ရင်း ဖြိုးဇော်ဦးကို အော်ခေါ်နေသည်။

'ကိုဖြိုး… ခေါ်နေတာ မကြားဘူးလား၊ ဘာလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ အိပ်ပျော်နေတာလား၊ တံခါးကို မြန်မြန်လာဖွင့်လေ'

တဆွေမကလေး ခင်နန်းသူဇာကလည်း ယဉ်ကြွေမေ ခေါ်သံကြောင့် ဖြိုးဇော်ဦးကို ပြောနေသည်။

'ကဲ… အယ်ဒီတာကြီး၊ ဟိုက တံခါးဖွင့်ခိုင်းနေပြီ၊ သွားဖွင့်ပေးလိုက်လေ'

'ဟုတ်ကဲ့… သွားပါမယ်၊ ခင်ဗျားကတော့ ဘယ်မှာ ပုန်း အဲ… အဲ… ဘယ်လိုနေမှာလဲဗျ'

ဖြိုးဇော်ဦးက စိတ်မချသံနှင့် တဆွေမကလေး ခင်နန်းသူဇာကို လှမ်းမေးနေသည်။

'ဘယ်လိုနေရမှာလဲ၊ ရှင့်ချစ်သူမမြင်အောင် ကိုယ်ယောင်ဖျောက်နေမှာပေါ့၊ သွားတော့လေ…'

ထိုအခါကျမှ ဖြိုးဇော်ဦးမှာ တံခါးဖွင့်ပေးရန် အမြန်ထွက်သွားခဲ့သည်။

'ကိုဖြိုး… ဒါက ဘယ်လိုဖြစ်တာလဲ၊ တံခါးကိုလည်း မပိတ်စဖူး ပိတ်ထားတယ်။ တံခါးဖွင့်ပွဲခေါ်နေတော့လည်း တော်တော်နဲ့ လာမဖွင့်ဘူး'

ယဉ်မေကြွေမှာ ဖြိုးဇော်ဦးအား တွေ့လျှင်တွေ့ချင်း အထက်ပါအတိုင်း ရန်တွေ့နေတော့သည်။

'အာ… ယဉ်ယဉ်ကလည်း၊ မောင် အိမ်သာတက်နေရ





လို့ပါ၊ ခဏလောက်တော့ သည်းခံပါ၊ တကတည်း နောက်က ကျားလိုက်လာတဲ့အတိုင်း အလောတကြီး ဖြစ်နေရသလားကွာ'

ဖြိုးဇော်ဦးက မှင်သေသေနှင့် ဆင်ခြေပေးနေသည်။

'ကိုဖြိုး အခု ပြောနေတာတွေဟာ အမှန်တွေလား၊ မုသားတွေလား'

'ဗုဒ္ဓေါ… ဘာသဘောနဲ့ မောင့်ကို အခုလို သံသယစိတ်နဲ့ မေးနေတာလဲ'

'မေးနေဆို ကိုဖြိုးရဲ့ အခန်းထဲမှာ စကားပြောသံတွေကို ရော၊ ရယ်သံတွေကိုနေရာ ယဉ်ယဉ် ကြားလိုက်ရလို့ပေါ့'

'ဟိုက်… သောက်ပလုတ်တုတ်တုတ်'

'ဘာ… သောက်ပလုတ်တုတ်တုတ်လဲ၊ ဟင်းနော်… ရှုတ်ရှုတ် ရှုတ်ရှုတ်နဲ့ လာရှုပ်မယ်မကြံနဲ့၊ ဂုတ်ဂုတ် ဂုတ်ဂုတ်မြည်အောင် တုတ်နဲ့ ခေါ်လယန်တီးလိုက်လို့ ဂုတ်ဂုတ် ဂုတ်ဂုတ်နဲ့ အပြေးပေါက်တဲ့ ခွေးတစ်ကောင်လို သေးမရှောင်နိုင်ဘဲ သေနေလိမ့်မယ် သိလား၊ ဟွန်း…'

'အလိုလေးလေ… မာန်လိုက်မဲလိုက်တာ ကြောက်လန့်စရာကြီးပါကလား၊ ကဲ… ကဲ… ယဉ်ယဉ် မယုံရင် မောင့်အခန်းထဲကို ဝင်ရှာကြည့်ပါဗျာ၊ Nobody is my room. ပါဗျာ ဟဲ… ဟဲ'



www.burmeseclassic.com

www.burmeseclassic.com


ဖြိုးဇော်ဦးက ပြောင်ချော်ချော်နှင့် ယဉ်ကြေးမေကို ပြော နေသည်။

'မရှိရင် ပြီးတာပဲ၊ ရှိရင်တော့ နာပြီသာမှတ်'

ယဉ်ကြေးမေ ပြောရင်း အခန်းထဲသို့ ဝင်လာခဲ့သည်၊

၀ ၀ ၀



ရှစ်

## သံသယကြောင့် ဒုက္ခရောက်ရသူ

'ကိုင်း… မောင့်အခန်းထဲမှာ ဘယ်သူမှမရှိဘူးဆိုတာကို ယဉ်ယဉ် ယုံပြီမဟုတ်လား။ ဟဲ… ဟဲ…'

အခန်းတွင်းသို့ အရောက်တွင် ဖြိုးဇော်ဦးက ဘောလုံးပွဲတွင် အနိုင်ရခဲ့သော နည်းပြကြီး၏ ဟန်မျိုးနှင့် ပြောနေသည်။

'သိပ်ကြွားမနေနဲ့ဦး၊ ယဉ်ယဉ်မှ မရှာရသေးတာ'

ယဉ်ကြေးမေက အလျှော့မပေးသံနှင့် ဖြိုးဇော်ဦးကို ကြန်ပြောသည်။ သူတို့နှစ်ဦး ပြောဆိုနေကြသည်ကို အခန်းထဲတွင် ရှိနေသော တစ္ဆေမကလေး ခင်နန်းသူဇာက အလုံးစုံကြားနေရ၏


www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပြုံးကြည့်နေသည်။

သို့ ပြုံးကြည့်နေသည်ကို ယဉ်ကြော့မေသာမက ဖြိုးဇော်ဦးလည်း မမြင်ရပေ။

အကြောင်းမှာ တစ္ဆေမကလေး ခင်နှန်းသူစာက နှစ်ဦးစလုံးမမြင်နိုင်အောင် ကိုယ်ယောင်ဖျောက်ထား၍ဖြစ်သည်။

ယဉ်ကြော့မေမှာ ဖြိုးဇော်ဦး၏အခန်းတွင်းသို့ ရောက်သည်နှင့် အနှံ့အပြား လိုက်လံ၍ရှာဖွေနေသည်။

စားပွဲခုံအောက်၊ ဗီရိုအောက်နှင့် ရေချိုးခန်းနှင့် အိမ်သာထဲကိုပါမကျန် မမောမပန်း လိုက်၍ရှာကြည့်နေသည်။

မည်သို့ပင် သူမ ရှာဖွေစေကာမူ မည်သူ့ကိုမှ မတွေ့ရပေ။

'ရှာလှချည်လား အချစ်ရယ်၊ မင်းရှာနေတာကိုကြည့်ရတာ မောင်တောင် ခေါင်းမူးလာတယ်ကွာ၊ ဟဲ… ဟဲ…'

ဖြိုးဇော်ဦးက ယဉ်ကြော့မေကို လှောင်နေသည်။

'ခေါင်းမူးနေရင်လည်း သူများရှာနေတာကို မကြည့်နဲ့ပေါ့ရှင်၊ ယဉ်ယဉ်ကတော့ ရှာမှာပဲ'

'နေစမ်းပါဦး… တစ်ခန်းလုံးအနှံ့ရှာပြီးနေပြီပဲဟာ၊ ဘယ်နေရာတွေ ထပ်ပြီးရှာဦးမလို့လဲ၊ ပင်ပန်းခံမနေနဲ့တော့ကွာ'

'ပင်ပန်းပေ့စေ… ယဉ်ယဉ်ရဲ့ နားနဲ့ဆတ်ဆတ် ကိုဖြိုးရဲ့





အသံရော အမျိုးသမီးတစ်ယောက်ရဲ့ ပြောသံ ဆိုသံ ရယ်သံတွေကို ကြားနေရသားနဲ့ ဒီအခန်းထဲမှာ မတွေ့ရတာကို နည်းနည်းကလေးမှ မကျေနပ်ဘူး၊ ဒါကြောင့် ရှာနေတာပေါ့၊ ဟွင်း…'

'ဩော်… ခက်လိုက်ပါသိ၊ ယဉ်ယဉ်ကြားခဲ့ရတဲ့အသံတွေက တခြားအခန်းတွေက ဖွင့်ထားတဲ့ ရေဒီယိုကလာတဲ့အသံတွေဖြစ်ရင်ဖြစ် မဖြစ်ရင် ဗီဒီယိုအခွေကပါတဲ့ အသံတွေဖြစ်မှာပေါ့'

'မဟုတ်ဘူး… ကိုဖြိုးအသံမှ ကိုဖြိုးအသံပါ၊ ယဉ်ယဉ် နားကြားမမှားဘူး သိလား'

ယဉ်ကြော့မေ ပြန်ပြောရင်း သူမ ရှာမကြည့်ရသေးသော ကျွန်းသားဗီရိုကြီးကို ဖွင့်ရှာရန်ပြင်သည်။

သို့သော် ထိုဗီရိုကြီးမှာ သော့ခတ်ထား၍ ယဉ်ကြော့မေမှာ ဖြိုးဇော်ဦးဘက်သို့လှည့်ကာ သော့ကိုတောင်းသည်။

'ကဲ… ကိုဖြိုး၊ ဗီရိုသော့ပေးစမ်း၊ အဲဒီအထဲမှာ ကိုဖြိုးက အမျိုးသမီးကို ဝှက်ထားချင်ရင် ဝှက်ထားမှာ၊ သော့ကိုသာပေးပါ'

'ရော… ခွက်နေပါပြီ၊ အဲလေ… ခက်နေပါပြီ၊ ဒီဗီရိုကြီးထဲမှာ ဘယ်လိုလုပ်ပြီး အမျိုးသမီးကို ဝှက်ထားလို့ရမှာတဲ့လဲ၊ စာအုပ်တွေနဲ့ ပြည့်နေတဲ့ဟာ၊ ဒီအထဲမှာ ထည့်ဝှက်ပြီးထား



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း အဝှက်ခံရတဲ့အမျိုးသမီးဟာ အသက်ရှုကျပ်ပြီး မသာပေါ်သွားမှာပေါ့ ယဉ်ယဉ်ရဲ့၊ ဟဲ… ဟဲ…'

ဖြိုးဇော်ဦးက မပေးလိုဟန်နှင့် ငြင်းနေသည်။

'အို… မရဘူး၊ အဲဒီဗီရိုထဲမှာ ကိုဖြိုးရဲ့ တအုပ်တွေထားမှန်း ယဉ်ယဉ်လည်း အသိသားပဲ'

'သိရဲ့သားနဲ့ ဘာဖြစ်လို့ ဗီရိုကိုဖွင့်ပြီး ရှာချင်ရတာလဲ'

'ယဉ်ယဉ့်စိတ်ထဲမှာ ရှာချင်သလိုရှိလို့ပေါ့၊ ကဲဝါ… သော့ ကိုပေးစမ်းပါဆို'

ယဉ်ကြော့မေက ဇွတ်ပင် သော့ကို တောင်းနေသည်။

ဖြိုးဇော်ဦးလည်း ငြင်းမနေတော့ဘဲ သော့ကိုပေးလိုက်သည်။ ယဉ်ကြော့မေမှာ သော့ရသည်နှင့်တစ်ပြိုင်နက် ဗီရိုမှသော့ခလောက်ကို အမြန်ဖွင့်သည်။

သော့ခလောက်ကို ဖြုတ်ယူပြီးနောက် ဗီရိုကိုဖွင့်ကာ အတွင်းသို့ကြည့် လိုက်သည်။

ဤတွင် မည်သည့်အချိန်က ဗီရိုထဲတွင် ရောက်နေသည် မသိ၊ တစ္ဆေမကလေး ခင်နန်းသူဇာမှာ ယဉ်ကြော့မေက ဗီရိုဖွင့် လိုက်သည်နှင့်–

'တူတူရေ… ဝါး…'ဟူသော အသံကြီးနှင့် အော်လိုက်သည်။ ထိုအော်သံကြောင့် ယဉ်ကြော့မေမှာ ရုတ်တရက် လိပ်ပြာ





လွင့်စင်သွားသလိုဖြစ်ပြီး 'အောင်မယ်လေးတော်…'ဟူ၍ အော်ရင်း မတ်တတ်မှ လဲကျကာ သတိလစ်သွားခဲ့တော့သည်။

ယဉ်ကြော့မေ လဲကျသွားသည်ကို မြင်လိုက်ရလျှင် ဖြိုးဇော်ဦးမှာ အမြန်ပြေးကာ သူ့ရင်ခွင်ထဲ၌ ပွေ့ချီထားရင်း သတိရအောင် လှုပ်နေရသည်။

'ယဉ်ယဉ်… အချစ်… မောင်ရှိတယ်လေ၊ သိပ် မကြောက်ပါနဲ့'

သူက ယဉ်ကြော့မေ၏ကိုယ်ကလေးကို လှုပ်၍ သတိရစေရန် ပြောနေသည်။ တစ္ဆေမကလေး ခင်နန်းသူဇာကတော့ သူတို့ အဖြစ်ကိုကြည့်ရင်း ဗီရိုတွင်းမှ ထွက်လာခဲ့သည်။

ဖြိုးဇော်ဦးမှာ တစ္ဆေမကလေးခင်နန်းသူဇာကိုလှမ်းကြည့်ရင်း အပြစ်တင်သံနှင့် ပြောနေသည်။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ ခင်နန်းသူဇာ၊ ဒီမယ် ကျွန်တော့်ချစ်သူဟာ ခင်ဗျားကြောင့် မေ့သွားပြီ၊ ဘာဖြစ်လို့ သူ့ကို ကြောက်အောင် ခြောက်လိုက်ရတာလဲဗျာ၊ ခင်ဗျားလုပ်ပုံက မကောင်းပါဘူး၊ လူတွေကို ကြောက်အောင်လန့်အောင် မခြောက် လှန့်ဘူးဆိုဗျ'

'အို… ကျွန်မက ဘယ်မှာခြောက်လှန့်လို့လဲ၊ သူ့ဘာသာ အကြောက်လွန်ပြီး မေ့သွားတဲ့ဟာ၊ ကျွန်မက သူ့ကို စလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပါရှင်၊ ခစ်… ခစ်… ခစ်… ခစ်…'

'ဟာဗျာ… ခင်ဗျားက စတာပေမယ့် သူကတော့ အကြောက်လွန့်ပြီး မေ့နေပြီ၊ သတိမှ ပြန်ရပါဦးလေား၊ ဆေးရုံပို့မှ ထင်တယ်'

'အမယ်လေးတော်… အဖြစ်ကလည်း သည်းနေပြန်ပါပြီ၊ သူက သတိလစ်ရုံလစ်တာပါ၊ အသက်ထွက်သွားတာမှ မဟုတ်တာ၊ ရေအေးအေးတစ်ခွက်ကို သူ့ပါးစပ်ထဲ ထည့်တိုက်လိုက်ပါ၊ ခဏနေရင် သတိပြန်ရလာပါလိမ့်မယ်'

'ခင်ဗျားပြောတာက လွယ်လိုက်တာ၊ သူက ခင်ဗျားကို မြင်လိုက်ရလို့ လန့်ပြီး မေ့သွားတဲ့ဟာ၊ ချက်ချင်း သတိရပါ့မလား၊ ခင်ဗျားကလည်း စောစောတုန်းကလို ကိုယ်ယောင်ဖျောက်မနေဘဲ ဘာကိစ္စ သူ့ကို ကိုယ်ထင်ပြလိုက်ရတာလဲ'

ဖြိုးဇော်ဦးက ဆက်၍ အပြစ်တင်နေသည်။

'ဪ… ခက်လိုက်တာ၊ ကျွန်မက သူ့ကို စချင်လို့ အခုလို လုပ်လိုက်တာပါ'

သူတို့နှစ်ဦး ပြောနေကြခိုက် ယဉ်ကြော့မေမှာ သတိလစ်နေရာမှ သတိရလာဟန်နှင့် ကိုယ်ကလေးကိုတွန့်ကာ မျက်စိကို ဖွင့်ကြည့်သည်။ စောစောက သူမမြင်တွေ့လိုက်ရသော ခင်နန်းသူဇာမှာ သူတို့အနီး၌ ရပ်နေသည်ကို မြင်လိုက်သည်။





ဤတွင် ယဉ်ကြော့မေမှာ ထောင်းခနဲ ဒေါသတွေထွက်သွားခဲ့သည်။ ဒေါသစိတ်ကြောင့် ဖြိုးဇော်ဦး၏ရင်ခွင်ထဲမှ ရုန်းထွက်ကာ မတ်တတ်ရပ်လိုက်သည်။

'ဟော… ယဉ်ယဉ် သတိရလာပြီနော်၊ မောင်ကဖြင့် စိတ်ပူလိုက်ရတာ၊ အခု ဘယ်လိုနေသေးသလဲ'

ဖြိုးဇော်ဦးက မျက်နှာလိုအားရသံနှင့် ယဉ်ကြော့မေကို ချော့နေသည်။ ယဉ်ကြော့မေမှာတော့ သူပြောသောစကားကို အရေးမထားဘဲ တစ္ဆေမကလေး ခင်နန်းသူဇာကို လက်ညှိုးထိုးပြရင်း မေးနေသည်။

'သူက ဘယ်သူလဲ၊ သူနဲ့ ကိုဖြိုးနဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ ရှင်ပြောတုန်းကတော့ အခန်းထဲမှာ ဘယ်သူမှမရှိဘူးဆို၊ အခု သူက ဘယ်ကရောက်လာတာလဲ၊ အခုလို ယဉ်ယဉ့်ကွယ်ရာမှာ ကြိတ်ပုန်းခုတ်တာ ကောင်းသလားဟင်'

ယဉ်ကြော့မေ၏ နှုတ်ခမ်းများမှ စက်သေနတ်ပစ်သလို တရစပ်ထွက်ပေါ်လာနေသည်။

'အာ… မဟုတ်ဘူး ယဉ်ယဉ်၊ သူနဲ့ မောင်က ဘယ်လိုမှ မပတ်သက်ပါဘူး၊ မောင်ဟာ ဘယ်မိန်းမနဲ့မှ ကြိတ်ပုန်းလည်း မခုတ်တတ်ပါဘူး၊ ယဉ်ယဉ် အထင်မှားနေတာပါ'

'ဘာအထင်မှားရမှာလဲ၊ ကိုယ့်မျက်စိရှေ့မှာတင် အတွ



www.burmeseclassic.com

www.burmeseclassic.com



အရှား မြင်နေရတဲ့ဟာရှင်၊ မစင်စားပြီးပြောရင်တောင် မယုံဘူး သိလား၊ ဒီတော့ မှန်မှန်ပြောစမ်း၊ သူက ဘယ်သူလဲ'

ယဉ်ကြော့မေက ဒေါသတကြီးနှင့် မေးနေသည်။

'သူလား… တစ္ဆေလေ'

'ဘာပြောတယ်…'

ယဉ်ကြော့မေမှာ နားမလည်ဟန်နှင့် ပြန်မေးသည်။

'တစ္ဆေပါလို့ မောင်ပြောနေတယ်၊ သူက လူမဟုတ်ဘူး'

'သွားစမ်းပါ… မဟုတ်တာတွေကို ကယောင်ကတမ်းနဲ့ လျှောက်ပြောနေနဲ့၊ ယဉ်ယဉ် လုံးဝ မယုံဘူး'

'ရော… ဘာဖြစ်လို့လဲ အချစ်ရယ်၊ မောင်က အမှန်ပြောနေတာပါ'

'ဘာဖြစ်ရမှာလဲ… တစ္ဆေဆိုရင် ကြောက်လန့်စရာကောင်းတဲ့ ရုပ်သွင်ကြီးဖြစ်ရမှာပေါ့၊ အခုတော့ မိုးပေါ်ကကျလာတဲ့ နတ်သမီးတစ်ပါးလို လှနေတဲ့ဟာ၊ ကိုဖြိုးပြောတာ ယုံနိုင်ပါ့မလား'

သူတို့နှစ်ဦး ပြောဆိုနေကြသံတွေကို နားထောင်နေသော တစ္ဆေမကလေး ခင်နှန်းသူဇာက ဝင်ပြောလိုက်သည်။

'အယ်ဒီတာကြီးပြောနေတာ အမှန်ပါ ညီမရယ်၊ မမက လူသား မဟုတ်ပါဘူး၊ နာနာဘာဝပါကွဲ့'





သို့သော် ယဉ်ကြော့မေကတော့ ယုံကြည်ပုံမရပေ။

'သွားစမ်းပါ… ရှင်တို့နှစ်ယောက် အတိုင်အဖောက်ညီညီနဲ့ ကျွန်မကို ဖိန့်မယ်မကြံပါနဲ့၊ မရသေးထဲက မရသေးဘဲ သိလား'

'အိုကွယ်… ညီမကလည်း ဇွတ်သာပြောနေတာကိုး၊ ကဲ… ဒါဆို မမရဲ့လက်ကို လာကိုင်ကြည့်လေ'

တစ္ဆေမကလေး ခင်နှန်းသူဇာက ပြောရင်း လက်ကို ဆန့်တန်းပေးထားသည်။

'ရှင့်လက်ကို ကိုင်ကြည့်လို့ ဘာထူးခြားမှာမို့လဲ၊ ဆရာဝန်တွေ လူနာကို သွေးခုန်နှုန်းစမ်းသလို စမ်းသပ်ရမှာလား၊ ဟွင်း…'

'ဟုတ်တယ်လေ… လူသားအစစ်ဆိုရင် လက်ကပူနွေးပြီး သွေးခုန်နှုန်းရှိမှာပေါ့၊ နာနာဘာဝတွေကျတော့ မရှိဘူး၊ လက်ကလည်း ရေခဲကိုင်ရသလို အေးနေတယ်လေ၊ ဒီတော့ ကိုင်ကြည့်ပါ…'

တစ္ဆေမကလေး ခင်နှန်းသူဇာက အတင်းပင် လက်ကို ကိုင်ခိုင်းနေ၍ ယဉ်ကြော့မေမှာ စိတ်ပေါက်ပေါက်နှင့် ဆွဲယူကာ ကိုင်ကြည့်လိုက်သည်။

'ဘယ်လိုလဲ… မမရဲ့လက်တွေဟာ အေးစက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား'

တဆွေမကာလေး ခင်နန်းသူဇာက မေးနေသည်။

ဖြိုးဇော်ဦးကတော့ မည်သို့မျှ ဝင်မပြောဘဲ ဘေးမှ ရပ်ကြည့်နေသည်။

'အင်း… ဟုတ်တယ်၊ အရမ်းအေးနေတယ်'

ယဉ်ကြော့နှမထံမှ ပြန်ဖြေသံ။

'ဒါဆို မမဟာ လူသားမဟုတ်ဘူးဆိုတာ ယုံပြီပေါ့'

'မယုံပါဘူး… အဲဒီလို အေးစိမ့်နေအောင် လက်ကို ရေခဲတုံးတွေနဲ့ စိမ်ထားရင်လည်း ရတာပဲဟာ'

ယဉ်ကြော့မေက ယုံကြည်ဟန်မပြဘဲ ပြန်ပြောသည်။

'ကောင်းပြီ… ဒါဆိုရင် ငါ့ညီမယုံကြည်အောင် မမ ပြမယ်၊ လန့်ဖျပ်ပြီးတော့ မသွားနဲ့ဦးနော်၊ ကြည့်…'

တဆွေမကာလေး ခင်နန်းသူဇာက ပြောရင်း သူ့ကိုယ်သူ ဆယ်ပေခန့် မြင့်တက်သွားအောင် လုပ်လိုက်သည်။

ထိုအခါကျမှ ယဉ်ကြော့မေမှာ တဆွေမှန်းသိကာ-

'အို… အမေ့'

ဟူ၍ ထိတ်လန့်စွာအော်ရင်း ဒုတိယမွိအကြိမ် မတ်တတ်က လဲကျကာ သတိလစ်သွားပြန်သည်။

( ( (



## ကိုး

## မမျှော်လင့်ဘဲ ရောက်လာသူ

ဖြိုးဇော်ဦးမှာ သူချစ်သူ ယဉ်ကြော့မေမှာ ဒုတိယအကြိမ် ထပ်မံ၍ မေ့မြောသွားခဲ့၍ သူမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ လေထဲ၌ ဂန်းသန်းကြီးဖြစ်နေတော့သည်။

'အဲ… ဟုတ်ပါဘူး… ယောင်လို့ပါ' ဖြိုးဇော်ဦးမှာ သူချစ်သူအား ပြန်လည်မွေ့ဖက်ကာ သတိရအောင် ကြိုးစားနေတော့သည်။

'ဟေး… ယဉ်ယဉ်၊ အချစ်… မကြောက်ပါနဲ့၊ သူက



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို နောက်နေတာပါ၊ သူက သရဲပေမယ့် လူကို အန္တရာယ် မပေးပါဘူး၊ မောင်နဲ့လည်း ခင်မင် ရင်းနှီးနေတာပါ'

ဖြိုးဇော်ဦး၏ အားပေးနေသောအသံကြောင့် ယဉ်ကြော့ မေမှာ သတိမေ့နေရာမှ ပြန်၍ သတိရလာပြန်သည်။

'သူ... သူက လူမဟုတ်ဘူး၊ တ... တ... တစ္ဆေ ကြီးလား'

ယဉ်ကြော့မေက ကြောက်ရွံ့သံကလေးနှင့် သူတို့အနီး တွင် ရပ်နေသော တစ္ဆေမကလေး ခင်နန်းသူဇာကို လက်ညှိုးထိုး ပြရင်း မေးနေသည်။

'ဟုတ်တယ်... သူက လူမဟုတ်ဘူး၊ တစ္ဆေပါ... ဒါပေမဲ့ မောင်တို့ကို အန္တရာယ်ပေးမယ့်တစ္ဆေ မဟုတ်ပါဘူး၊ အရမ်းကို ခင်မင်စရာကောင်းတဲ့ တစ္ဆေမကလေးပါကွယ်'

ဖြိုးဇော်ဦးက ယဉ်ကြော့မေ ကြောက်စိတ်ပြေစေရန် ရှင်းပြနေသည်။

ဒါကိုပင် ယဉ်ကြော့မေက တစ်ချိုးအနိုင့်ဟာယ်ကောက် ကာ ဖြိုးဇော်ဦးအပေါ်တွင် အထင်မှားသွားခဲ့သည်။

'ဟင်... ဒါဆို မောင်နဲ့ တစ္ဆေမဟာ ချစ်ကြိုက်နေကြ သလား၊ ဖြစ်မှ ဖြစ်ရပလေ မောင်ရယ်၊ ကြိုက်စရာရှားလို့ ကိုယ်နဲ့ ဘဝချင်းခြားနေတဲ့ တစ္ဆေမကို ကြိုက်ရတယ်တဲ့လား'





'ဟိုက်... ဒုက္ခ... ယဉ်ယဉ် ဘာတွေပြောနေတာ လဲ၊ သူနဲ့ မောင်က ရိုးရိုး ခင်မင်ကြတာပါ'

ဖြိုးဇော်ဦးမှာ အသက်ပါအတိုင်း ပြန်လည်ရှင်းပြရင်း သူနှင့် ခင်နန်းသူဇာတို့ စတင်တွေ့ရှိခဲ့ကြရသည်မှစ၍ ယခုအထိ အကြောင်းတွေကို ယဉ်ကြော့မေ နားရှင်းသွားစေရန် ပြောပြနေ သည်။

သူ၏စကားများ ဆုံးသွားတော့မှ ယဉ်ကြော့မေမှာ ဖြစ်ပုံ အရပ်ရပ်ကို သဘောပေါက်သွားခဲ့တော့သည်။

'သြော်... ကိုဖြိုးနဲ့သူ တွေ့ခဲ့ကြပုံက ဒီလိုလား၊ ခစ်... ခစ်... ခစ်...'

ဖြိုးဇော်ဦး ရှင်းပြချက်တွေကို သဘောပေါက်သွားပြီမို့ ယဉ်ကြော့မေမှာ ဆောဆောပိုင်းကလို တစ္ဆေမကလေး ခင်နန်းသူဇာ ကို မကြောက်တော့ဘဲ ရယ်နိုင် ပြုံးနိုင်ဖြစ်သွားတော့သည်။

တစ္ဆေမကလေး ခင်နန်းသူဇာကလည်း ယဉ်ကြော့မေ ကို ပြောနေသည်။

'မမနဲ့ အယ်ဒီတာကြီးတို့ ဘယ်လိုမှ မပတ်သက်တာ သိသွားလို့ရှိရင် ငါ့ညီမကလည်း အယ်ဒီတာကြီးလို မမကို အကူ အညီပေးရမယ်နော်၊ ဟုတ်ပြီလား'

'အာ... မမကလည်း... ကျွန်မလို သာမန်အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



က မမကို ဘယ်လိုအကူအညီ ပေးနိုင်မှာလဲလို့'

'ပေးနိုင်ပါတယ်လေ၊ သိပ်ခက်ခဲတာမှ မဟုတ်ဘဲ၊ မမရဲ့ဘဝဟောင်းကချစ်သူကို ရှာဖွေပေးဖို့ပါကွယ်'

'ဟင်… မမရဲ့အစွမ်းနဲ့ မရှာဖွေနိုင်ဘူးလား'

ယဉ်ကြော့မေက အံ့ဩသံနှင့် တစ္ဆေမကလေး ခင်နှန်းသူစာကို ပြန်မေးနေသည်။

'မရလို့သာ ညီမတို့ကို မမက အကူအညီတောင်းနေရတာပေါ့ကွယ်'

'မမတို့လို နာနာဘာဝတွေတောင် မရတာကို လူသားတွေဖြစ်ကြတဲ့ ညီမတို့က စွမ်းဆောင်နိုင်ပါ့မလား'

'စွမ်းဆောင်နိုင်ပါတယ် ညီမရယ်၊ အခုကိစ္စက ညီမတို့လို လူသားတွေကသာ လုပ်ဆောင်ပေးနိုင်မှာမို့လို့ပါ'

'ဒါဖြင့် ပြောပါဦး၊ မမရဲ့ချစ်သူဟာ ဘယ်အချိန်က ပျောက်ဆုံးသွားခဲ့တာလဲ'

'အင်း… ခုနှစ်သက္ကရာဇ်ကို ပြောပြရမယ်ဆိုရင် တစ်ထောင့်ကိုးရာ ငါးဆယ့်လေးခုနှစ်လောက်ပဲကွဲ့'

'ဟောတော့… နှစ်တွေ ဒီလောက်ပဲကြာနေတဲ့ဟာ၊ အခုမှ လိုက်ရှာလို့ တွေ့နိုင်ပါ့မလား မမရဲ့၊ သူကော လောကကြီးမှာ ရှိနေသေးလို့လား'





'ရှိပါလိမ့်မယ်၊ နှစ်တွေက သိပ်မှမကြာသေးတဲ့ဟာ'

'ဟာ… မေကသာ မကြာသေးဘူးလို့ ပြောနေတယ်၊ မမချစ်သူ ပျောက်ဆုံးခဲ့တဲ့နှစ်နဲ့ အခု နှစ်ထောင့်ငါးခုနှစ်နဲ့ဆိုရင် နှစ်ပေါင်း ငါးဆယ့်တစ်နှစ်ပဲ ရှိနေပြီလေ'

'ဟုတ်တယ်… ကြာတော့ ကြာနေပြီ၊ ဒါပေမဲ့ မမတို့နှစ်ဦးဟာ မကွယ်လွန်မီမှာ မြတ်စွာဘုရားကို တိုင်တည်ပြီး သစ္စာစကား ဆိုခဲ့ကြတယ်ကွဲ့'

'ဘယ်လိုသစ္စာစကား ဆိုခဲ့တယ်ဆိုတာ ညီမတို့ မသိရဘူးလား၊ သိခွင့်ရှိရင် သိပါရစေလား မမ'

'သိရပါတယ်လေ… မမရဲ့ချစ်သူအကြောင်းရော မမရဲ့အကြောင်းရော ပြောပြမှ ငါ့ညီမတို့အနေနဲ့ စိတ်ဝင်စားကြပြီး မမကို အကူအညီပေးကြမှာပေါ့'

'စိတ်ချပါ မမ၊ ညီမတို့ ကူညီလို့ရမယ့်ကိစ္စဆိုရင် မမကို အစွမ်းကုန် ကူညီပါ့မယ်၊ မမကသာ ဖြစ်ပျက်ခဲ့သမျှတွေကိုသာ ပြောပြပါ'

ယဉ်ကြော့မေက အာမခံချက် ရဲရဲကြီး တစ္ဆေမကလေး ခင်နှန်းသူစာကို ပေးနေသည်။

ဖြိုးဇော်ဦးကတော့ ဗြောင်သိုမျှဝင်မပြောဘဲ တစ္ဆေမကလေး ခင်နှန်းသူစာပြောပြမည့် ဇာတ်လမ်းကလေးကိုသာ စိတ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်စားစွာနှင့် နားစွင့်နေသည်။

တစ္ဆေမကလေး ခင်နန်းသူဇာကတော့ ယဉ်ကြော့မေ ပြောနေပုံကို ကြည့်ရင်း ပြုံးနေသည်။

'ကောင်းပြီလေ…။ ငါ့ညီမတို့က သိပ်ပြီး သိချင်နေမှ တော့ မမရဲ့ အတိတ်ကဇာတ်ကြောင်းကို ပြောပြပါတော့မယ်၊ နားထောင်ကြပေတော့'

တစ္ဆေမကလေး ခင်နန်းသူဇာက ပြန်ပြောရင်း သူမ၏ အတိတ်မှဖြစ်ရပ်များကို ဖြိုးဇော်ဦးနှင့် ယဉ်ကြော့မေတို့ကို ပြောပြနေတော့သည်။

တစ္ဆေမကလေး ခင်နန်းသူဇာ၏ အတိတ်ဇာတ်ကြောင်းကို စကားနှင့် ဖော်ပြမနေတော့ဘဲ ဝတ္ထုဇာတ်လမ်းကလေးအဖြစ် ကျွန်တော်က တင်ပြပေးပါမည်။

သို့မှလည်း စာဖတ်သူများအနေနှင့် ပိုမို၍ ရသအပြည့် ခံစားနိုင်ကြမည်ဖြစ်ပါသည်။



## တစ်ဆယ်

## အတိတ်မှ ဇာတ်ကြောင်း

ခင်နန်းသူဇာကို ခရစ်သက္ကရာဇ် ၁၉၂၇-ခုနှစ်၊ ဇွန်လ တွင် မွေးဖွားခဲ့သည်။

သူမ၏ဇာတိမှာ ဧရာဝတီတိုင်းတွင်ရှိ ရွာကြီးတစ်ရွာတွင် ဖြစ်သည်။

သူမ၏အထက်တွင် အစ်ကိုတစ်ဦးသာ ရှိသည်။

သူ့အမည်မှာ အေးဆောင်ဖြစ်သည်။

ခင်နန်းသူဇာ၏ မိဘနှစ်ပါးအမည်ကတော့ ဦးမြင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒေါ်သူဇာတို့ဖြစ်ကြသည်။

မိဘနှစ်ပါးစလုံး လယ်ယာလုပ်ငန်းများကို လုပ်ကိုင်ကြသည်။

ခင်နန်းသူဇာမှာ ဉာဏ်ပညာထက်မြက်သူကလေးမို့ ဟသ်ာတမြို့ရှိ အစိုးရအထက်တန်းကျောင်းတွင် တစ်နှစ်လျှင် တစ်တန်းကျ စာမေးပွဲကို အောင်မြင်ခဲ့သည်။

သူမ ဆယ်တန်းသို့အရောက်တွင် ဒုတိယကမ္ဘာစစ်မီးကြီးမှာ မြန်မာနိုင်ငံသို့ ကူးစက်လာခဲ့၍ ကျောင်းကြီးကို ရက်အကန့်အသတ်မရှိ ပိတ်ခဲ့ရသည်။

ခင်နန်းသူဇာ၏အစ်ကိုဖြစ်သူ အေးသောင်တစေ့ မျိုးချစ်စိတ်ရှိသူပီပီ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဘီအိုင်အေခေါ် မြန်မာ့လွတ်လပ်ရေးတပ်မတော်သို့ မိဘများမသိအောင် ဝင်ရောက်သွားခဲ့သည်။

ခင်နန်းသူဇာတို့ မိဘများမှာ စစ်ကြီးအတွင်းတွင် တောင်ယာအလုပ်ကို မလုပ်ကိုင်ကြတော့ဘဲ နေအိမ်တွင် ကုန်မျိုးစုံဆိုင်ဖွင့်၍ ရောင်းချနေကြသည်။ သူမ၏အစ်ကိုဖြစ်သူမှာ ဘီအိုင်အေတပ်ထဲသို့ ဝင်သွားကတည်းက ယနေ့သည်သတင်းကိုမှ မကြားရဘဲ ရှိနေသည်။ ခင်နန်းသူဇာ၏ မိဘများကတော့ သားဖြစ်သူ အေးသောင်ကို သေဆုံးခဲ့ပြီဟု သဘောထားနေကြသည်။





ခင်နန်းသူဇာမှာတော့ ပညာတော်သည်မက ရုပ်ရည်ကလေးချော၊ ကိုယ်လုံးကိုယ်ထည်ကလည်း ကျော့ရှင်းလှပသူကလေးမို့ ကာလသားတိုင်းက ချစ်ကြိုက်နေကြသည်။

ငွေကြေးချမ်းသာကြသော မိဘများကလည်း ခင်နန်းသူဇာ၏ မိဘများထံသို့လာကာ သူတို့သားနှင့် လက်ဆက်ပေးစားရန် လာရောက်ပြောဆိုကြသည်။

ထိုစဉ်က ခင်နန်းသူဇာ၏အသက်မှာ (၁၇)နှစ်အရွယ်ခန့်သို့ ရောက်နေပြီဖြစ်သည်။

သို့သော် ခင်နန်းသူဇာကတော့ မိဘများကပါ တစ်ဖက်မိဘများ၏ တမ်းလှမ်းချက်များကို ငြင်းပယ်ခဲ့ကြသည်။ ၁၉၄၄ ခုနှစ်ကုန်ခန့်တွင် ခင်နန်းသူဇာ၏အစ်ကိုဖြစ်သူ အေးသောင်မှာ သူမတို့ထံသို့ ဗြုန်းစားကြီး ရောက်လာခဲ့သည်။

ထိုအခါတွင်တော့ တစ်အိမ်သားလုံး ဝမ်းသာကုန်ကြသည်။

ခင်နန်းသူဇာမှာ သေဆုံးခဲ့ပြီဟု၍ ထင်ထားခဲ့သော အစ်ကိုဖြစ်သူမှာ မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့ရ၍ ထကမတတ် ဝမ်းသာနေမိသည်။

'ကိုကို မသေဘူးနော်၊ ခင်နန်းတို့က သေပြီမှတ်နေကြတာ သိလား'



www.burmeseclassic.com

www.burmeseclassic.com



ခင်နန်းသူဇာက အစ်ကိုဖြစ်သူ အေးသောင်ကို ပြေးဖက်ရင်း ပြောပြနေသည်။

'ညီမလေးကလည်းကွာ၊ ကိုကိုမသေလို့ အခုလို ရောက်လာတာပေါ့၊ ဖေဖေနဲ့ မေမေကော ဘယ်မှာလဲ'

အေးသောင်က ညီမဖြစ်သူကို ချစ်ခင်စွာနှင့်ကြည့်ရင်း၊ သူ၏ မိဘများကို မေးနေသည်။

'မေမေကတော့ မီးဖိုချောင်မှာ ချက်ပြုတ်နေတယ်၊ ဖေဖေကတော့ ဟသ်ာတမြို့ကိုတက်ပြီး ဒီဆိုင်အတွက် ကုန်တွေသွားဝယ်နေတယ် ကိုကို'

'ဒါဆို မေမေ့ကို ကိုကို သွားတွေ့လိုက်ဦးမယ်'

'အာ… အာ… အခုလို ဖြုန်းစားကြီးသွားမတွေ့လိုက်နဲ့ဦး၊ မေမေက ကိုကိုသေပြီလို့ ထင်နေတာ'

'အေးလေ… အဲဒါကြောင့် မေမေ ဝမ်းသာအောင် သွားတွေ့မလို့ပေါ့'

'မလုပ်နဲ့… မလုပ်နဲ့… ကိုကို့ကို ရုတ်တရက် မြင်လိုက်ရရင် မေမေဟာ ဝမ်းသာလုံးဆို့ပြီး သေသွားနိုင်တယ်၊ ဒီတော့ ညီမလေးက အရင်သွားပြီး ကိုကိုမသေကြောင်း ပြောပြမယ်၊ ပြီးမှ ကိုကို့ဆီကို ခေါ်လာမယ်လေ'

'အဲ… ဟုတ်သားပဲ… ညီမလေး အကြံပေးတာ





ကောင်းတယ်၊ မေမေ့ကိုသာ သွားပြောပေတော့'

အစ်ကိုဖြစ်သူ အေးသောင်က သဘောတူသံနှင့် ပြန်ပြောသည်။

ခင်နန်းသူဇာကလည်း မိခင်ဖြစ်သူ ဒေါ်သူဇာရှိရာ မီးဖိုချောင်သို့ အမြန်ပြေးသွားခဲ့သည်။

'မေမေရေ… ဂေါ်လာသတင်းတစ်ခု ပြောစရာရှိတယ်၊ အရမ်းလည်း ဝမ်းသာလုံးဆို့မသွားနဲ့ဦးနော်'

'ခင်နန်းသူဇာက မီးဖိုချောင်တွင် ကြက်သွန်လှီးနေသော မိခင်ကြီးကို ပြေးဖက်ရင်း ပြောနေသည်။

'ဘာလဲဟဲ့… ညည်းစကားက မိုးကောင်းကင်လောက် ပိုကြီးကျယ်နေပါကလား'

'မှန်တယ်… မေမေသာ သမီးပြောတဲ့စကားကို ကြားလိုက်ရရင် အံ့သြဝမ်းသာသွားမှာ ကျိန်းသေလို့ပေါ့၊ အဟိ…'

'ကဲ… ကဲ… မသာလိကာမကလေးရဲ့၊ ပြောမှာဖြင့် အမြန်ပြော… အတွန့်ကက်မနေနဲ့၊ ငါမှာ ချက်ရပြုတ်ရဦးမယ်'

'ကောင်းပြီ… ဒါဆိုရင် ပြောမယ်၊ တခြားတော့ မဟုတ်ဘူး၊ မေမေ့ရဲ့သားကြီး အစ်ကိုအေးသောင် ပြန်လာလို့ပေါ့'

'ဟယ်…'

ကျယ်လောင်သော အာမေဋိတ်သံကြီးမှာ ဒေါ်သူဇာ၏



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဖျားမှ ပေါ်ထွက်လာခဲ့သည်။

'ညည်း… ညည်း… ငါ့ကို တကယ်ပြောနေတာလား၊ နောက်နေတာလားဟင်'

ဒေါ်သူဇာက မယုံကြည်သံနှင့် ခင်နှန်းသူဇာကို ပြန်မေးနေသည်။

'ဟာ… မေမေကလည်း သမီးက နောက်ပါ့မလား၊ တကယ်ပြောနေတာပါ၊ မယုံရင် မေမေ အပြင်ကို ထွက်ကြည့်လေ'

'အေး… ကြည့်မယ်… ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် ညည်း နာပြီသာမှတ်'

ဒေါ်သူဇာ ပြောရင်း ရှေ့မှထွက်သွားခဲ့သည်။

ခင်နှန်းသူဇာက ရယ်ရယ်မောမောနှင့် နောက်မှ လိုက်ပါသွားသည်။

'မေမေ'

ဒေါ်သူဇာ အိမ်ရှေ့သို့အရောက်တွင် သားဖြစ်သူ အေးသောင်းက ဝမ်းသာအားရနှင့် လှမ်းခေါ်သည်။

ဤတွင် ဒေါ်သူဇာမှာ သေရွာပြန်သားဖြစ်သူကို မြင်လိုက်ရ၍ အံ့လည်းအံ့သြ ဝမ်းလည်းဝမ်းသာကာ-

'ဟယ်… သား… မင်း… မင်း… မသေဘူးနော်'





ဟူ၍ တုန်ယင်သံကြီးနှင့် ပြောကာ သားဖြစ်သူကို ပြေးဖက်တော့သည်။

အေးသောင်ကလည်း နှစ်အတော်ကြာ ကွဲကွာနေသော မိခင်ကြီးကို ပြန်ဖက်ထားသည်။

ဒေါ်သူဇာကတော့ ဝမ်းသာဝမ်းနည်းဖြစ်ကာ သားဖြစ်သူကို ဖက်ထားရင်း ငိုရှိုက်နေသည်။

ခင်နှန်းသူဇာမှာ သားအမိနှစ်ဦးကို ဘေးမှ မျက်ရည်တလေးဝဲဝဲနှင့် အသာရပ်ကြည့်နေသည်။

'ငိုမနေပါနဲ့တော့ မေမေရယ်၊ သား အသက်မသေဘဲ ပြန်လာပြီပဲဟာ'

အေးသောင်က မိခင်ကြီးကို အားပေးနေသည်။

'ဒါဆို သားဟာ စစ်တပ်ထဲက ထွက်လိုက်ပြီပေါ့နော်'

ဒေါ်သူဇာက မေးနေသည်။

'ဟင့်အင်း… မထွက်ပါဘူး၊ သား အခု ခွင့်တစ်လရလို့ ပြန်လာတာပါ၊ ခွင့်စေ့ရင် တပ်ထဲကို ပြန်သွားရမယ်လေ'

'ဟယ်… သားရယ်၊ မင်းဟာက ဝမ်းသာပြီးမှ ငါ့မှာ ပြန်ပြီး ဝမ်းနည်းရဦးမှာလားကွယ်၊ တစ်ခါတည်းသာ တပ်က ထွက်လိုက်ရောပေါ့'

'မဖြစ်သေးဘူး မေမေရဲ့၊ သားတို့နိုင်ငံဟာ လွတ်လ



www.burmeseclassic.com

www.burmeseclassic.com



ရေးအခစ်ကို မရသေးဘူး။ အခု ဂျပန်ပေးထားတဲ့ လွတ်လပ်ရေးဆိုတာက အတုကြီး၊ အစစ်မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့တစ်တွေဟာ တိုင်းရင်းသားညီအစ်ကိုတစ်တွေနဲ့အတူ လွတ်လပ်ရေးအတွက် ဆက်ပြီး တိုက်ပွဲဝင်ရဦးမယ်လေ'

အေးသောင်က မီးခင်ကြီးဒေါ်သူဇာ နားလည်အောင် ရှင်းပြနေသည်။

ခင်နှန်းသူဇာက ဝင်မေးနေသည်။

'ကိုကိုက စစ်သားဆိုပြီး အခု ညီမလေးတို့ဆီ ပြန်လာတဲ့အခါ ဘာဖြစ်လို့ စစ်ယူနီဖောင်းကြီးကို ဝတ်မလာဘဲ အရပ်သားလိုဝတ်ပြီး ပြန်လာခဲ့ရတာလဲ၊ ညီမလေးက ကိုကို့ကို စစ်ယူနီဖောင်းကြီးနဲ့ မမြင်ဖူးလို့ ကြည့်ချင်နေတာ သိလား'

'ဟဲ... ဟဲ... ညီမလေးကြည့်ချင်ရင် ရပါတယ်ဗျာ၊ ကိုကို ဝတ်ပြပါ့မယ်'

'ကိုကိုက ဘယ်လိုလုပ်ဝတ်ပြမှာလဲ၊ အခု ညီမလေးတို့ဆီကိုလာခဲ့တဲ့ ကိုကိုဟာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ ရောက်လာတဲ့ဟာ၊ အပိုပစ္စည်းဆိုလို့ လွယ်ထားတဲ့လွယ်အိတ်တောင် ပါမလာတဲ့ဟာ၊ ကဲ... ပြောစမ်းပါဦး'

ခင်နှန်းသူဇာကပြောလျှင် အေးသောင်မှာ တဟားဟား နှင့် သဘောကျစွာ ရယ်နေတော့သည်။





'ကိုကိုက ညီမလေးပြောတာကို ဘာဖြစ်လို့ ခွက်ထိုးခွက်လန် ရယ်နေရတာလဲလို့'

'ရယ်ရလို့ပေါ့၊ ငါ့ညီမက ကိုကို့ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လာတာလို့ပြောတာ ရယ်စရာပေါ့'

'ဒို... မဟုတ်ဘူးလား'

'မဟုတ်ဘူး... ကိုကို့မှာ ပစ္စည်းတွေရော၊ စစ်ယူနီဖောင်းတွေရော ပါလာပါတယ်'

'ဒါဖြင့် အဲဒါတွေက ဘယ်မှာလဲ၊ ပြောပါဦး'

'ရွာထိပ်မှာနေတဲ့ ဘကြီးဖိုးထင်ရဲ့ လှည်းပေါ်မှာလေ'

'ဟင်... ဘယ်လိုကြောင့် ကိုကို့ရဲ့ ပစ္စည်းတွေက ဘကြီးဖိုးထင်ရဲ့လှည်းပေါ် ရောက်နေရတာလဲ'

'ဒီလို ညီမလေးရဲ့... အစ်ကိုဟာ ဟင်္သာတမြို့ကနေ ဒီရွာကို လာမယ်အလုပ်မှာ ဘကြီးဖိုးထင်နဲ့ တွေ့ခဲ့ကြတယ်။ သူက မင်း ရွာကိုပြန်မယ်ဆိုရင် ငါ့လှည်းနဲ့လိုက်ခဲ့၊ ငါလည်း ပစ္စည်းတွေဝယ်ပြီး ပြန်မယ်ဆိုလို့ သူ့နွားလှည်းနဲ့ လိုက်လာခဲ့တာ၊ အဲ... ရွာထိပ်ရောက်တော့ ဘကြီးက ငါ့ပစ္စည်းတွေ အိမ်ထဲပို့လိုက်ဦးမယ် ခဏစောင့်ဦးလို့ပြောတော့ ကိုကိုက မစောင့်တော့ဘူး... ဘကြီးပဲ ကိစ္စပြီးရင် လှည်းပေါ်မှာရှိတဲ့ ကျွန်တော့်ပစ္စည်းတွေကို အိမ်လာပို့ပါ၊ ကျွန်တော်တော့ မေမေတို့နဲ့ တွေ့ချင်နေပြီမို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းပဲ သွားနှင့်တော့မယ်လို့ပြောပြီး ထွက်လာခဲ့လို့ ဘာမှပါမလာခဲ့တာပေါ့ ညီမလေးရဲ့၊ ကိုကိုပြောတာ ရှင်းပြီလား၊ - ဟဲ… ဟဲ…'

'သြော်… ဒီလိုလား… ခစ်… ခစ်… ခစ်'

အေးသောင်က ရှင်းပြလိုက်တော့မှ ခင်နှန်းသူဇာမှာ သဘောပေါက်ကာ ရယ်နေတော့သည်။

ထိုအခိုက်မှာပင် ဘကြီးဖိုးထင်၏ နွားလှည်းကြီးမှာ သူတို့ အိမ်ရှေ့သို့ ရောက်လာခဲ့သည်။

'ဟော… ပြောရင်းဆိုရင်း ဘကြီးဖိုးထင် ရောက်လာပါပြီ'

အေးသောင်ပြောရင်း ဦးဖိုးထင်၏ လှည်းဆီသို့ ပြေးထွက်သွားခဲ့သည်။

ခင်နှန်းသူဇာလည်း အစ်ကိုဖြစ်သူကို ကူညီရန်အတွက် နောက်မှ ပြေးလိုက်သွားသည်။

'ကိုကို… ဒီဂျပန်ဓားရှည်ကြီးက ဘာလုပ်ဖို့ယူလာတာလဲဟင်'

ခင်နှန်းသူဇာက နွားလှည်းပေါ်တွင် တင်ထားသော ဂျပန်စစ်ဗိုလ်များ ခါးတွင် ချိတ်ဆွဲထားလေ့ရှိသော ဓားရှည်ကြီးကို ကိုင်ကြည့်ရင်း အေးသောင်ကို မေးနေသည်။





'ဟဲ… ဟဲ… ကိုကိုက ဒုဗိုလ်ဖြစ်နေပြီလေ၊ ဒါကြောင့် ကိုကိုဟာ ဂျပန်ဓားရှည်ကို ခါးမှာချိတ်ဆွဲခွင့်ရတာပေါ့၊ မှတ်ထားနော်၊ ညီမလေးရဲ့အစ်ကိုဟာ သာမန်စစ်သားမဟုတ်တော့ဘူး၊ ဒုဗိုလ်တလေး အေးသောင်တဲ့ နားလည်လား၊ ဟား… ဟား… ဟား…'

အေးသောင်က ခင်နှန်းသူဇာကို ရွတ်နောက်နောက် ပြောကာ ရယ်နေသည်။

'ဟင်… ကိုကို ဘယ်တုန်းက စစ်ဗိုလ်ဖြစ်သွားတာလဲ၊ ဟုတ်ရောဟုတ်ရဲ့လား၊ မောင်နှမချင်း လိမ်မပြောရဘူးနော် သိလား'

'မလိမ်ပါဘူး ညီမလေးရဲ့… တကယ်ပြောနေတာပါ၊ ကိုကိုဟာ ဗိုလ်သင်တန်းကျောင်းကဆင်းလာတာ တစ်လလောက်ပဲ ရှိသေးတယ်၊ ဒါကြောင့်လည်း ခွင့်တစ်လရလို့ အခုလို ညီမလေးတို့ဆီကို ပြန်လာနိုင်တာပေါ့၊ ပြီးတော့ ဂျပန်ဓားရှည်ဆိုတာ စစ်ဗိုလ်တွေမှ ကိုင်ကြရတာ၊ စစ်သားတွေက ကိုင်ဆောင်ခွင့်မရှိဘူးလေ'

အေးသောင်မှာ ညီမဖြစ်သူကို ရှင်းပြနေရာမှ သူ့စစ်လွယ်အိတ်အတွင်းမှ ဂျပန်စစ်ဗိုလ်တွေဆောင်းသော ဦးထုပ်ကို ဆွဲယူသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒီမှာ… ဒီဦးထုပ်ကို ကြည့်စမ်း၊ အဲဒီ ဦးထုပ်ဟာလည်း စစ်ဗိုလ်မှဆောင်းခွင့်ရှိတာ၊ ကိုကိုတို့ စစ်ဗိုလ်ကလေးကနေ ဗိုလ်ကြီးအထိ ဆောင်းကြတဲ့ ဦးထုပ်တွေမှာ အပြာပတ်ရှိတယ်၊ အဲ… ဗိုလ်မှူးကလေးကနေ ဗိုလ်ကြီးအထိ ဆောင်းကြတဲ့ ဦးထုပ်တွေကျတော့ အနီပတ်ထားကြပြီး ဗိုလ်မှူးချုပ်ကနေ ဗိုလ်ချုပ်ကြီးအဆင့်ရှိကြတဲ့ စစ်ဗိုလ်ကြီးတွေကျတော့ အဝါရောင်တွေကို ဆောင်းကြတဲ့ဦးထုပ်မှာ ပတ်ထားကြတယ်ကွဲ့'

'ဩော်… ဒါကြောင့် ရိုးရိုးစစ်သားတွေ ဆောင်းကြတဲ့ စစ်ဦးထုပ်တွေမှာ ထိပ်နေရာက တပ်ထားတဲ့အဝါရောင်ကြယ်ပွင့်ကြီးကလွဲပြီး တခြား ဘာမှမရှိကြတာကို အခုမှပဲ ညီမလေးလည်း သဘောပေါက်တော့တယ်'

'ကဲ… သဘောပေါက်ရင် ကိုကိုနဲ့အတူ ပစ္စည်းတွေကို လာသယ်ပေတော့၊ ဟား… ဟား… ဟား… ဟား…'

၄ ၄ ၄



တစ်ဆယ့်တစ်

# ချစ်ခြင်းအစ မျက်စိကဆိုတာ အမှန်ပဲလား

ခင်နှန်းသူဇာ၏အစ်ကို အေးသောင်အိမ်သို့ ပြန်ရောက်၍ သုံးရက်ခန့်အကြာတွင် ဂျပန်ခေတ် မြန်မာ့တပ်မတော်၏ စစ်ဝတ်စုံလို ဝတ်ထားသော မြန်မာစစ်ဗိုလ်တစ်ဦးမှာ ခင်နှန်းသူဇာ၏ ကုန်စုံဆိုင်ရှေ့သို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် ခင်နှန်းသူဇာမှာ ဈေးဝယ်သူများနှင့် အလုပ်ရှုပ်နေ၍ ထိုမြန်မာစစ်ဗိုလ်ကို မမြင်မိသေးပေ။

'အဟမ်း… ဒီအိမ်ဟာ ဗိုလ်အေးသောင်ရဲ့ မိဘအိမ်ပါလားခင်ဗျာ'


www.burmeseclassic.com

www.burmeseclassic.com

စစ်ဗိုလ်ကလေးက အသံပြုကာ ခင်နန်းသူဇာကို စတင်၍ မေးနေသည်။ သူ၏မေးသံကြောင့် ခင်နန်းသူဇာမှာ ကျောခိုင်းနေရာမှ အသံလာရာသို့ လှည့်၍ကြည့်မိသည်။

ရုပ်ရည်ချောမောလှပသော စစ်ဗိုလ်ကလေးကို မြင်လိုက်ရလျှင် 'ဟင်...'ဟူသော အာမေဋိတ်သံကလေးပေးရင်း ဆေးငိုင်ကာသွားခဲ့သည်။ ထို့အတူပင် စစ်ဗိုလ်ကလေးမှာလည်း နုတ်သမီးကလေးတမျှ ချောမောလှပသော ခင်နန်းသူဇာ၏ ရုပ်သွင်ကို မြင် လိုက်ရလျှင် 'ဟာ...'ဟူသော အာမေဋိတ်သံနှင့်အတူ သူသည်လည်း ခင်နန်းသူဇာလိုပင် ဆေးငိုင်ငိုင်ကြီး ဖြစ်သွားခဲ့တော့သည်။ အချိန်မည်မျှ ကြာသွားသည်မသိ။

သူတို့နှစ်ဦးစလုံးမှာ လူစင်စစ်က ကျောက်ရုပ်ကြီးတွေလို တစ်ဦးကိုတစ်ဦး မလှုပ်မယှက် ကြည့်နေမိကြသည်။

ထိုအခိုက် 'ဟာ... ဟေ့ကောင်ကြီး ရဲမာန်အောင်၊ မင်း တကယ်ပဲ ရောက်လာပြီကိုး၊ ဟား... ဟား... ဟား...' ဟူသော အေးသောင်၏ပြောသံကို ကြားလိုက်ကြသည်။

သည်တော့မှ သူတို့နှစ်ဦးမှာ မေ့သက်မိနေကြရာမှ ပြန်လည် သက်ဝင်လှုပ်ရှားလာနိုင်ကြသည်။

အေးသောင်က ရဲမာန်အောင်၏ ကိုယ်ကို စကားအဆုံးတွင် ပြေးဖက်လိုက်တော့သည်။





'ဝမ်းသာတယ်ကွာ... မင်း အခု ရောက်လာတာကို၊ ငါက မင်းလာမယ်လို့ ထင်မထားဘူးကွ'

အေးသောင်က ရဲမာန်အောင်ကို ဝမ်းသာအားရနှင့် ဆက်၍ ပြောနေပြန်သည်။

'ဟကောင်ကြီးရ.. ငါက လာမယ်ဆိုမှတော့ လာမှာပေါ့ကွ၊ မင်းက ဘာကြောင့် ငါ့စကားကို မယုံရတာလဲ၊ ပြောပါဦး'

ရဲမာန်အောင်ကလည်း ပြန်ပြောနေသည်။

'မယုံဆို မင်းလို မြို့ကသူဌေးသားစစ်ဗိုလ်က တို့လို တောသား စစ်ဗိုလ်ဆီ အရေးလုပ်ပြီး မလာဘူး ထင်လို့ပေါ့ကွ၊ ဟား... ဟား... ဟား... ဟား...'

အေးသောင် ပြောပြီး ရယ်နေသည်။

'ဟာကွာ... မင်းကတော့ လုပ်ပြီ၊ တို့တစ်တွေဟာ နိုင်ငံတော် လွတ်လပ်ရေးအတွက် အသက်ပေးပြီး တိုက်နေကြတဲ့ ရဲဘော်ချင်း မြို့သား တောသား ခွဲခြားနေစရာ မလိုပါဘူးကွာ၊ ဒါမျိုးတွေခွဲနေရင် တပ်မတော်သား ဘယ်မှာ ပီသပါ့မလဲကွာ၊ ဟဲ... ဟဲ...'

ရဲမာန်အောင်က အေးသောင်ကို ပြောအပြီး ခင်နန်းသူဇာကို လှမ်းကြည့်ပြန်သည်။ အေးသောင်က အလိုက်သိစွာနှင့် ညီမ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူနှင့် သူ့ကို မိတ်ဆက်ပေးနေသည်။

'အဲ… အဲ… မင်းကို ငါ့ညီမလေးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က ခင်နှန်းသူဇာတဲ့၊ ကဲ… ကြည့်စမ်း၊ တပ်ထဲမှာတုန်းက မင်းကို ပြောထားခဲ့တဲ့အတိုင်း ငါ့ညီမဟာ မချောဘူးလားကွ၊ ဟဲ… ဟဲ…'

'အာ… ချောပြီလားကွာ၊ မင်းညီမရဲ့ အလှကတော့ ချောပါပေ့၊ လှပါပေ့ဆိုတဲ့ တို့မြို့ကြီးသူတွေ လိုက်လို့မမီအောင်ကို ချောလှပါတယ်ကွာ၊ ဒါကြောင့် ငါလည်း အံ့ဩမဆုံး ဖြစ်နေမိတာပေါ့၊ အဟီး…'

ရဲမာန်အောင်က လှိုက်လှိုက်လှဲလှဲနှင့် အရမ်း ချီးမွမ်းနေသည်။

ခင်နှန်းသူဇာမှာတော့ သူ၏ချီးမွမ်းသံကြောင့် ရှက်သွေးကလေးများ ဖြာနေရှာသည်။

အေးသောင်က ဆက်၍ ညီမဖြစ်သူကို ရဲမာန်အောင်နှင့် မိတ်ဆက်ပေးနေပြန်သည်။

'ညီမလေး… သူကတော့ ကိုကိုနဲ့ တပ်တစ်တပ်တည်းမှာ အတူတူနေခဲ့ကြပြီး တိုက်ပွဲပေါင်းစုံလည်း အတူတူ နွှဲခဲ့ကြတယ်၊ အဲ… နောက်ဆုံး ဗိုလ်သင်တန်းကို တက်ခဲ့ကြတော့လည်း အတူတူ၊ ဗိုလ်သင်တန်းက ဆင်းတော့လည်း အတူတူပဲ ညီမလေးရဲ့၊ ဒါကြောင့် ကိုကိုနဲ့သူဟာ ညီအစ်ကိုအရင်းတွေထက်တောင် ချစ်ခင်နေကြတယ်လေ၊ ဟဲ… ဟဲ…'





အေးသောင်၏ စကားအဆုံးတွင် ခင်နှန်းသူဇာက ရဲမာန်အောင်ကို မရဲတရဲကြည့်ကာ ပြုံးပြသည်။

ရဲမာန်အောင်ကတော့ ခင်နှန်းသူဇာ၏အပြုံးကလေးကို သူ့တစ်သက်တွင် မေ့မရအောင် စွဲလမ်းသွားခဲ့တော့သည်။

သူသာမဟုတ်၊ ခင်နှန်းသူဇာအနေနှင့်လည်း ရဲမာန်အောင်ကို မြင်လိုက်ရသောအချိန်မှစ၍ ချစ်ကြိုက်စွဲလမ်းကာသွားခဲ့သည်။ သူမ၏ ဘဝတင်လျှောက်တွင် လူစိမ်းတစ်ဦးအပေါ်၌ ချစ်ကြိုက်စွဲလမ်းသောစိတ်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ပေါ်ပေါက်လာခဲ့ခြင်းပင်။

အင်္ဂလိပ်စကားပုံတစ်ခုဖြစ်သော **Love at first Sight.** ချစ်ခြင်းအစ မျက်စိကဆိုသည်မှာ တကယ်ပင် မှန်နေပြီလော၊ မှန်ချင်မှန် မမှန်ချင်နေ၊ သူတို့နှစ်ဦးကတော့ စတင်တွေ့မြင်လိုက်ရကတည်းက တကယ့်ချစ်သူများလို သဘောထားလိုက်ကြသည်။

ဓာတ်လမ်းကို ချုံ့မနေတော့ဘဲ အကျဉ်းချုံးကာ ရေးပြရလျှင် သူတို့နှစ်ဦးမှာ ရက်အနည်းငယ်အတွင်း တစ်ဦးကို တစ်ဦး အသက်ပေး၍ချစ်ကြသော ချစ်သူတွေဖြစ်သွားခဲ့ကြသည်။

ထိုအကြောင်းကို အစ်ကိုဖြစ်သူ အေးသောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သိသည်။ သိနေသော်လည်း အချစ်ဆုံးညီမနှင့် အချစ်ဆုံးသွေးသောက်ရဲဘော်တွေမို့ ကန့်ကွက်ခြင်းမပြုခဲ့ပေ။

ကျေကျေနပ်နပ်ပင် သဘောတူခဲ့သည်။

ခင်နန်းသူဇာ၏ မိဘများကသာ သိရှိရိပ်မိခြင်း မရှိကြပေ။ သူတို့နှစ်ဦးမှာ မည်မျှပင် ချစ်နေကြစေကာမူ ရဲမာန်အောင်မှာ တပ်မတော်သားဖြစ်နေ၍ ခွင့်ရက်စေ့သောအခါတွင် ခင်နန်းသူဇာ၏အစ်ကို အေးသောင်နှင့်အတူ ပြန်သွားခဲ့ရသည်။ ထိုအခါတွင်တော့ ခင်နန်းသူဇာမှာ ပူပူနွေးနွေး ချစ်သူအတွက်ရော အစ်ကိုအတွက်ပါ နှစ်ယောက်စာကို တစ်ဦးတည်း ဒိုင်ခံ၍ ငိုကြွေးခဲ့ရရှာသည်။

'မငိုပါနဲ့ ခင်နန်းရယ်၊ မောင်လေ တာဝန်အရမို့ ခင်နန်းကို ခွဲခွာသွားရတာပါ၊ ဒီကမ္ဘာစစ် ပြီးဆုံးတာနဲ့ ခင်နန်းဆီကို မပျက်မကွက် ဆက်ဆက်ပြန်လာပါ့မယ်ဆိုတာ မောင် ကတိပေးပါတယ်၊ အဲဒီအခါကျရင်လေ ခင်နန်းရဲ့ မိဘတွေရော မောင့်မိဘတွေကိုပါ အသိပေးပြီး ခင်နန်းကို လက်ထပ်ယူပါ့မယ်ကွယ်'

သွားခါနီးညက ရဲမာန်အောင်က ခင်နန်းသူဇာကို ပွေ့ဖက်၍ အထက်ပါအတိုင်း အားပေးစကားတွေ ပြောခဲ့သည်။

၁၉၄၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင်တော့ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာ့တပ်မတော်က ဖက်ဆစ်





ဂျပန်များအား စတင်၍ တိုက်ခိုက်ခဲ့ကြသည်။

ထိုသတင်းကို ခင်နန်းသူဇာတို့လည်း သိခဲ့ကြသည်။ ခင်နန်းသူဇာမှာတော့ အစ်ကိုဖြစ်သူ အေးသောင်အတွက်ရော၊ ချစ်သူ ရဲမာန်အောင်အတွက်ပါ ဘေးမသီရန်မခစေရန် ရွာဦးကစေတီတော်တွင် နေ့စဉ်နေ့တိုင်း ဆုတောင်းနေရရှာသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ သုံးလခန့်အကြာတွင်တော့ ခင်နန်းသူဇာ အရမ်းမျှော်လင့်စောင့်စားနေသော ချစ်သူ ရဲမာန်အောင်မှာ ရုတ်တရက် သူမတို့အိမ်သို့ အရပ်ဝတ်နှင့် ရောက်လာခဲ့သည်။ ဤတွင် ခင်နန်းသူဇာမှာ မိဘနှစ်ပါးရှေ့မှာပင် မရှက်မကြောက်နိုင်ဘဲ **'မောင်'** ဟူ၍ ဝမ်းသာအားရခေါ်ရင်း ရဲမာန်အောင်ကို ပြေးဖက်တော့သည်။

ရဲမာန်အောင်ကတော့ ခင်နန်းသူဇာကို ပြန်လည်၍ ဖက်ရမည့်အစား ငေးငိုင်ငိုင်ကြီး လုပ်နေသည်။

'ဟင်... မောင် ဒါက ဘယ်လိုဖြစ်နေရတာလဲ၊ ခင်နန်းကို မောင်က အရင်လို မချစ်တော့လို့ အခုလို အေးစက်စက်ကြီး လုပ်နေတာလားဟင်'

ခင်နန်းသူဇာက ဝမ်းနည်းသွား၍ ရဲမာန်အောင်ကို ငိုသံကလေးနှင့် မေးနေတော့သည်။

'ခင်နန်းကို မချစ်လို့ မဟုတ်ပါဘူး၊ ချစ်နေတုန်းပါ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်'

'အို… ခင်နန်းက ဖက်သလို မောင်က ဘာဖြစ်လို့ ပြန်မဖက်ရတာလဲဟင်'

'မဖက်ဆို မောင် အခု ရောက်လာခဲ့တာက ခင်နန်းတို့အတွက် အမင်္ဂလာသတင်းကို ပေးဖို့လာခဲ့ရတာမို့ ဝမ်းမသာနိုင်ဘဲ ဖြစ်နေရတာပါ'

'ဘာပြောတယ်… အမင်္ဂလာသတင်း ဟုတ်လား၊ ဘာသတင်းမို့လို့လဲ'

'ကဲ… အိမ်ထဲကို လာပါ၊ ဒီသတင်းကို ခင်နန်းရဲ့မိဘတွေကိုပါ သိကြရအောင် ပြောရမယ့်သတင်းမို့ပါ'

ရဲမာန်အောင်၏စကားကြောင့် ခင်နန်းသုဇာမှာ အိမ်ထဲသို့ လိုက်ပါသွားခဲ့ရသည်။

အိမ်ထဲတွင် ခင်နန်းသုဇာ၏ မိဘများမှာ ကြိမ်ကုလားထိုင်ပေါ်တွင် ထိုင်နေကြသည်။

'လာဟေ့… မောင်ရဲမာန်အောင်၊ စစ်ကြီးပြီးတာဖြင့် ကြာလှပြီ၊ မင်းက အခုမှ လာရသလား၊ ငါ့သား အေးသောင်လည်း အခုထက်ထိ ပြန်မလာသေးဘူး၊ သူ အခု ဘယ်ရောက်နေလဲ၊ မင်းတို့ချင်းတော့ သိကြမှာပေါ့'

အေးသောင်၏ ဖခင်ကြီး ဦးမြင့်ထွန်းက မေးနေခြင်းပင်။





ထိုအမေးကို ရဲမာန်အောင်က မျက်စိမျက်နှာ မသာယာစွာနှင့် ယခုလို ပြန်ဖြေသည်။

'ဟုတ်ကဲ့… အခု ကျွန်တော်လာခဲ့ရတာဟာလည်း အေးသောင်နဲ့ ပတ်သက်ပြီး ပြောစရာရှိလို့ လာခဲ့တာပါ ဦးလေး'

'ဟေ… ဒါဆို မြန်မြန်ပြောစမ်းပါ၊ တို့ ကြားချင်လို့ပါ'

'အင်း… ပြောရမယ်ဆိုရင် သတင်းကောင်းတော့ မဟုတ်ဘူး၊ သတင်းဆိုးကြီးပဲ ဦးလေးရေ'

ရဲမာန်အောင်က ငိုသံပါကြီးနှင့် ပြောနေတော့သည်။

'ဘုရား… ဘုရား… မင်းပြောပုံကြီးက ငါ့မှာ ရင်တွေတုန်လိုက်တာကွယ်'

ခင်နန်းသုဇာ၏မိခင် ဒေါ်သူဇာက ဝင်ပြောသည်။

ရဲမာန်အောင်မှာ ဒေါ်သူဇာအား ဂရုဏာသက်စွာနှင့် လှမ်း ကြည့်ပြီးနောက် အောက်ပါအတိုင်း ပြောပြနေသည်။

'တရားနဲ့သာ ဖြေပါလို့သာ ကျွန်တော် စိတ်မကောင်းစွာနဲ့ ပြောချင်ပါတယ် ဒေါ်ဒေါ်တို့ရယ်၊ ကျွန်တော့်သူငယ်ချင်း အေးသောင်ကတော့ နိုင်ငံတော်အတွက် အသက်ပေးသွားခဲ့ပါပြီ ခင်ဗျာ'

'ဟယ်… ဖြစ်မှဖြစ်ရပလေ သားလေးရယ်'

အေးသောင်၏မိခင် ဒေါ်သူဇာမှာ အထက်ပါအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြော ကာ ချုံးပွဲချ၍ ငိုကြွေးနေရှာသည်။

ခင်နန်းသုဇာလည်း မိခင်ကို ပြေးဖက်ကာ နှစ်သိမ့်ပေးနေသည်။ သူမကိုယ်တိုင်မှာလည်း မျက်ရည်လည်ရွဲနှင့်-

အေးသောင်၏ ဖခင်ကြီး ဦးမြင့်ထွန်းကတော့ မျက်ရည်များကျဆင်းခြင်းမရှိသော်လည်း သူ့မျက်နှာပေါ်တွင်တော့ ကြေကွဲဝမ်းနည်းသည့်အသွင်ကို ဆောင်နေသည်။

ပြီးမှ စိတ်ကို ချုပ်တီးကာ ဦးမြင့်ထွန်းက ရဲမာန်အောင်ကို မေးနေသည်။

'နေစမ်းပါဦး… မောင်ရဲမာန်အောင်ရဲ့၊ ငါ့သား ကျဆုံးခဲ့တယ်ဆိုတာ ဘယ်တုန်းကလဲ'

'သုံးလလောက်တော့ရှိပြီ ဦးလေး'

'မင်းနှယ့်ကွယ်… သုံးလလောက်ရှိမှ လာပြောရသလား၊ ဆိုးဆိုးချင်းပြောရောပေါ့ကွာ'

'ဟုတ်ကဲ့… ဦးလေးတို့ အပြစ်တင်ရင်လည်း ခံရမှာပဲ၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော်လည်း တိုက်ပွဲမှာ ဒဏ်ရာ ရခဲ့လို့ စစ်ဆေးရုံမှာ နှစ်လလောက် တက်နေရတယ်၊ အေးသောင်ကတော့ သူ ရထားတဲ့ဒဏ်ရာဟာ ပြင်းလွန်းလို့ ဆေးရုံမရောက်ခင် သေဆုံးသွားတယ် ဦးလေးရဲ့'

ထိုစကားကို ကြားလိုက်ရလျှင် ခင်နန်းသုဇာ ထိတ်လန့်





သံကလေးနှင့် လှမ်းမေးနေသည်။

'ဟင်… ဒဏ်ရာရတယ်၊ တော်တော်ပြင်းသလားဟင်'

'ကိုယ့်ဝမ်းဗိုက်ကို ရှပ်ပြီးထိသွားတာပါ၊ ဒါကြောင့်ဒဏ်ရာသာရပြီး အသက်မသေခဲ့တာပေါ့'

'အင်း… မင်းကတော့ ကံကောင်းလို့ မသေတာပေါ့၊ ငါ့သားလေးကတော့ ကံမကောင်းရှာဘူး၊ အေးလေ… လူဆိုတာ သေမျိုးချည့်တွေမို့ နာမည်ဆိုးနဲ့ သေရတာထက်စာရင် အခုလို တိုင်းပြည်အတွက် အသက်ပေးရတာက မွန်မြတ်ပါတယ်လေ၊ ဒီတော့ သွားလေသူ သားအတွက် ငါတို့ သပိတ်သွတ် အမျှဝေကြတာပေါ့'

ဦးမြင့်ထွန်းက ကြေကွဲသံနှင့် ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်နှစ်

### ကဝိသစ္စာ

ရဲမာန်အောင်မှာ ခင်နန်းသူဇာတို့အိမ်တွင် ကြာကြာ မနေခဲ့ပေ။ (၁၀)ရက်ခန့်သာနေပြီး ရန်ကုန်မြို့သို့ ပြန်သွားခဲ့သည်။ ခင်နန်းသူဇာက တစ်လခန့်နေရန် တားထားသော်လည်း မရပေ။

"မဖြစ်ဘူး ခင်နန်းရဲ့၊ မောင်ဟာ တက္ကသိုလ်ကျောင်းတွေ ပြန်ဖွင့်နေပြီမို့ ကျောင်းပြန်တက်ရမယ်လေ၊ တပ်ကလည်း မောင့်ကို ထွက်ခွင့်ပေးထားပြီးပြီ၊ အဲ… ခင်နန်းလည်း မက်ထရစ်ကိုဖြေပေါ့၊ အောင်ရင် ရန်ကုန်တက္ကသိုလ်ကို ဆက်တက်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ မောင်နဲ့ ခင်နှန်းတို့ ပြန်လည်ဆုံဆည်းကြမှာပေါ့'

ရဲမာန်အောင်က ခင်နှန်းသူဇာကို ပြောပြနေသည်။

'ဟန့်... မောင်က ပြောတာလွယ်လိုက်တာ၊ ခင်နှန်း တက္ကသိုလ်ဝင်စာမေးပွဲအောင်ရင်တောင် တက္ကသိုလ်တက်ဖို့ဆိုတာ မလွယ်ဘူး၊ ခင်နှန်းမိဘတွေက တောင်သူလယ်သမားတွေမို့ ငွေကြေးမတတ်နိုင်ကြဘူး မောင်ရဲ့'

'ငွေကြေးအတွက်တော့ ဒုန့်ဝါရိုပါ အချစ်ရယ်၊ မောင် ပေးပါ့မယ်လေ၊ ခင်နှန်းကသာ တက္ကသိုလ်ဝင်စာမေးပွဲကြီးကို အောင်မြင်အောင်ဖြေပါ'

'မောင် တကယ်ပြောနေတာလား၊ တော်ကြာ မောင် စိတ်ပြောင်းသွားရင် ဘယ်လိုလုပ်မလဲ'

'ဟာ... ခင်နှန်းကလည်းကွာ၊ ဘယ်လိုကြောင့် မောင်က စိတ်ပြောင်းရမှာလဲ၊ စိတ်ချ... မောင် စိတ်မပြောင်းပါဘူး၊ ဒီကမ္ဘာလောကကြီးမှာ မောင်ချစ်ရမယ့်သူက ခင်နှန်းတစ်ဦးတည်းပဲ ရှိပါတယ်၊ မောင် ဘွဲ့ရပြီးတာနဲ့ ခင်နှန်းကို မောင့်မိဘတွေဆီခေါ်သွားပြီး လက်ထပ်ပေးဖို့ မောင် ပြောလိုက်မယ်၊ ဒါကိုတော့ ခင်နှန်း ယုံသလားဟင်'

'အင်း... မောင့်ကို ယုံပါတယ်၊ ဒါပေမဲ့ မောင့်မိဘတွေက ခင်နှန်းလို တောသူတစ်ယောက်နဲ့ အလွယ်တကူ သဘော





တူပါ့မလား၊ ပြီးတော့ ခင်နှန်းမိဘတွေကလည်း ဆင်းရဲကြတယ်လေ'

'အဲဒီအတွက်တော့ ပူမနေပါနဲ့ကွာ၊ မောင့်မိဘတွေက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ခင်နှန်းကိုတော့ မောင် ကယူမှာပဲ၊ အဲ... ခင်နှန်းကသာ မောင်ချစ်သလို သစ္စာရှိရှိ ပြန်ချစ်ဖို့လိုတယ်လေ'

'ခင်နှန်းရဲ့ချစ်မေတ္တာနဲ့ ပတ်သက်ပြီး စိတ်ချစမ်းပါလေ၊ ဒီတစ်သက်မှာ မောင်ကလွဲလို့ ဘယ်ယောကျ်ားကိုမှ မချစ်ဘူး၊ မောင် မယုံရင် ရွာဦးထိပ်က စေတီတော်ကြီးမှာသွားပြီး သစ္စာပြုမယ်လေ၊ မောင်ကကော ခင်နှန်းလို သစ္စာပြုရဲရဲ့လား'

'အို... ဒီနေ့လိုက်စမ်း၊ မောင်ကလည်း ခင်နှန်းပြောသလို ဘုရားမှာ သစ္စာပြုချင်နေတာ၊ အခုတော့ ဟန်ကျသွားပြီ၊ ကဲ... ပြောနေကြာတယ်၊ အခုပဲ ခင်နှန်းတို့ ရွာထိပ်က စေတီတော်မှာ သစ္စာပြုကြစို့လား'

ရဲမာန်အောင်က ပြောလျှင် ခင်နှန်းသူဇာကလည်း ဝမ်းမြောက်ဝမ်းသာနှင့် သဘောတူလိုက်သည်။

ထို့နောက်တော့ သူတို့နှစ်ဦးမှာ ရွာထိပ်မှ စေတီတော်သို့ သွား၍ သစ္စာပြုခဲ့ကြသည်။

စေတီတော်သို့ရောက်လျှင် ရဲမာန်အောင်က ငါးပါးသီလ



www.burmeseclassic.com

www.burmeseclassic.com



ကို ခံယူပြီးနောက် အောက်ပါအတိုင်း စေတီတော်တွင် သစ္စာပြု တော့သည်။

'အရှင်ဘုရား… တပည့်တော်သည် ခင်နန်းသူဇာအပေါ် ရှိသော ချစ်သူကလေးအပေါ်တွင် မည်သည့်အခါမှသစ္စာမဖောက်ဘဲ စွဲစွဲမြဲမြဲ သေတစ်ပန်သက်တစ်ဆုံး ချစ်သွားပါမည်။ မိဘများက သူနှင့် သဘောမတူ၍ ခွဲခွာကြသည့်တိုင် တပည့်တော်သည် ခင်နန်းသူဇာကို ပစ်ပယ်မသွားဘဲ သေအတူ ရှင်အတူ မခွဲမခွာဘဲ ပေါင်းသင်းသွားပါမည်ဟု သစ္စာပြုအပ်ပါသည်။ ဤသစ္စာစကား အတိုင်းမတည်ဘဲ ဖောက်ဖျက်ခဲ့သော် အသေဆိုးနှင့်သေပြီး အဝီစိငရဲသို့ ကျရောက်ပါစေသတည်း'

'ကဲ… ခင်နန်း… မောင် သစ္စာဆိုတာ ကြားပြီးပြီနော်၊ ခင်နန်းလည်း သစ္စာပြုလေ'

ရဲမာန်အောင်ကနိုင်းလျှင် ခင်နန်းသူဇာကလည်း အထက်ပါအတိုင်း သစ္စာပြုလိုက်သည်။

စေတီတော်တွင် သစ္စာပြု၍အပြီးတွင် ချစ်သူနှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ချစ်ရည်ရွှမ်းသော အကြည့်နှင့် ကြည့်နေကြတော့သည်။

ရဲမာန်အောင်က ရန်ကုန်မြို့၏ သူနေထိုင်ရာလိပ်စာကို ခင်နန်းသူဇာအား ပေးသွားခဲ့သည်။





၁၉၄၆ ခုနှစ်တွင် ခင်နန်းသူဇာမှာ မက်ထရိတ်ကျူလေးရှင်း Matriculation ခေါ် တက္ကသိုလ်စာမေးပွဲကြီးကို အောင်မြင်ခဲ့သည်။

(ထိုစဉ်က ယခုခေတ်လို ၁၀-တန်းစာမေးပွဲ မရှိသေးပါ။ အတန်းကိုလည်း သတ်မှတ်ချက်မထားဘဲ မည်သူမဆို ထိုစာမေးပွဲကြီးကို ဖြေဆိုနိုင်ကြသည်။ ဤကားစကားချပ်)

ခင်နန်းသူဇာမှာ စာမေးပွဲအောင်မြင်ကြောင်းကို ချစ်သူရဲမာန်အောင်ထံသို့ စာရေး၍အကြောင်းကြားခဲ့သည်။ ရဲမာန်အောင်ကလည်း သူပေးထားခဲ့သော ကတိအတိုင်း ခင်နန်းသူဇာကို တက္ကသိုလ်တက်နိုင်အောင် စီစဉ်ပေးခဲ့သည်။ ထိုသို့ စီစဉ်ပေးရာတွင် ခင်နန်းသူဇာကို အင်းလျားဆောင်ခေါ် အမျိုးသမီး ဘော်ဒါဆောင်တွင်ထားခဲ့ပေ။ ရန်ကုန်တက္ကသိုလ်နှင့် အနီးဆုံး ဖြစ်သော ကမာရွတ် လှည်းတန်းရှိ ရဲမာန်အောင်၏ အဒေါ်ဝမ်းကွဲ ဖြစ်သူ ဒေါ်ရွှေ၏အိမ်တွင်ထားသည်။

ထိုအိမ်မှနေ၍ ခင်နန်းသူဇာမှာ တက္ကသိုလ်ကျောင်းကို တက်ခဲ့ရသည်။

ခင်နန်းသူဇာအဖို့တော့ တက္ကသိုလ်လည်းတက်ရ၊ ချစ်သူနှင့်လည်း နေ့စဉ်တွေ့ရမို့ ပျော်လို့မဆုံး တပြုံးပြုံးဖြစ်နေသည်။

သို့နှင့်ပင် ပထမနှစ်ကုန်ဆုံး၍ ဒုတိယနှစ်သို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ထိုနှစ်တွင် ခင်နန်းသူဇာမှာ ဥပစာ(က)တန်း အောင်ခဲ့၍ ဥပမာ(ခ)အတန်းသို့ တက်နေရသည်။

ခင်နန်းသူဇာမှာ ခြောက်လပတ်စာမေးပွဲကြီးကို ဖြေဆိုခဲ့ပြီး နောက်တစ်နေ့နံနက်တွင် ဖြစ်သည်။

ခင်နန်းသူဇာ နေထိုင်ရာအိမ်ရှေ့သို့ ဆီဒင်ကားကြီးတစ်စီး ရောက်လာခဲ့သည်။

ကားအတွင်းမှ အသက် (၄၀)ကျော် (၅၀)နီးပါးခန့်ရှိ မွန်မွန်ရည်ရည် ရုပ်သွင်ရှိသော အမျိုးသမီးကြီးတစ်ဦးမှာ ကားတွင်းမှ ဒရိုင်ဘာဖွင့်ပေးသော တံခါးမှ ဆင်းလာခဲ့သည်။ ထိုအမျိုးသမီးကြီးကိုမြင်လျှင် ခင်နန်းသူဇာ နေထိုင်သောအိမ်မှ ဒေါ်ရွှေမှာ 'ဟယ်… မမပါလား'ဟူ၍ အံ့သြသံပြုကာ ကားဆီသို့ ပြေးသွားခဲ့သည်။

ခင်နန်းသူဇာကတော့ မည်သူမှန်းသိ၍ အိမ်ပေါ်မှသာ လှမ်း၍ ကြည့်နေမိသည်၊

ထို့နောက်တော့ ကားပေါ်မှဆင်းလာခဲ့သော မွန်မွန်ရည်ရည်နှင့် အမျိုးသမီးကြီးမှာ ဒေါ်ရွှေနှင့်အတူ အိမ်ပေါ်သို့ တက်လာခဲ့သည်။ အိမ်ပေါ်သို့အရောက်တွင် ဒေါ်ရွှေက ခင်နန်းသူဇာကို လှမ်းပြောသည်။

'ဟဲ့… ခင်နန်း၊ အခုလာတဲ့ မမဟာ မောင်ရဲမာန်အောင်





ရဲ့အမေ မမဒေါ်ငွေးလေ'

ဒေါ်ရွှေက ပြောမှ ခင်နန်းသူဇာမှာ ချစ်သူရဲမာန်အောင်၏ မိခင်ကြီးမှန်း သိသွားတော့သည်။

ယခုလို သိသွားတော့ ခင်နန်းသူဇာ၏ ရင်ထဲတွင် ထိတ်ခနဲ ခံစားလိုက်မိသည်။

'ဪ… အစ်ကိုရဲမာန်အောင်ရဲ့ မိခင်ကိုး၊ သမီးမသိလို့ နှုတ်မဆက်မိတာကို ခွင့်လွှတ်ပါ ဒေါ်ဒေါ်"

ခင်နန်းသူဇာက တောင်းပန်သံကလေးနှင့် ပြောနေသည်။

'ကိစ္စမရှိပါဘူးကွယ်၊ ရပါတယ်… အင်း… သားပြောခဲ့တဲ့အတိုင်း ငါ့တူမရဲ့ ရုပ်ရည်ကလေးဟာ အတော့်ကို ချောတာပဲနော်'

ရဲမာန်အောင်၏မိခင်ကြီး စကားကြောင့် ခင်နန်းသူဇာ၏ မျက်နှာပေါ်တွင် ရှက်သွေးကလေး ဖြာဆင်းသွားခဲ့သည်။

ရဲမာန်အောင်၏ မိခင်ကြီး ဒေါ်ငွေးမှာ ခင်နန်းသူဇာအား ပြောပြီး ကြိမ်ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင်သည်။

'ကဲ… တူမကြီး၊ ထိုင်စမ်းပါဦး… ဒေါ်ဒေါ် အခုလာခဲ့တာက မောင်ရဲမာန်အောင်နဲ့ ပတ်သက်ပြီး ပြောစရာရှိလို့ပါ'

ဒေါ်ငွေးကပြောလျှင် ခင်နန်းသူဇာမှာ မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နှံ့ရှိနေသော ကုလားထိုင်တွင် မငုံမရဲ ဝင်ထိုင်ရသည်။ ဒေါ်ချွေကတော့ သူတို့နှင့် မနီးမဝေးနေရာတွင် ရပ်၍ ကြည့်နေသည်။

ခင်နှန်းသူဇာကုလားထိုင်ပေါ်သို့ ထိုင်အပြီးတွင် ဒေါ်ချွေးက စကားကို ဆက်ပြောသည်။

'ဒီလိုကွဲ့… ဒေါ်ဒေါ့သား ရဲမာန်အောင်မှာက သမီးနဲ့ မတွေ့ဆုံကြခင်တုန်းက နှစ်ဖက်သောလူကြီးမိဘချင်း စေ့စပ်ကြောင်းလမ်းထားခဲ့ကြတဲ့သူ ရှိနေတယ်ကွဲ့'

'ရှင်…'

ဒေါ်ချွေးထံမှ မမျှော်လင့်သောစကားကို ကြားရလျှင်-

ခင်နှန်းသူဇာမှာ ခိုးကြိုးအပစ်ခံလိုက်ရသလို တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားခဲ့တော့သည်။

ခင်နှန်းသူဇာထံမှ အာမေဋိတ်သံကြောင့် ဒေါ်ချွေးက ပြုံး၍ ကြည့်ရင်း ဆက်ပြောနေသည်။

'အဲဒီမိန်းကလေးရဲ့ နာမည်က သင်းသင်းရီတဲ့၊ သူက သမီးထက် အသက်နည်းနည်းတော့ ကြီးလိမ့်မယ်ထင်တယ်၊ ဒါထက် သမီးအသက်က ဘယ်နှစ်နှစ်လဲကွဲ့'

'သမီးအသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ခဲ့ပါပြီ'

ခင်နှန်းသူဇာက ပြန်ဖြေသည်။

'အင်း… ဒါဆို သမီးထက် သင်းသင်းရီက သုံးနှစ်





ကြီးလိမ့်မယ်၊ မောင်ရဲမာန်အောင်က အခုဆို နှစ်ဆယ့်နှစ်,နှစ်ရှိနေပြီလေ'

ဒေါ်ချွေးက သားနှင့်ချွေးမလောင်းတို့၏ အသက်များကို ပြောပြရင်း စကားကို ဆက်နေသည်။

'အမှန်တော့ သင်းသင်းရီနဲ့ မောင်ရဲမာန်အောင်တို့ဟာ ကျောင်းနေဖက် ငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသလို ဒေါ်ဒေါ်တို့ လူကြီးချင်းဖက်ကကြည့်ပြန်ရင်လည်း ငယ်သူငယ်ချင်းတွေလို့ ဆိုရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ရဲမာန်အောင်ရဲ့ဖခင် ဒေါ်ဒေါ်ရဲ့ ခင်ပွန်းဟာ သင်းသင်းရီရဲ့ ဖခင်နဲ့က ငယ်သူငယ်ချင်းတွေပဲလေ၊ ဟဲ…, ဟဲ…'

ဒေါ်ချွေးက ပြောလက်စ စကားကို ခေတ္တရပ်ကာ ရယ်ပြနေသည်။

'သူတို့ကို ဂျပန်ဝင်စက ဒေါ်ဒေါ်တို့ဟာ လက်ထပ်ပေးစားဖို့ စီစဉ်ခဲ့ကြသေးတယ်။ ဒါပေမဲ့ သား မောင်ရဲမာန်အောင်ဟာ ဘိအိုင်အေထဲကို ဒေါ်ဒေါ်တို့မသိအောင် တိတ်တိတ်ခိုးဝင်သွားခဲ့လို့ မေးစားဖြစ်ခဲ့ဘူးလေ၊ အခုတစ်ခါ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားလို့ ဒေါ်ဒေါ်တို့ဟာ ရပ်ဆိုင်းထားခဲ့ရတဲ့ မင်္ဂလာကိစ္စကို ပြန်လုပ်ဖို့ပြင်ကြတယ်။ ဒီအခါ သားက သူ တက္ကသိုလ်မှာ ဘွဲ့ရတဲ့အထိ စောင့်ပါဦး၊ ဘွဲ့ရပြီးမှ လက်ထပ်ပါရစေလို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြေပေးနေတာနဲ့ ရယ်ခဲ့ရပြန်ရောကွယ်'

ထိုနေရာသို့ အရောက်တွင် ဒေါ်ငွေးက စကားကို ရပ်ထားပြန်သည်။ ခင်နန်းသူဇာကတော့ စိတ်ဝင်စားစွာနှင့် နားထောင်နေသည်။

'နောက်တော့ ဒေါ်ဒေါ်ဟာ သူ့အပေါ်မှာ မသင်္ကာစိတ်တွေဟာ ပေါ်လာလို့ သူ့ကို မေးကြည့်တဲ့အခါ သူက 'သားမှာ ချစ်သူရှိနေပြီ၊ ဒါကြောင့် မေမေတို့ပေးစားမယ့် သင်းသင်းရီကို မယူချင်ဘူး' လို့ ငြင်းတော့တယ်၊ ဒီအခါ ဒေါ်ဒေါ်လည်း အံ့သြပြီး -

'နေပါဦး… မင်းချစ်သူက ဘယ်သူလဲ၊ ဘယ်တုန်းက တွေ့ခဲ့ကြတာလဲလို့ မေးကြည့်တော့ သူက ငါ့တူမနဲ့ စတွေ့ကြပုံကအစ တူမကြီးကို တဏှာသိုလ်တက်ခိုင်းခဲ့တဲ့အထိ ဖြစ်ပျက်သမျှတွေကို ပြောပြခဲ့တယ်ကွဲ့၊ အဲဒီအခါကျမှပဲ သားဟာ သူ့နဲ့ပေးစားမယ့် သင်းသင်းရီကို ငြင်းဆန်နေတယ်ဆိုတာ သိခဲ့ရတယ်၊ သားပြောတဲ့အတိုင်း တူမကြီးဟာ အမှန်ပဲလားကွယ်'

ဒေါ်ငွေးက မေးနေသည်။

ခင်နန်းသူဇာကလည်း ငြင်းပယ်ခြင်းမပြုဘဲ ဝန်ခံနေသည်။

'ဟုတ်ပါတယ် ဒေါ်ဒေါ်၊ သမီးတို့ဟာ ချစ်သူတွေဖြစ်ခဲ့





ကြပါတယ်ရှင်'

'အေးကွယ်… တူမကြီးကလည်း မငြင်းဆိုဘဲ ဝန်ခံခဲ့တဲ့အတွက် ဒေါ်ဒေါ်ဟာ စိတ်မကောင်းစွာနဲ့ဘဲ သမီးကို ပြောပြရတော့မယ်၊ တခြားတော့ မဟုတ်ပါဘူး၊ တူမနဲ့ မောင်ရဲမာန်အောင်နဲ့ဟာ လက်ထပ်ဖို့ လုံးဝမဖြစ်နိုင်ဘူးကွယ်၊ ဒေါ်ဒေါ်တို့မှာက လူကြီးချင်း နှုတ်လွှန့်ထားတာက ရှိနေလို့ပါ၊ တကယ်လို့သာ ဒုတိယကမ္ဘာစစ်မီးကြီး မဖြစ်ခဲ့ဘူးဆိုရင် သားနဲ့ သင်းသင်းရီတို့ဟာ လက်ထပ်ပေးစားပြီး ဖြစ်နေပါပြီ၊ အခုတော့ ဒုတိယကမ္ဘာစစ်ကြီးကလည်းဖြစ်၊ နောက် တူမကြီးနဲ့ကလည်း ဂျပန်ခေတ်ကတည်းက ချစ်ခဲ့ကြိုက်ခဲ့ကြတော့ သူတို့ကို လက်ထပ်ပေးစားဖို့ နှောင့်နှေးလာခဲ့ရတာပေါ့'

ခင်နန်းသူဇာမှာ ဒေါ်ငွေး၏စကားများကို နားထောင်ရင်း သူမနှင့် ရဲမာန်အောင်အတွက် အခြေအနေမကောင်းတော့မှန်းကို ရိပ်မိနေသည်။

'ဘုရား… ဘုရား… ဒီစကားတွေ ပြောနေပုံထောက်တော့ ငါနဲ့ ကိုရဲမာန်အောင်ဟာ ကွဲကွာကြရတော့မယ် ထင်တယ်'

ထိုအတွေးများဝင်လာလျှင် ခင်နန်းသူဇာ၏ ရင်ထဲတွင် နင့်ခနဲ ဝေဒနာတစ်မျိုးကို ခံစားလိုက်ရသည်။ ထိုစဉ်မှာပင် ဒေါ်ငွေး၏ စကားသံမှာ ပေါ်ထွက်လာနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ဒေါ်ဟာ တူမတို့ချစ်ခြင်းကို မခွဲချင်ပါဘူး၊ ဒါပေမဲ့ စောစောက ပြောခဲ့တဲ့အတိုင်း မောင်ရဲမာန်အောင်နဲ့ သင်းသင်းရီတို့ကို လက်ထပ်ပေးစားကြဖို့ စီမံထားခဲ့ပြီမို့ ပြန်ပြင်လို့ မဖြစ်နိုင်တော့ဘူး၊ အဲဒါကြောင့် ငါ့တူမကြီးက နောက်ဆုတ်ပေးစေလိုပါတယ်ကွယ်၊ အဲဒီအတွက်လည်း တူမကြီးမှာ နစ်နာစရာ မရှိပါဘူး'

'ရှင်… သမီး အသက်မကချစ်ခဲ့ရတဲ့သူကို လက်လွှတ်ဆုံးရှုံးရမယ့်ကိစ္စဟာ မနစ်နာဘူးလား ဒေါ်ဒေါ်ရယ်၊ စဉ်းစားကြည့်ပါဦးရှင်'

ခင်နှန်းသူဇာမှာ ပြောရင်း ငိုသံကလေး ပါလာခဲ့သည်။

'စဉ်းစားခဲ့ပါတယ် တူမရယ်၊ တူမကြီးအတွက် မနစ်နာစေရပါဘူးလို့ ပြောနေတာဟာ တခြားကြောင့် မဟုတ်ပါဘူး၊ သား ရဲမာန်အောင်က တူမကြီးကို တက္ကသိုလ်က ဘွဲ့ရတဲ့အထိ ကျောင်းလခရော နေထိုင်ရေးစရိတ်ရော တာဝန်ယူပါ့မယ်လို့ ကတိပေးထားခဲ့တဲ့အတိုင်း အဲဒီတာဝန်ကို ဒေါ်ဒေါ်ယူပါ့မယ်၊ တူမကြီးအတွက် ပညာရေးကို လုံးဝ မထိခိုက်စေရပါဘူး၊ အဲ… တစ်ခုပဲ ဒေါ်ဒေါ့် ကို ကတိပေးထားရမယ်'

'ဘာကတိလဲ ဒေါ်ဒေါ်'

ခင်နှန်းသူဇာက ပြန်မေးသည်။





'တခြားတော့မဟုတ်ပါဘူး၊ ဒီနေ့ ဒီအချိန်ကစပြီး ဒေါ်ဒေါ့်ရဲ့သားနဲ့ လုံးဝ မတွေ့ပါဘူးဆိုတဲ့ ကတိပဲ၊ ဘယ့်နှယ့်လဲ'

'အချစ်ကို ငွေနဲ့ပေါက်ပြီး ခွဲလို့ရသလား ဒေါ်ဒေါ်၊ အောင်မြင်မှုတွေကော ရရှိုးထုံးစံရှိသလား'

ခင်နှန်းသူဇာက မခံချင်စိတ်နှင့် ပြန်လည်၍ မေးခွန်းထုတ်နေသည်။

'ဟဲ့… အခုဟာက တူမကို ငွေနဲ့ပေါက်ပြီး ခွဲနေတာမှ မဟုတ်တာ၊ ဒေါ်ဒေါ့်သားထားခဲ့တဲ့ ကတိအတိုင်း မိခင်ဖြစ်တဲ့သူက တာဝန်ယူခဲ့တာလေ၊ အဲ… အခု ဒေါ်ဒေါ်ပြောတာကို တူမက လက်မခံရင်လည်း မောင်ရဲမာန်အောင်နဲ့ ပေါင်းရမှာမှ မဟုတ်ဘဲ တူမကြီးမှာသာ မိအေးနစ်ခါနာဆိုသလို ချစ်သူနဲ့လည်း မပေါင်းရ၊ ပညာသင်ခွင့်လည်း ထပ်ပြီး ဆုံးရှုံးရလိမ့်မယ်။ ဒီတော့ ဒေါ်ဒေါ်ပြောတာကိုသာ လက်ခံပါ၊ တူမကြီးဟာ ရုပ်ရည်ကလည်းလှ၊ အသက်ကလည်း ငယ်ရွယ်သေးတာမို့ နောင်တစ်နေ့ မောင်ရဲမာန်အောင်ထက်သာတဲ့ ချစ်သူကို တွေ့နိုင်ပါသေးတယ်လေ၊ ဒေါ်ဒေါ်ပြောတာ သဘောပေါက်ပါတယ်နော်၊ ဟဲ… ဟဲ…'

ဒေါ်ငွေးပြောနေသော စကားများကို နားထောင်ရင်း- ခင်နှန်းသူဇာမှာ စိတ်ထဲမှ စဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီအဒေါ်ကြီးကတော့ သူ့သားနဲ့ မကွဲကွဲအောင် လုပ်မှာပဲ၊ ငါ့အနေနဲ့ သူပြောတဲ့အတိုင်း လက်မခံဘဲ ငြင်းလိုက်ရင် လောလောဆယ် ငါ့ပညာရေးကို ထိခိုက်မှာပဲ၊ ငါ့မိဘတွေကလည်း ငါ့ကို ပညာဆက်သင်ပေးနိုင်အောင် တတ်နိုင်ကြတာ မဟုတ်ဘူး။ ပြီးတော့ သူတို့သဘောတူကြတဲ့ သင်းသင်းရီနဲ့ ကိုရဲမာန်အောင်ကလည်း အခုချက်ချင်းယူကြဦးမှာ မဟုတ်ဘူး၊ ဘွဲ့ရတဲ့အထိ သူ့မိဘတွေကို စောင့်ဆိုင်းဖို့ ပြောတာဟာ သူ့မှာ အကြံရှိလို့ဖြစ်မယ်၊ ဒါဟာ ငါ့အပေါ်မှာ သူ့သားသစ္စာမရှိရင် အခုလို မင်္ဂလာကိစ္စကို အချိန်ဆွဲနေစရာ မလိုဘူး။ လက်ထပ်လိုက်မှာပေါ့၊ ဒါကြောင့် ငါဟာ ဒီအဒေါ်ကြီးပြောတာကို လက်ခံလိုက်မယ်၊ ဒါမှ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့စကားလို ငါလည်း တက္ကသိုလ်ကဘွဲ့ကိုရ၊ ကိုရဲမာန်အောင်လည်း ဘွဲ့ရပြီး တို့နှစ်ယောက် တခြားကိုလစ်ပြေးပြီး ပေါင်းသင်းနေကြရင်လည်းဖြစ်တာပဲဟာ၊ ဒီတော့ ငါ့အနေနဲ့ အချိုသတ်တဲ့သဘောနဲ့ လက်ခံလိုက်တာ ကောင်းပါလိမ့်မယ်'

ခင်နန်းသူဇာမှာ အထက်ပါအတိုင်း စိတ်တွင်းမှနေ၍ တမျှော်တခေါ်ကြီး တွေးနေသည်။

'တူမကြီး... ဘာတွေများ အကြာကြီးစဉ်းစားနေရတာလဲကွယ်၊ ဒေါ်ဒေါ်ပြောတာသာ လက်ခံစမ်းပါ၊ ဒါမှလည်း တူမကြီးအတွက် အကျိုးရှိမှာပေါ့'

ခင်နန်းသူဇာ တွေးနေခိုက် ဒေါ်ဌေး၏အသံမှာ ပေါ်လာနေသည်။

'သမီး စဉ်းစားနေတာက တက္ကသိုလ်က ဘွဲ့ရတဲ့အထိ ဒေါ်ဒေါ်တို့က တာဝန်ယူနေရရင် ငွေကြေးအကုန်အကျ သိပ်များနေမှာကို စိုးရိမ်မိလို့ပါ ဒေါ်ဒေါ်'

'အို... ငွေကိစ္စကို စဉ်းစားမနေနဲ့၊ အဲဒါက ပြဿနာ မဟုတ်ဘူး၊ အဲ... ပြဿနာက ဘာလဲဆိုတော့ တူမကြီးဟာ ဒေါ်ဒေါ်တို့မသိအောင် မောင်ရဲမာန်အောင်နဲ့ တိတိတ်သွားတွေ့ရင် ပြဿနာဖြစ်မှာကို စိုးတာပါပဲ၊ မတွေ့ပါဘူးလို့ ငါ့တူမ ကတိပေးနိုင်မလား'

'ပေးဆိုလည်း သမီးဘက်ကတော့ ပေးနိုင်ပါတယ်လေ၊ ဒါပေမဲ့ ကိုရဲမာန်အောင်က သမီးကို လာတွေ့ရင်ကော ဘယ်လိုလုပ်မလဲ'

'ဟာ... အဲဒီအတွက်တော့ စိတ်ချ၊ သား မောင်ရဲမာန်အောင်ဟာ သမီးနဲ့ လာမတွေ့စေရဘူး၊ အဲဒီလိုမတွေ့နိုင်အောင်လည်း ဒေါ်ဒေါ်တို့က စီမံထားပါတယ်'

'ဟုတ်ကဲ့... ဒေါ်ဒေါ်တို့ဘက်က အာမခံရဲရဲကြီးပေးနေမှတော့ သမီး စိတ်ချသွားပါပြီ၊ သမီးဘက်ကတော့ သူ့ကို လုံး







www.burmeseclassic.com

www.burmeseclassic.com



သွားပြီး မတွေ့ပါဘူး ဒေါ်ဒေါ်”

ခင်နန်းသူဇာ၏ စကားများကြောင့် ဒေါ်ငွေးမှာ အလွန်ပင် ဝမ်းသာသွားခဲ့တော့သည်။

‘ကောင်းပြီ … ဒါဆိုရင် အလုပ်ဖြစ်သွားပြီ၊ အခုလို တူမကြီးက ဒေါ်ဒေါ့်ဆန္ဒကို အခက်အခဲမရှိဘဲ လိုက်လျောတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်ကွယ်၊ ကိုင်း… ဒေါ်ဒေါ် လာခဲ့တဲ့ကိစ္စအတွက် အောင်မြင်သွားပြီမို့ ဒေါ်ဒေါ်ပြန်တော့မယ်။ တူမကြီးရဲ့ ကျောင်းစရိတ်တွေနဲ့ နေထိုင်စားသောက်ရေးကိစ္စအဝဝကို ဟောဟိုက ဒေါ်ဒေါ့်ညီမ မဌေးတာတစ်ဆင့် လစဉ်ငွေကို ပို့ပေးနေမယ်၊ စိတ်ချလက်ချသာ ပညာကို ဘွဲ့ရတဲ့အထိ တူမကြီးက သင်ယူပေတော့’

ဒေါ်ငွေးသည် ခင်နန်းသူဇာအား အထက်ပါအတိုင်း ပြောကာ ပြန်သွားခဲ့တော့သည်။

☪ ☪ ☪



## တစ်ဆယ့်သုံး

# မမျှော်လင့်သောအန္တရာယ်

"The course of true love never did run smooth."

ဟူသော အင်္ဂလိပ်စကားပုံတစ်ခု ရှိခဲ့ဖူးသည်။

အဓိပ္ပာယ်ကတော့ ‘အချစ်စစ် အချစ်မှန်တို့၏ လမ်းခရီးသည် ဘယ်တော့မှ ဖြောင့်ဖြူးသာယာခြင်းမရှိ’ ဟူသတည်း။ မှန်ပေသည်။

ယခုလည်း ရဲမာန်အောင်နှင့် ခင်နန်းသူဇာတို့၏ ချစ်ခရီးမှာ ဖြောင့်ဖြူးသာယာခြင်း မရှိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်နှန်းသူဇာမှာ ဒေါ်မွေးအား ရဲမာန်အောင်နှင့် မတွေ့အောင် ရှောင်နေပါမည်ဟူ၍ ကတိပေးထားခဲ့သော်လည်း သူမ၏ စိတ်ထဲတွင်တော့ တွေ့ချင်မြင်ချင်လှသည်။

ယခုဆိုလျှင် ခင်နှန်းသူဇာနှင့် ရဲမာန်အောင်တို့ မတွေ့ဆုံခဲ့ရသည်မှာ တစ်နှစ်နီးပါး ရှိခဲ့လေပြီ။

တက္ကသိုလ်ကျောင်းတော်ကြီးကလည်း စာမေးပွဲကြီးစစ်ပြီးလျှင် ပိတ်ပေတော့မည်။

သည်တော့ တက္ကသိုလ်ကျောင်းကြီး မပိတ်မီ ချစ်သူရဲမာန်အောင်နှင့် ခင်နှန်းသူဇာမှာ အလွန်တွေ့ချင်နေသည်။

တက္ကသိုလ်ကျောင်းတက်ချိန်တွင်လည်း ရဲမာန်အောင်ကို တွေ့လိုတွေ့ငြား ခင်နှန်းသူဇာက ရှာကြည့်သေးသည်။

သို့သော် မတွေ့ခဲ့ရပေ။

နောက်ဆုံးမှာတော့ ခင်နှန်းသူဇာမှာ လက်လျှော့ကာ သူမ၏ မိဘများရှိရာသို့ ပြန်လာခဲ့ရသည်။

ထိုသို့ ခင်နှန်းသူဇာမှာ မိဘများရှိရာ သူမဇာတိရပ်မြေသို့ ရောက်၍ နှစ်ပတ်ခန့်အကြာတွင် ရဲမာန်အောင်မှာ သူမထံသို့ ရုတ်တရက် ဆိုက်ရောက်လာခဲ့သည်။

'ဟင်… မောင်'

ခင်နှန်းသူဇာမှာ ရဲမာန်အောင်ကို မမျှော်လင့်ဘဲ တွေ့ရ





လျှင် ဝမ်းနည်းဝမ်းသာအသံနှင့် ရေရွတ်မိသည်။

ရဲမာန်အောင်ကတော့ သူမရှေ့တွင် ပြုံးပြုံးကြီးရပ်ကာ သူမကို ကြည့်နေသည်။

ခင်နှန်းသူဇာကတော့ ပတ်ဝန်းကျင်ကို အမှုမထားနိုင်တော့ဘဲ မတွေ့ရသည်မှာ ကြာလှပြီဖြစ်သော ချစ်သူရဲမာန်အောင်ကိုပြေး၍ တအားဖက်ထားလိုက်သည်။

'မောင်… ခင်နှန်းဆီကို တကယ်ပြန်လာတယ်နော်၊ ဝမ်းသာလိုက်တာ မောင်ရယ်၊ ခင်နှန်းလေ မောင်နဲ့ ဒီဘဝမှာ ပြန်မှဆုံတွေ့ပါတော့မလားဆိုပြီး ရင်ထဲမှာ သိပ်ကို ခံစားနေရတာ မောင်ရဲ့'

ခင်နှန်းသူဇာက ပြောရင်း ငိုရှိုက်နေတော့သည်။

'ခင်နှန်းကလည်းကွာ… ဘယ်လိုကြောင့် တို့နှစ်ယောက်က ကွဲကြရမှာလဲ၊ ရွာဦးထိပ်က စေတီတော်မှာ မောင်တို့နှစ်ဦး သစ္စာဆိုထားခဲ့ကြတဲ့ဟာ၊ ဒါကြောင့် ခင်နှန်းနဲ့တွေ့ဖို့ မောင်လည်း ကြိုးစားခဲ့တာပဲ၊ ဒါပေမဲ့ မောင့်ရဲ့မိဘတွေက ခင်နှန်းနဲ့ မတွေ့နိုင်အောင် အဆောင့်အကြပ်တွေက ရှိနေတော့ တွေ့လို့မရဘူးလေ၊ ဒါနဲ့ မောင်ဟာ သူတို့အလစ်ကို ချောင်းနေတာ၊ ဟော… အခုတော့ သူတို့ လက်ကလွတ်အောင် မောင်ဟာ ပြေးလာနိုင်ခဲ့ပြီလေ၊ ဒီကနေ့ ဒီအချိန်ကစပြီး ခင်နှန်းနဲ့ ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ မခွဲတော့ဘူး၊ ခင်နှန်းကလည်း မောင့်ကို ခွဲမသွားရဘူးနော်၊ ဟုတ်ပြီလား'

ရဲမာန်အောင်ကလည်း ခင်နှန်းသူဇာ၏ ကိုယ်ကလေးကို တင်းကျပ်စွာပွေ့ဖက်ရင်း အားပေးစကားများ ပြောနေသည်။

'ခင်နှန်းဘက်ကတော့ စိတ်ချပါ မောင်ရယ်၊ ဘယ်တော့မှ မောင့်အပေါ်မှာ သစ္စာမဖျက်ပါဘူး၊ ဒါထက် မောင် အခုလာခဲ့တာက ခဏလား၊ ထာဝရလားဟင်'

'ဟဲ… ဟဲ… ထာဝရပေါ့ အချစ်ရယ်၊ အဲ… အဲ… ဒါပေမဲ့ ခင်နှန်းတို့ရွာမှာနေလို့တော့ မဖြစ်ဘူး၊ သူတို့နဲ့ ဝေးရာကို ရှောင်နေမှဖြစ်မယ်၊ နို့မို့ရင် မောင့်မိဘတွေက ခင်နှန်းနဲ့ ထပ်ခွဲနေကြလိမ့်မယ်၊ ဒီတစ်ခါ သူတို့လက်ထဲမိသွားရင်တော့ ဒီတစ်သက် ခင်နှန်းနဲ့ ပြန်ဆုံကြရမှာ မဟုတ်ဘူး အချစ်ရယ်'

'ဒါဆိုရင် မောင်က ဘယ်လိုစိတ်ကူးထားသလဲဟင်၊ ခင်နှန်းကတော့ မောင့်ဆန္ဒအတိုင်း လိုက်လျောဖို့အသင့်ပဲ'

ခင်နှန်းသူဇာက စိတ်အားထက်သန်စွာနှင့် မေးနေသည်။

'မောင် စိတ်ကူးထားတာကတော့ မနက်ဖြန်ကျရင် ခင်နှန်းတို့ရွာကနေ ဟင်္သာတမြို့ကိုသွားပြီး သင်္ဘောနဲ့ရန်ကုန်မြို့ကို သွားမယ်၊ နောက် ရန်ကုန်ကနေ မီးရထားနဲ့ မန္တလေးမြို့ကိုသွား၊ အဲဒီကမှတစ်ဆင့် မောင်နဲ့ ညီအစ်ကိုလို ချစ်ခင်ကြတဲ့ ကျောင်းနေ





ဖက်သူငယ်ချင်း စောအောင်နေထိုင်တဲ့ သီပေါမြို့ကိုသွားမယ်လေ'

'ဟင်… ရန်ကုန်မြို့ကို ခင်နှန်းတို့ပြန်သွားလို့ ဖြစ်မလား၊ မောင့်မိဘဘက်ကလူတွေနဲ့ တိုးနေရင် မခက်ဘူးလား'

'မတိုးပါဘူး၊ မောင်တို့က ရုပ်ဖျက်ပြီးသွားကြတာပေါ့၊ အရေးကြီးတာက ခင်နှန်းကသာ မောင်နဲ့ လိုက်ခဲ့ဖို့ပဲ ဘယ်လိုလဲ'

'မေးနေဖို့လိုသေးသလား မောင်ရယ်၊ ခင်နှန်းကတော့ မောင်နဲ့သာဆိုရင် ဘယ်ကိုပဲလိုက်ရ လိုက်ရ **အဲဗားရယ်ဒီ**ပါပဲ လေ'

'နေစမ်းပါဦး… အဲဒီ အဲဗားရယ်ဒီဆိုတာ ဓာတ်ခဲကို ပြောနေတာလား အချစ်ရဲ့၊ ဟား… ဟား… ဟား…'

'ကြည့်… သူ နောက်ပြီ၊ အဲဗားရယ်ဒီဆိုတာ ဓာတ်ခဲနာမည်ကို ပြောတာမဟုတ်ဘူး၊ မောင်နဲ့ဆိုရင် အမြဲတမ်းအသင့်ပါပဲလို့ပြောတာ၊ အင်္ဂလိပ်စာနဲ့ ဘွဲ့ရထားတဲ့လူကြီးက ဒီစကားလေးတောင် နားမလည်ဘူးလားလို့'

'နားလည်ပေမယ့် တစ်ပါးမယ်ရဲ့ စကားကြွယ်ကြွယ်နဲ့ ပြောသံလေးကို နားထောင်ချင်လို့ပါ အချစ်ရယ်၊ ဟား… ဟား… ဟား…'

ရဲမာန်အောင်က စကားအဆုံးတွင် ခင်နှန်းသူဇာ၏ ပါးကလေးကို မွှေးမွှေးပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်တွင်တော့ ရဲမာန်အောင်နှင့် ခင်နန်းသူဇာတို့မှာ ဟသ်ာတမြို့ဘက်သို့ ထွက်လာခဲ့ကြသည်။

ခင်နန်းသူဇာ၏မိဘများမှာ ရဲမာန်အောင်နှင့် သဘောတူထားပြီးကြပြီမို့ သမီးဖြစ်သူကို ကြည်ကြည်ဖြူဖြူနှင့်ပင် ရဲမာန်အောင်နှင့် ထည့်လိုက်ကြသည်။

ဟသ်ာတမြို့သို့ရောက်လျှင် သူတို့နှင်ဦးမှာ သင်္ဘောဆိပ်သို့ အမြန်ပြေးကြရသည်။

ဟသ်ာတမြို့မှ ရန်ကုန်မြို့သို့ သင်္ဘောပေါ်သို့ သူတို့ရောက်၍ ငါးမိနစ်ခန့်အကြာတွင် ဧရာဝတီနှစ်ထပ်သင်္ဘောကြီးမှာ ဆိပ်ကမ်းမှ ခွာခဲ့သည်။

သင်္ဘောကြီးတစ်စီးလုံးမှာ ခရီးသည်များနှင့် ပြည့်နှက်နေကြသည်။

ရဲမာန်အောင်နှင့် ခင်နန်းသူဇာမှာ သင်္ဘောကြီးဦးပိုင်းတွင် နေရာရကြသည်။

ရခဲ့ကြသောနေရာမှာလည်း ကျဉ်းကျဉ်းကျပ်ကျပ်မို့ ထိုင်၍မစီးနိုင်ကြဘဲ မတ်တတ်ရပ်၍သာ စီးနိုင်ကြသည်။

ထိုသို့ နေရာအခက်အခဲရှိစေကာမူ ခင်နန်းသူဇာကတော့ စိတ်ညစ်ပုံမရပေ။

အသက်တမျှ ချစ်ခင်ရသော ချစ်သူနှင့် သင်္ဘောအတူ





စီးနေရသည်မို့ ပျော်၍မဆုံးဖြစ်နေသည်။

'မိုးနှင့် နွားသိုး အစိုးမရ'ဟူသော ရှေးစကားများအတိုင်း ရာသီဥတုမှာ ရုတ်တရက် ပြောင်းလဲကာသွားခဲ့သည်။

သင်္ဘောကြီးထွက်စဉ်က မိုးကောင်းကင်တခွင်တွင် တိမ်များကင်းစင်ကာ မိုးပြာရောင်ကြီးအဖြစ် တည်ရှိနေခဲ့သည်။

ယခုမူ ညိုမည်းသော တိမ်လိပ်ကြီးတွေမှာ မည်သည့်အရပ်က ရောက်လာသည်မသိ။ ကောင်းကင်ကြီးတစ်ပြင်လုံး မည်းမည်းမှောင်ကာသွားခဲ့တော့သည်။

မည်းမည်းမှောင်လာသည်နှင့်အမျှ မိုးခြိမ်းသံများလည်း နောက်ဆက်တွဲအဖြစ် ပေါ်ပေါက်လာနေသည်။

'မောင်ရေ… အမှုန့်မိုးက မာန်ဟုန်ပျိုးပြနေပြီနော်'

'အေးလေ… အမှုန့်မိုးက မာန်ဟုန်ပျိုးနေတော့ ခရီးသည်တွေကလည်း သံစုံနေအောင်ပြီး အော်ဟစ်နေလိုက်ကြတာ နားကိုငြီးနေတာပဲနော်၊ ဟား… ဟား… ဟား…'

ရဲမာန်အောင်မှာလည်း ချစ်သူကလေးနှင့် အတူတွဲနေရ၍ ပျော်ရွှင်နေသူပီပီ အရွှန်းဖောက်ကာ ပြောနေသည်။ သူပြောနေစဉ် လေပြင်းများနှင့်အတူ မိုးပေါက်ကလေးများ ကျလာခဲ့သည်။

သင်္ဘောပေါ်ရှိ ခရီးသည်များမှာ မိုးပက်နေသဖြင့် သင်္ဘောတွင် ချိတ်ဆွဲထားသော တာလပတ်ခေါ် ရေခံမိုးကာ



www.burmeseclassic.com

www.burmeseclassic.com



ရွက်ထည်များကို ဆွဲချနေကြသည်။

ထိုမြင်ကွင်းကို သင်္ဘောသားတစ်ဦးက မြင်လျှင် စိုးရိမ်တကြီးနှင့် လှမ်းအော်ကာ ပြောနေသည်။

'ဟာ… ခရီးသည်များ ခင်ဗျား၊ သင်္ဘောတာလပတ်တွေကို ဆွဲမချကြပါနဲ့၊ လေပြင်းတွေ တိုက်နေတဲ့အတွက် သင်္ဘောကြီးဟာ တစ်ဘက်ကို တိမ်းစောင်းပြီး တိမ်းမှောက်သွားနိုင်ပါတယ် ခင်ဗျ'

သင်္ဘောသားက သတိပေးနေသော်လည်း ခရီးသည်အချို့ကတော့ လိုက်နာခြင်းမရှိကြပေ။

ထိုအချိန်တွင် လေရောမိုးပါ အပြင်းအထန် ရွာသွန်းတိုက်ခတ်နေလေပြီ။

ဧရာဝတီမြစ်ကြီး၏ လှိုင်းလုံးကြီးများကလည်း ကြောက်စရာကောင်းလောက်အောင် မြင့်တက်နေသည်။

ခရီးသည်များကို ဝန်နှင့်အား မမျှအောင် တင်ဆောင်ထားသော သင်္ဘောကြီးမှာ ကြာရှည်တောင့်ခံနိုင်စွမ်း မရှိတော့ပေ။

ခရီးသည် အများစုရှိရာ ညာဘက်ပိုင်းသို့ တိမ်းစောင်းစပြုနေသည်။

'ဟာ… ခင်နန်း၊ မောင်တို့ ဘယ်လိုလုပ်ကြမလဲ၊ သင်္ဘောကြီးက စောင်းနေပြီ၊ မှောက်သွားရင်တော့ ဒုက္ခပဲ'





ရဲမာန်အောင်က စိုးရိမ်သံနှင့် ခင်နန်းကို ပြောနေသည်။

'စိတ်မပူပါနဲ့ မောင်ရယ်၊ ခင်နန်းတစ်ယောက်လုံး ရှိနေတဲ့ဟာ၊ ခင်နန်းဟာ ရေဝဟီမြစ်ဝကျွန်းသူမို့ ရေကို ကျွမ်းကျွမ်းကျင်ကျင် ကူးနိုင်ပါတယ်လေ'

'အေး… ခင်နန်းက ကူးနိုင်ပေမယ့် ရန်ကုန်သား ဒီအကောင်ကတော့ မကူးတတ်ဘူး၊ သင်္ဘောကြီးမှောက်ရင် ရေနစ်ပြီး အရင်သေမှာက ဒီကအကောင်ဗျ၊ ဟွန်း…'

ရဲမာန်အောင်၏စကားများကြောင့် ခင်နန်းသူဇာက ရယ်နေသည်။

'မောင်ကလည်းကွာ… ရေကူးဝိဇ္ဇာမကလေး ခင်နန်းတစ်ယောက်လုံးရှိနေတဲ့ဟာ မောင် ရေမကူးတတ်ပေမယ့် မသေနိုင်ပါဘူး၊ ခင်နန်းက ကူညီနိုင်ပါတယ်လေ၊ စိတ်အေးအေးထားစမ်းပါ၊ ခစ်… ခစ်… ခစ်'

ခင်နန်းသူဇာက ပြောပြီး ရယ်နေပြန်သည်။

ခင်နန်းသူဇာ ပြန်ပြောနေခိုက်မှာပင် သင်္ဘောကြီးမှာ တစ်ဘက်သို့ တိမ်းစောင်းကာသွားတော့သည်။

'ဟာ… သင်္ဘောကြီးမှောက်သွားပြီ၊ မှောက်ပြီ'

ခရီးသည်များထံမှ အော်ဟစ်လိုက်သော အသံများမှာ ဘဝင်္ဂသို့ညံအောင် ဆူဆူညံနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမာန်အောင်ကတော့ ရေကူးတတ်သူမဟုတ်၍ သင်္ဘောကြီးမှောက်သွားသည်နှင့် တစ်ပြိုင်နက် ခင်နန်းသူဇာ၏ ကိုယ်ကလေးကို ကြောက်အားလန့်အားနှင့်ဖက်ကာ ပြောနေတော့သည်။

'ခင်… ခင်နန်း၊ သင်္ဘောမှောက်ပြီ၊ မောင်တို့ ဘယ်လိုလုပ်ကြမလဲဟင်'

'ဒုန်းဝါရီပါ မောင်ရယ်၊ ခင်နန်းတစ်ယောက်လုံး မောင့်ဘေးမှာ ရှိနေတဲ့ဟာ၊ စိတ်ချ… ခင်နန်းမသေဘဲ မောင်လည်း မသေစေရဘူး၊ သေရင်လည်း နှစ်ယောက်အတူတူ တွဲပြီး သေကြမယ်၊ ရှင်ရင်လည်း အတူတူ ရှင်ကြမယ် ဟုတ်ပြီလား'

ရဲမာန်အောင်က ခေါင်းပြန်ညိတ်ပြသည်။

'ကိုင်း… ဒါဆို ခင်နန်းတို့ သင်္ဘောကြီးမနစ်ခင် မြစ်ထဲခုန်ချကြစို့လား မောင်ရေ'

ခင်နန်းသူဇာကပြောရင်း ရဲမာန်အောင်၏ လက်ကို ဆွဲကိုင်ကာသင်္ဘောဦးပိုင်းမှနေ၍ မြစ်ထဲသို့ ခုန်ဆင်းသည်။

ခင်နန်းသူဇာ ခုန်ဆင်းတော့ ရဲမာန်အောင်မှာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်၍ ခုန်ဆင်းရတော့သည်။

ထိုသို့ ခုန်ဆင်းရာတွင် ခင်နန်းသူဇာက ရေကူးတတ်သူမှာ ရေပေါ်တွင် ပေါ်နေသော်လည်း ရဲမာန်အောင်ကတော့ ရေ





မကူးတတ်သူမို့ ရေထဲသို့ မြုပ်ဝင်သွားခဲ့သည်။

ခင်နန်းသူဇာက ရဲမာန်အောင်ကို အမြန်ပြန်ဆွဲကာ သင်္ဘောပေါ်မှကျလာသော အသက်ကယ်ဘောနှင့် သူ့ကို စွပ်ပေးထားရသည်။

'မောင်… အဲဒီအသက်ကယ်ဘောကို ကိုင်ထားပြီး ခြေ ထောက်နှစ်ချောင်းကို ယက်ပြီးနေ၊ ဆန့်ဆန့်ကြီးလုပ်မထားနဲ့၊ မောင့်ဘေးကနေ ခင်နန်းကူပြီး ကမ်းတစ်ဘက်ရောက်အောင်လုပ်ပေးမယ်၊ မောင့်ရဲ့စိတ်ကိုသာ တည်ငြိမ်အောင်ထား၊ အကြောက်မလွန်နဲ့ သိလား'

ခင်နန်းသူဇာက ဘေးမှ ရေကိုကူးခတ်ရင်း ရဲမာန်အောင်ကို အားပေးနေသည်။

သူတို့၏အနီးပတ်ဝန်းကျင်၌လည်း သင်္ဘောပေါ်မှ ခရီးသည်များမှာ မြစ်ထဲသို့ ရောက်ရှိနေကြသည်။

ရေကူးတတ်သူက မြစ်ထဲတွင် ရေကို ကူးခတ်နေကြသည်။ ရေမကူးတတ်သူများကတော့ ကယ်ပါယူပါ တစာစာနှင့် အော်ဟာစ်ကြရင်း ရေထဲသို့ နစ်ကုန်ကြသည်။

မြင်ကွင်းများကတော့ အနိဋ္ဌာရုံတွေချည့်ပင်။

သင်္ဘောကြီး နစ်မြုပ်ကြောင်းသိကြရလျှင် အနီးအနားရှိ ရွာများက လူတွေမှာ ခရီးသည်များကို ကယ်ဆယ်ကြရန် ရေ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဆောက်တူတွေနဲ့ မိမိတို့၏ အသီစိတ်ခေတ်နှင့် လာနေကြသည်။

သို့သော် မိုးကလည်းသည်း၊ လေကလည်းထန်၊ လှိုင်းလုံးကြီးများကလည်း ရေထဲ၌ ဖူးဖူးထအောင် ကြီးမားလွန်းလှ၍ ကယ်တင်ရှင်တွေမှာ ခရီးသည်များကို ကယ်တင်ရန် အလွန်ခက်ခဲနေကြသည်။ ခင်နန်းသူဇာမှာလည်း လှိုင်းလုံးကြီးများကြားမှနေ၍ ရဲမာန်အောင်ကို ရေထဲသို့ နစ်မြုပ်မသွားရအောင် ကြိုးစားကူးခတ်နေရရှာသည်။

အကယ်၍သာ ခင်နန်းသူဇာမှာ တစ်ကိုယ်ကောင်းစိတ်ထားနှင့် ချစ်သူ ရဲမာန်အောင်ကိုပစ်၍ တစ်ဘက်ကမ်းသို့ ကူးခတ်မည်ဆိုလျှင် ရေကူးကျွမ်းကျင်သော သူမအဖို့ မခက်ခဲလှပေ။

ခင်နန်းသူဇာကတော့ ထိုသို့သော မိန်းမစားမျိုး မဟုတ်ပေ။

ချစ်သူအပေါ်တွင် သစ္စာရှိသူကလေးပီပီ သေလည်းအတူ ရှင်လည်းအတူ သဘောထားကာ ရဲမာန်အောင်ကို ပစ်မပြေးဘဲ အလွန်ပင်ပန်းကြီးစွာနှင့် တစ်ဘက်ကမ်းသို့ရောက်အောင် ကူးခတ်နေရှာသည်။

သူမအဖို့ မိုးလည်းမရွာ၊ လေလည်းမထန်၊ လှိုင်းလုံးကြီးများလည်း မရှိခဲ့လျှင် သူမလို ရေကူးကျွမ်းကျင်သူအတွက် ရဲမာန်





အောင်ကို တစ်ဘက်ကမ်းသို့ရောက်အောင် အလွယ်တကူ ခေါ်ဆောင်သွားနိုင်သည်။ ယခုမူ မိုးရော၊ လေရော၊ လှိုင်းလုံးကြီးကပါ ရှိနေ၍ ရေမကူးတတ်သော လူတစ်ယောက်ကို တစ်ဘက်ကမ်းသို့ရောက်အောင် ကူညီ၍ ကူးခတ်ရသည်မှာ အလွန့်အလွန်ခက်ခဲလှပါဘိ။

မည်မျှပင် ခက်ခဲပင်ပန်းပါစေ၊ ခင်နန်းသူဇာကတော့ ခွဲကိုမလျှော့ဘဲ ချစ်သူရဲမာန်အောင်ကို အရခေါ်ကာ ကူးခတ်နေမှုကြောင့် ခင်နန်းသူဇာ၏ အားအင်တွေမှာ ကုန်ခမ်းစပြုလာသည်။

လူကလည်း အလွန့်အလွန် မောပန်းနွမ်းနယ်နေပါတော့သည်။

ထိုစဉ် သူမ၏ ညာဘက်ခြေသလုံးမှာ ကြွက်တက်လာပါတော့သည်။ ကြွက်တက်နေသော်လည်း ခင်နန်းသူဇာမှာ တတ်နိုင်သမျှ တောင့်ခံနေသေးသည်။

မရတော့ပါ။

သူမ၏ ကြွက်တက်နေသော ခြေထောက်ကလည်း လှုပ်မရတော့ပေ။ ထိုသို့ဖြစ်၍ ကြွက်တက်နေသော ခြေထောက်ကို နှိပ်ရန် ပြုနေစဉ်မှာပင် တစ်စုံတစ်ခုနှင့် သူမ၏ဦးခေါင်းကို ရိုက်မိကာ သတိမေ့မြောသွားခဲ့သည်။

သူမ သတိပြန်၍ရချိန်တွင်တော့ ခန္ဓာကိုယ်မပါခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ခင်နန်းသူဇာ ဖြစ်နေလေပြီ။

တစ်နည်းအားဖြင့် ပြောရလျှင် တာရွှေမ ခင်နန်းသူဇာဖြစ်သွားခဲ့ရှာပြီ။

တာရွှေမဘဝသို့ ရောက်ခဲ့သော်လည်း ချစ်သူရဲမာန်အောင်အပေါ်တွင် သံယောဇဉ်ရှိနေသူမို့ ရှာကြည့်မိသည်။

ဟော… တွေ့ပါပြီ။

သူမချစ်သူ ရဲမာန်အောင်ကို ကယ်တင်ရှင်လှေသမားတစ်စုက လာရောက်၍ ကယ်တင်နေသည်ကို တွေ့ရသည်။

'သြော်… ကိုရဲမာန်အောင်ဟာ မသေဘဲကိုး။ ငါ့ဝဲသေဆုံးခဲ့တာပဲ၊ ကိစ္စမရှိဘူး၊ မောင်ဟာ အခု မသေသေးပေမယ့် ငါသေတယ်ဆိုတာသိရင် ငါ့နောက်ကို လိုက်လာမှာပါ၊ သူ့အလာကို ငါ စောင့်ရတော့မှာပါ'

သို့သော် သို့သော် ယခုအချိန်ထိ ရဲမာန်အောင်ကတော့ သူမနောက်သို့ လိုက်မလာခဲ့ပေ။

၄ ၄ ၄



တစ်အယ်လေး

## သစ္စာတည်မတည် သိလိုသူ

'ကျွန်မရဲ့ အတိတ်ဇာတ်လမ်းကလေးကတော့ အဲဒါပါပဲရှင်'

ခင်နန်းသူဇာက အတိတ်မှ သူမ၏ ချစ်ဇာတ်လမ်းကလေးကို ပြော၍ အဆုံးသတ်လိုက်သည်။

ဖြိုးခေါ်ဦးနှင့် ယဉ်ကြော့မေတို့မှာ ခင်နန်းသူဇာ ပြောပြနေသော ချစ်ဇာတ်လမ်းကလေးကို နားထောင်အပြီးတွင် စိတ်ထိခိုက်နေကြသည်။

'အင်း… ကြားရတာ အစေတ့်ကို စိတ်မကောင်းဖြစ်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျာ၊ အရမ်းချစ်ကြတဲ့ ချစ်သူချင်း ပေါင်းသင်းနိုင်ကြယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲဗျာ'

ဖြိုးဇော်ဦးက စိတ်ထိခိုက်သံနှင့် ခင်နန်းသူဇာကို ပြောနေသည်။

'ဟုတ်တယ်နော်… အစ်မတို့ ချစ်ဇာတ်လမ်းကလေးဟာ စိတ်ဝင်စားစရာကောင်းသလောက် ကြေကွဲစရာလည်း ကောင်းနေတယ်၊ မုန်တိုင်းသာဝင်မရှုပ်ရင် အစ်မတို့ချစ်သူနှစ်ဦး မသွေမလွဲ ပေါင်းဖက်နိုင်ကြမှာနော်'

ယဉ်ကြော့မေကလည်း ဝမ်းနည်းသံကလေးနှင့် ဆက်ပြောနေသည်။

'ကဲပါကွယ်… ပြီးတာလည်း ပြီးသွားခဲ့ပြီမို့ စိတ်မကောင်းဖြစ်မနေကြပါနဲ့၊ မမအနေနဲ့ မင်းတို့ကို မေတ္တာရပ်ခံချင်တာက မမရဲ့အတိတ်ကချစ်သူ ကိုရဲမာန်အောင်ကို ရှာပေးကြဖို့ပါပဲ'

ခင်နန်းသူဇာက သူတို့ကို ပြောနေသည်။

'အဲ… ရှာတာက ဟုတ်ပါပြီ၊ မခင်နန်းသူဇာရဲ့ချစ်သူ ရဲမာန်အောင်ဟာ အခုအချိန်အထိ အသက်ထင်ရှား ရှိနေပါဦးမလား'

ဖြိုးဇော်ဦးက ခင်နန်းသူဇာကို မေးနေသည်။





'သူ အသက်မသေသေးတာတော့ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ဘယ်နေရာက်နေတယ်ဆိုတာတော့ မသိဘူး'

ခင်နန်းသူဇာ၏ စကားအဆုံးတွင် ယဉ်ကြော့မေက ပြန်မေးသည်။

'အို… မမအနေနဲ့ ဦးရဲမာန်အောင် ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကို မမတို့ အစွမ်းနဲ့ကြည့်လို့မရဘူးလားဟင်'

'ဟဲ… ဟဲ… ငါ့ညီမကလည်း မမတို့ နာနာဘာဝတွေကို တန်ခိုးရှိကြတဲ့ နတ်တွေလို နတ်မျက်စိနဲ့ ကြည့်နိုင်တယ်ထင်နေတာကိုး'

'မဟုတ်ဘူးလား မမရဲ့'

'မဟုတ်ဘူးကွဲ့၊ မမတို့ နာနာဘာဝတွေဟာ လူ့ဘဝတုန်းက ပြုမိမှားခဲ့ကြတဲ့ အကုသိုလ်တွေကြောင့် အခုလို နာနာဘာဝတွေအဖြစ် ပြစ်ဒဏ်ခံနေကြရတာမို့ ဘယ်မှာ တန်ခိုးဣဒ္ဓိပါဒ်တွေ ရှိကြမှာလဲ၊ နတ်တွေမှာသာရှိကြတာ၊ ဒီလိုမရှိလို့လည်း မမဟာ ညီမတို့ကို အကူအညီတောင်းနေရတာပေါ့၊ ရှိမှတော့ ဘယ်မှာတောင်းနေမှာလဲ၊ မမဘာသာ သူနဲ့သွားတွေ့မှာပေါ့ကွယ်'

ခင်နန်းသူဇာက ယဉ်ကြော့မေကို ရှင်းပြနေသည်။

'ဒါဆိုရင် မမချစ်သူ ရှာရမှာက ဘဲဥအစကို လိုက်ရှာရသလို ဖြစ်များနေမလား မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကြော့မေက ပြန်ပြောနေသည်။

'အဲဒီလိုတော့ စိတ်ခတ်ကျစရာစကားတွေကို ပြောမနေပါနဲ့ကွယ်၊ သူ့ကိုတွေ့အောင် ကြိုးစားပြီးသာ ရှာပေးကြပါ၊ မမမှာကလည်း ဒီတစ္ဆေဘဝကနေ ကျွတ်ဖို့အချိန်က နီးကပ်နေလို့ပါ'

'ဟင်... ဒါဆို မမက တစ္ဆေဘဝကနေ ဘယ်ကိုရောက်ဦးမှာလဲ၊ နတ်ပြည်မှာ နတ်သမီးလေးအဖြစ် နေရမှာလား'

ယဉ်ကြော့မေ၏ မေးသံကြောင့် ခင်နန်းသူဇာမှာ ရယ်နေသည်။

'နတ်ပြည်ရောက်မှာ မဟုတ်ဘူး၊ လူ့ဘဝကို ပြန်ရောက်တော့မှာပါ၊ လူ့ဘဝတုန်းက မမပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့်ပေါ့ကွယ်'

'အို... ကြားရတာ ဝမ်းသာလိုက်တာ မမရယ်၊ ဒီလိုဆိုရင် မမရဲ့ချစ်သူ ရဲမာန်အောင်ကို ဘာရှာစရာလိုတော့မှာလဲ၊ မမပဲ လူ့ဘဝပြန်ရောက်တော့မယ့်ဟာ'

မဟုတ်သေးဘူး ညီမ၊ သူ့ကိုတော့ မမ လူ့ဘဝကို ပြန်မရောက်ခင် ရှာရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ မမတို့နှစ်ဦးထားခဲ့ကြတဲ့ သစ္စာတည်မတည်ဆိုတာ သိချင်လို့ပါ။ ဒါကြောင့် မမ တစ္ဆေဘဝက မချုပ်ငြိမ်းခင် သူ့ကိုတွေ့သွားချင်လို့ပါ၊ ညီမ





တို့အနေနဲ့ အထူးကြိုးစားပြီး ရှာပေးကြပါလို့လည်း မမက အနူးအညွတ် တောင်းပန်ပါတယ်၊ ကဲ... မမလည်း သွားရတော့မယ်၊ မိုးလင်းကာနီးလို့ နေလည်းထွက်တော့မှာမို့ မမ သွားတော့မယ်။ ငါ့ညီမနဲ့ ကိုဖြိုးဇော်ဦးတို့ကို တစ်ပတ်တိတိ အချိန်ပေးမယ်၊ တစ်ပတ်ပြည့်ရင် ဒီကို ညရှစ်နာရီအရောက် မမ လာခဲ့မယ်နော်'

ခင်နန်းသူဇာက သူတို့ကို မှာကြားရင်း အခန်းတွင်းမှ ပျောက်ကွယ်သွားခဲ့တော့သည်။

'ကဲ... မောင်ရေ၊ မမခင်နန်းသူဇာကတော့ သူ့ချစ်သူကို ရှာပေးဖို့ တစ်ပတ်အချိန်ပေးသွားခဲ့ပြီ၊ ကြော့တို့အနေနဲ့ သူတို့ပြောသလို ရှာနိုင်ပါ့မလားဟင်'

'အင်း... ကြိုးစားရမှာပေါ့၊ သူ့ချစ်သူ ဦးရဲမာန်အောင်က ဘီအေယ်လ်အွဲ့ ရထားသူဆိုတော့ ဟိုတုန်းက ဝတ်လုံတော်ရ တစ်ဦးတော့ဖြစ်ခဲ့မှာပဲ၊ ဒီတော့ အခုလက်ရှိ ရှေ့နေတစ်ဦးဖြစ်နေတဲ့ မောင့်ဦးလေး ဦးဝင်းထွန်းကိုမေးကြည့်ရင် သိရလိမ့်မယ်ထင်တယ်'

'ဟာ... ဟုတ်သားပဲ၊ သူတို့ ရှေ့နေချင်းဆိုတော့ မသိကြရင်တောင်မှ နာမည်ကိုတော့ ကြားဖူးမှာပဲ၊ ဒီတော့ မောင့်စိတ်ကူးအတိုင်း အကောင်အထည်ဖော်ကြည့်ကြတာပေါ့'

'အိုကေ... ကြော့သဘောတူရင် မနက်ဖြန်ကျရင်



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ဦးဝင်းထွန်းဆီ သွားကြမယ်၊ ကြောကို မနက်ဆယ်နာရီ လောက် မောင် လာခေါ်မယ်၊ ကြော့က အိမ်ကနေစောင့်နေပေ တော့'

ဖြိုးဇော်ဦး၏ စကားအဆုံးတွင် သူတို့နှစ်ဦးသည် အလုပ် ခန်းမှနေ၍ သူတို့အိမ်ကို ပြန်သွားခဲ့ကြသည်။

၀ ၀ ၀



တစ်ဆယ့်ငါး

## တရွေ့မကာလေးရဲ့ ချစ်ပုံပြင်

နောက်တစ်နေ့ နံနက်ဆယ်နာရီကျော်ခန့်တွင် ဖြိုးဇော်ဦး နှင့် ယဉ်ကြော့မေတို့မှာ ပန်းဆိုးတန်းလမ်းထဲတွင် ဖွင့်လှစ်ထား သော ရှေ့နေကြီး ဦးဝင်းထွန်း၏ ရုံးခန်းသို့ ရောက်သွားခဲ့ကြ သည်။ ၄င

ဖြိုးဇော်ဦးက ဦးလေးတော်သူ ဦးဝင်းထွန်းအား ဝတ်လုံ တော်ရ ဦးရဲမာန်အောင်ကို သိမသိ မေးကြည့်သည်။

'ဟာ... သိတာပေါ့ကွာ၊ သူက နာမည်ကြီး ဝတ်လုံ



www.burmeseclassic.com

www.burmeseclassic.com



တော်ရတစ်ဦးပဲဟာ၊ ပြီးတော့ ငါ ရှေ့နေပေါက်စ ဘဝတုန်းက သူဟာ ငါ့ရဲ့ ဆရာတစ်ဦးလည်း ဖြစ်ခဲ့ဖူးတယ်၊ နေစမ်းပါဦး… မင်းက ဘာကိစ္စရှိလို့ ဆရာရဲမာန်အောင်ကို မေးနေရတာလဲ၊ ရှေ့နေငှားမလို့လား၊ သူ့ကိုငှားရင်တော့ မင်း မောပြီ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကတည်းက အနားယူ သွားလို့ပဲကွ'။

ဦးဝင်းထွန်း၏ စကားများကို ကြားရလျှင် ဖြိုးဇော်ဦး မှာ အလွန် အားတက်သွားခဲ့ကြသည်။

'သူ့ကို ငှားမလို့မဟုတ်ပါဘူး၊ သူနဲ့ တွေ့ချင်လို့ပါ၊ သူ့ လိပ်စာကို ဦးလေး သိသလားဟင်'

'သိတာပေါ့ကွ၊ သူက ငါ့ဆရာပဲ၊ အရင် ရှေ့နေလိုက် တုန်းကတော့ အင်းလျားလမ်းမှာနေတယ်၊ နောက် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်မှာ သူ့မိန်းမဆုံးသွားလို့ စမ်းချောင်းဘက် မှာ ပြောင်းနေတယ်ကွ'

'ဗျာ… အဲဒီရှေ့နေကြီးမှာ မိန်းမရှိနေသလား'

ဖြိုးဇော်ဦးက အံ့သြသံနှင့် မေးနေသည်။

သူ အံ့သြနေသလို ရှေ့နေကြီး ဦးဝင်းထွန်းကလည်း အံ့အားသင့်သွားဟန်နှင့် သူ့ကိုကြည့်ပြီး မေးနေသည်။





'ဟေ…မင်းက ဘာသဘောနဲ့ အခုလို မေးနေရတာလဲ'

'အဲဒီရှေ့နေကြီးဟာ မိန်းမယူမယ်မထင်လို့ပါ ဦးလေး'

'ဟား… ဟား… ဟား… မင်းကတော့ စံပဲ၊ မိန်းမ မယူဘဲ ရှေ့နေအလုပ်က အငြိမ်းစားယူသွားကြတဲ့ ရှေ့နေရယ်လို့ မရှိပါဘူး၊ အားလုံးသော ရှေ့နေတွေဟာ အိမ်ထောင်သည်တွေ ချည့်ပါကွာ၊ အဲ… အဲ… တချို့တော့ တိတ်တိတ်ပုန်း လူပျို ရှေ့နေတွေတော့ ရှိကောင်းရှိမှာပေါ့ကွာ၊ ဟား… ဟား… ဟား… ဟား…'

ရှေ့နေကြီး ဦးဝင်းထွန်းက ပြောပြီး ရယ်နေသည်။

အနီးတွင်ရှိနေသော ယဉ်ကြော့မေက ဝင်ပြောသည်။

'ဒါကဒီလိုပါ အန်ကယ်၊ တခြားရှေ့နေတွေ အိမ်ထောင် ပြုကြပေမယ့် သူကတော့ သစ္စာစောင့်သိတဲ့အနေနဲ့ အိမ်ထောင် မပြုဘူး ထင်နေလို့ပါ'

'ဟယ်… ဒါက ဘာစကားလဲ၊ ဆရာရဲမာန်အောင်က ဘာကို သစ္စာစောင့်ထားလို့ သူက အိမ်ထောင်မပြုဘဲနေရမှာလဲ၊ မင်းတို့ပြောနေတာ ငါ နားမလည်လို့ ငါ့ကို ရှင်းပြစမ်းပါဦး'

'အာ… အာ… ဦးလေး၊ အဲဒီအကြောင်း ရှင်းပြရရင် ပေတော်တော်ရှည်မှာမို့ အခု ရှင်းပြလို့ မဖြစ်သေးဘူး၊ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မှပဲ ဦးလေးဆီကို ကျွန်တော်လာပြီး ရှင်းပြပါ့မယ်။ အခုတော့ ရှေ့နေကြီး ဦးရဲမာန်အောင်ရဲ့လိပ်စာကိုသာ ပေးလိုက်ပါဗျာ'

ဖြိုးဇော်ဦး၏ စကားအဆုံး ရှေ့နေကြီး ဦးဝင်းထွန်းမှာ သိလိုသော်လည်း ဆက်မမေးတော့ပေ။ 

ဦးရဲမာန်အောင်၏ နေရပ်လိပ်စာကိုသာ သူတို့ကို ရေး ပေးလိုက်သည်။

'ဟော့… ဖြိုးဇော်ဦး၊ မင်းစကားအတိုင်း နောင်တစ်ချိန်မှာ ဆရာရဲမာန်အောင်နဲ့ ပတ်သက်တာတွေကို လာရှင်းပြရမယ်နော်'

'စိတ်ချပါ ဦးလေးရယ်၊ ကျွန်တော် လာပြီး ရှင်းပြပါ့မယ်၊ အခုတော့ ခွင့်ပြုဦးနော်'

ဖြိုးဇော်ဦးကပြောရင်း ရဲမာန်အောင်၏လိပ်စာကို ယူကာ ပြန်သွားခဲ့ကြသည်။

ဖြိုးဇော်ဦးနှင့် ယဉ်ကြော့မေတို့မှာ ဦးရဲမာန်အောင်၏ လိပ်စာကို မမျှော်လင့်ဘဲ အလွယ်တကူရလိုက်ကြ၍ ဝမ်းသာမဆုံး ဖြစ်နေကြသည်။

သို့ဖြစ်၍ သူတို့နှစ်ဦးမှာ တစ္ဆေမကလေး ခင်နန်းသူဇာ လာမည့်ရက်ကို စောင့်မျှော်နေကြသည်။





တစ္ဆေမကလေး ခင်နန်းသူဇာမှာ ချိန်းဆိုထားသော တစ်ပတ်ပြည့်သည့်ညတွင် ရောက်လာခဲ့သည်။

'ဘယ်လိုလဲ… ကိုဖြိုးဇော်ဦး၊ ကျွန်မ စုံစမ်းနိုင်းတာ အဆင်ပြေရဲ့လားရှင့်၊ သူ့လိပ်စာကော သိရပြီလား'

ခင်နန်းသူဇာက ခရီးရောက်မဆိုက် မေးနေသည်။

'အေးဗျာ… ရပါတယ်၊ ကျွန်တော်တို့စိတ်ထဲမှာ ဦးရဲမာန်အောင်ရဲ့သတင်းကို ခက်ခက်ခဲခဲ ရှာရလိမ့်မယ်ထင်တာဗျ၊ အခုတော့ ကံကောင်းထောက်လို့ အလွယ်တကူ ရလိုက်တယ်ဗျာ၊ ဟဲ… ဟဲ…'

'အို… ဟုတ်လား၊ ဝမ်းသာလိုက်တာရှင်၊ သူ အခု ဘယ်မှာနေလဲ'

ခင်နန်းသူဇာက ဝမ်းသာအားရသံနှင့် ပြန်မေးနေသည်။

'အမ်းချောင်းဘက်မှာပါ၊ ခင်ဗျားမလာခင် ကျွန်တော်နဲ့ ယဉ်ကြော့မေတို့ သူ့အိမ်ကို အပြင်က ကြည့်ခဲ့ပြီးပါပြီ၊ အဲ… အဲ… လူကိုတော့ မတွေ့ရသေးဘူး၊ ခင်ဗျားလာမှ အတူတူသွားတွေ့မယ်လို့ စိတ်ကူးထားတယ်'

ဖြိုးဇော်ဦးက ပြန်ပြောနေသည်။

ထိုသို့ပြောနေသော်လည်း ဦးရဲမာန်အောင် အိမ်ထောင်မြ



www.burmeseclassic.com

www.burmeseclassic.com



သည့်အကြောင်းကိုတော့ ထည့်မပြောဘဲ ဖုံးထားခဲ့သည်။

'ဒါဆို သွားကြစို့လား၊ ကျွန်မ ဒီညလာတာ နည်းနည်းနောက်ကျသွားခဲ့တယ်ရှင့်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ လူ့ဘဝကို ပြန်သွားရတော့မှာမို့ အထက်နတ်မင်းကြီးတွေက ကျွန်မကိုခေါ်တွေ့ပြီး ဆုံးမစကားတွေ ပြောကြားနေကြလို့ အချိန်နောက်ကျသွားတာပါ၊ ကဲ... ကဲ... ပြောနေကြာတယ်၊ သွားကြစို့လား'

တစ္ဆေမကလေး ခင်နန်းသူဇာမှာ လူ့ဘဝတုန်းကအသက်ပေး၍ ချစ်ခင်ခဲ့ရသော ချစ်သူ ရဲမာန်အောင်ကို တွေ့လိုစေနှင့်လောနေသည်။ ဖြိုးဇော်ဦးနှင့် ယဉ်ကြော့မေတို့ကလည်း အလိုက်သိစွာနှင့်ပင် ခင်နန်းသူဇာကို သူတို့ကားနှင့် ခေါ်သွားခဲ့ကြသည်။

ထိုသို့ ခင်နန်းသူဇာကို ခေါ်ဆောင်သွားကြရာတွင် သူတို့နှစ်ဦး၏ရင်ထဲ၌ အတိတ်မှ ချစ်သူနှစ်ဦး ပြန်ဆုံကြလျှင် မည်သို့ဖြစ်ကြမည်နည်းဟူ၍ သိလိုနေကြခြင်းပင်။

ဦးရဲမာန်အောင်၏အိမ်သို့ သူတို့ ရောက်သွားချိန်တွင်-

ည (၁၀)နာရီခန့်ရှိနေပြီဖြစ်သည်။

ဦးရဲမာန်အောင်၏အိမ်မှာ ပေလေးဆယ် ပေခြောက်ဆယ်ခန့်ရှိ ခြံဝင်းထဲတွင် တည်ဆောက်ထားသော ပျဉ်ခံတစ်ထပ်





တိုက်ကလေးဖြစ်သည်။

သူတို့ ရောက်သွားချိန်တွင် ဦးရဲမာန်အောင်မှာ တိုက်၏အရှေ့ဘက်ရှိ ခြံကွင်းပြင်၌ ဝက်လက်ကုလားထိုင်တစ်လုံးနှင့်ထိုင်နေသည်။ ဦးရဲမာန်အောင်မှာ ငယ်ရွယ်နုပျိုစဉ်က မည်ကဲ့သို့သော ရုပ်သွင်မျိုးရှိသည်ကိုတော့ မသိခဲ့ရသော်လည်း ယခုမြင်တွေ့နေသော ရုပ်သွင်ကတော့ ဦးခေါင်းမှဆံပင်ခရော မျက်ခုံးမွေးတွေပါ ချွတ်ချွတ်ဖြူနေသော အဘိုးအိုတစ်ဦး ဖြစ်နေသည်ကို ဖြိုးဇော်ဦး သတိပြုမိသည်။

'မောင်'

တစ္ဆေကလေး ခင်နန်းသူဇာက ဦးရဲမာန်အောင်၏ ရုပ်သွင်မှာ ပြောင်းနေလင့်ကစား မှတ်မိဟန်နှင့် ဝမ်းသာအားရခေါ်နေသည်။

'ဟိုက်... ငါ့ကို မောင်လို့ခေါ်လိုက်တာ ဘယ်သူလဲကွ၊ ငါက အဘိုးအိုဖြစ်နေပြီလေ၊ ဘာသဘောနဲ့ မောင်လို့ခေါ်ရတာလဲကွ'

ဦးရဲမာန်အောင်က အံ့သြသံနှင့် ပြန်မေးနေသည်။

ထိုအခါကျမှ ခင်နန်းသူဇာက သူမ၏ ရုပ်သွင်ကို အပေါ်တက်မြင်အောင် ကိုယ်ထင်ပြပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ကြည့်ပါဦး မောင်ရယ်၊ ဘယ်သူဆိုတာ'

ခင်နန်းသူဇာစကားကြောင့် ဦးရဲမာန်အောင်က လှမ်းကြည့်သည်။ ပြီးတော့ တဟားဟားနှင့် ရယ်ရင်း ပြန်ပြောနေသည်။

'ဟား… ဟား… ဟား… ရယ်ရတယ်ကွာ၊ ကလေးမက စိတ်မှန့်ရဲ့လား မသိပါဘူး၊ ဘယ့်နှယ့်ကွာ… ငါ့အရွယ်နဲ့ မင်းဟာ သမီးအရွယ်တောင် မကဘူး၊ မြေးအရွယ်ပဲ ရှိသေးတဲ့ဟာ၊ ဘာသဘောနဲ့ ငါ့ကို မောင်လို့ခေါ်နေရတာလဲ၊ တကယ်ဆို ဘိုးဘိုးဖြစ်ဖြစ် ဘဘကြီးဖြစ်ဖြစ် ခေါ်သင့်တာပေါ့ ကလေးမရယ်၊ ဟဲ… ဟဲ…'

'အို… မောင်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဟသ်ာတနယ်က ခင်နန်းလေ၊ မောင် အင်မတန်ချစ်လှပါတယ်ဆိုတဲ့ ခင်နန်းပါ၊ သေသေချာချာကြည့်စမ်းပါဦး မမှတ်မိတော့ဘူးလား မောင်ရယ်'

တစ္ဆေမကလေး ခင်နန်းသူဇာက ရင်နာသံကလေးနှင့် ပြောနေသည်။

'ဘာ… ခင်နန်း ဟုတ်လား၊ အင်း… ကြားဖူးသလိုတော့ အရှိသား၊ ဒါပေမဲ့ ခင်နန်းအစစ်ဆိုရင် ဒီအရွယ်တော့





မဖြစ်နိုင်ဘူး၊ အခုဟာက ငါ့မြေးအရွယ်ဖြစ်နေလို့ မင်းတို့ ငါ့ကိုလာ နောက်နေကြတာထင်တယ်၊ ဒါထက် ငါ့ခြံဝင်းတံခါးကို ပိတ်ထားခဲ့တာ၊ မင်းတို့က ဘယ်လိုလုပ်ပြီး ငါ့ခြံထဲကို ဝင်လာကြတာလဲ၊ ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲခံရနိုင်တယ်နော်'

ဦးရဲမာန်အောင်က အံ့ဩသံနှင့် ပြောနေသည်။

မှန်ပေသည်၊ ဖြိုးဇော်ဦးတို့မှာ တစ္ဆေမကလေး ခင်နန်းသူဇာ၏အစွမ်းနှင့် ဝင်လာနိုင်ခဲ့ကြခြင်းပင်။

သူ့ကားကိုတော့ ခြံအပြင်ဘက်တွင် ရပ်ထားခဲ့သည်။

'မောင်ကလည်း ဘာတွေလျှောက်ပြောနေရတာလဲ၊ ခင်နန်း အခုပြနေတဲ့ရုပ်သွင်က ဟိုလွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်တုန်းက မောင်တွေ့ခြင်ခဲ့ရတဲ့ ခင်နန်းရဲ့ရုပ်သွင်ပါ၊ သေသေချာချာကြည့်ပြီး စဉ်းစားပါဦး မောင်ရယ်'×

ခင်နန်းသူဇာက ဦးရဲမာန်အောင် မှတ်မိစေရန် ထပ်ပြောပြနေသည်။

'ဟာကွာ… မသိဘူး၊ ခင်နန်းဆိုတာ ငါ့ဘဝမှာ ရှိမယ်မထင်ပါဘူး၊ ရှိခဲ့တဲ့သူကတော့ ငါ့မိဘ သဘောတူပေးစားခဲ့တဲ့ ချစ်ဇနီးကလေး သင်းသင်းရီကိုပဲသိတယ်၊ သူဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ငါ့ကို ခွဲသွားခဲ့တယ်နော်၊ ဒါက



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့ကို ဒီကနေ့အထိ မမေ့နိုင်သေးဘူး၊ ခင်နန်းဆိုတာတော့ ငါ မသိဘူး’

ဦးရဲမာန်အောင်၏စကားကြောင့် ခင်နန်းသူဇာ၏ မျက်လုံးအိမ်မှ မျက်ရည်များမှာ ပါးပြင်နှစ်ဖက်သို့ စီးကျလာနေသည်။

‘ပြောရက်လိုက်တာ မောင်ရယ်၊ ခင်နန်းကတော့ မောင့်အပေါ်မှာ အခုလို ဘဝပြောင်းခဲ့တဲ့အထိ မေတ္တာမပျက်ဘဲ သစ္စာရှိရှိနဲ့ ချစ်နေခဲ့ပါတယ်၊ မောင်ကတော့ စိတ်ပြောင်းသွားပြီနော်၊ ဟိုတုန်းက ရွာဦးထိပ်မှာရှိတဲ့ စေတီတော်မှာ သစ္စာပြုခဲ့ကြတာတွေကို မေ့လိုက်ပြီလားဟင်၊ ပြောစမ်းပါဦး မောင်ရယ်’

‘ဟာ… တယ်ခက်ပါလား၊ ငါ့မှာ မိန်းမဖြစ်သူ ဆုံးသွားလို့ သူ့ကို တစ်နေ့မှ မေ့မရဘဲ ပူဆွေးနေတုန်း ဘယ်ကနေဘယ်လို ခင်နန်းဆိုတာက ပေါ်လာတာလဲ၊ ငါကတော့ သူ့ကို မသိဘူး။ တကယ်လို့ သူနဲ့ ချစ်ခဲ့ဖူးတယ်ဆိုရင်လည်း ဟိုတုန်းက ငါဟာ လူငယ်ပီပီ အချစ်နဲ့ပတ်သက်လာရင် ဟီးရိုးလုပ်ချင်စိတ်ပေါက်ပြီး လုပ်ခဲ့တာဖြစ်မနေယ်၊ လူငယ်ဆိုတာ အချစ်နဲ့ ပတ်သက်လာရင် လေးလေးနက်နက်မတွေးဘဲ စိတ်ကူးယဉ်တတ်ကြတယ်လေ၊ ငါလည်း လူငယ်ဘဝတုန်းက စိတ်ကူးယဉ်ခဲ့တာ မှန်ပေမယ့် နောက် အသက်ကလေး နည်းနည်းရလာတဲ့အခါကျတော့





စိတ်ကူးမယဉ်ကြတော့ဘူး၊ လေးလေးနက်နက် တွေးတတ်လာတယ်၊ ဒါကြောင့် ငါ့မိဘတွေပေးစားခဲ့ကြတဲ့ သင်းသင်းရီကို ငါ လက်ထပ်ခဲ့တာပေါ့၊ အမှန်တော့ ငယ်ချစ်မဟုတ်ပေမယ့် မိဘကပေးစားခဲ့တဲ့ မိန်းမကို ယူခဲ့တာဟာ ငါ့အတွက်တော့ မှန်ကန်သောရွေးချယ်မှု ဖြစ်နေခဲ့တယ်၊ သူဟာ ငါ့အပေါ်မှာ မယားဝတ္တရားငါးပါး ကျေပွန်ခဲ့တဲ့ ဇနီးကောင်းတစ်ယောက်ပါ၊ ဒါကြောင့်လည်း သူဆုံးသွားခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပေမယ့် ဒီကနေ့အထိ မမေ့နိုင်သေးဘူးလေ၊ ကဲ… ကဲ… ငါ ဒီလောက်ပြောပြနေရင် မင်းတို့ သဘောပေါက်ဖို့ကောင်းပါတယ်၊ ဒီတော့ ငါ့ခြံထဲကနေ မြန်မြန်ပြန်ကြပါတော့၊ နောက်ကိုလည်း ငါ့စိတ်ကို အနှောင့်အယှက်ဖြစ်စေမယ့်ဟာတွေကို ယူဆောင်မလာခဲ့ကြပါနဲ့လို့ မင်းတို့ကို ပြောချင်တယ်၊ ကဲ… သွားကြပေတော့၊ ငါလည်း အိမ်ထဲကိုဝင်တော့မယ်’

ဦးရဲမာန်အောင်မှာ စကားအဆုံးတွင် ပက်လက်ကုလားထိုင်မှထကာ သူ၏အိမ်ထဲသို့ ဝင်သွားနေသည်။

ခင်နန်းသူဇာကတော့ အခိမ်းကားကြီး စိမ်းကားသွားခဲ့သော ရဲမာန်အောင်ကို နောက်မှနေ၍ကြည့်ရင်း ငိုရှိုက်နေရှာသည်။ ဖြိုးဇော်ဦးနှင့် ယဉ်ကြော့မေတို့မှာလည်း ခင်နန်းသူဇာ၏ ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာ အဖြစ်ဆိုးကိုကြည့်ရင်း သူတို့ပါ စိတ်ထိခိုက်နေကြသည်။

'မခင်နန်းသူဇာ… ကျွန်တော်တို့ ပြန်ကြစို့လား'

ဖြိုးဇော်ဦးက စိတ်မကောင်းသံနှင့် ခင်နန်းသူဇာကို လှမ်းပြောနေသည်။

'သူ… သူ… သိပ်ရက်စက်တယ်နော်၊ ကျွန်မကို သူ မသိဘူးဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတာ သူနဲ့ ကျွန်မ ချစ်ခဲ့ကြတာဟာ ရက်ပိုင်း လပိုင်းလောက်မှ မဟုတ်တာ၊ သုံးလေးနှစ်မက ကြာခဲ့တာပဲ၊ ဒါကို သူ မသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား၊ အမှန်တော့ ငါးစိမ်းမြင် ငါးကင်ပစ်ဆိုတဲ့စကားလို သူဟာ အသစ်ကိုတွေ့လို့ အဟောင်းကို မေ့လိုက်တာပဲ၊ အခုလိုသာ သူ သစ္စာမဲ့မှန်းသိရင် ကျွန်မဟာ သံဝေဂမှောက်တုန်းက သူ့ကို အသက်စွန့် မကယ်ပါဘူး၊ ကျွန်မသာ တစ်ကိုယ်ကောင်းစိတ်ထားနဲ့ သူ့ကိုပစ်ပြီး ကိုယ်လွတ်ရုန်းခဲ့ရင် ကျွန်မဟာ အခုလို အယူတိမ်းတဲ့ တစ္ဆေမဘဝကို ဘယ်မှာရောက်ပါ့မလဲ၊ သူသာ တစ္ဆေဘဝနဲ့ နေရတော့မှာပါ'၊

ခင်နန်းသူဇာမှာ ရဲမာန်အောင်အပေါ်တွင် အလွန်နာကြည်းသွားပုံရသည်။

'ကဲပါဗျာ… သူ သစ္စာမရှိမှန်း သိနေမှတော့ သူ့အပေါ်





မှာ သံယောဇဉ်တွယ်တာမနေပါနဲ့တော့၊ ချင်းစိမ်းနဲ့ မိတ်သလင်သူကြင်မှ ကိုယ်ကြင်မယ်ဆိုတဲ့စကားလို သူ့ကို မေ့လိုက်ပါတော့ဗျာ'

ဖြိုးဇော်ဦးက ခင်နန်းသူဇာကို နှစ်သိမ့်စကား ပြောနေသည်။

'ဟုတ်ပါတယ်… ကျွန်မလည်း သူ့အပေါ် သံယောဇဉ်ဖြတ်လိုက်ပါပြီ'

'ဒါဆိုရင် ကျွန်တော်တို့သွားကြပါစို့လား၊ ခင်ဗျားလည်း လူ့ဘဝကို ပြန်ရောက်တော့မှာမို့ စိတ်ထိခိုက်မနေနဲ့ပေါ့ဗျာ'

'ဟင့်အင်း… ကျွန်မ လူ့ဘဝကို ပြန်မသွားတော့ဘူးရှင့်'

'ဗျာ… ဘယ်လိုကြောင့်လဲ'

'ဒီလိုပါ… ရှင်တို့ဆီကို ကျွန်မ မလာခင် နတ်မင်းကြီးတွေက လူ့ဘဝကို သွားရတော့မယ့် ကျွန်မကို ဆုံးမစကားပြောခဲ့တယ်ဆိုတာ ရှင်တို့ကို ပြောခဲ့တယ်နော်၊ မှတ်မိတယ်မဟုတ်လား'

ဖြိုးဇော်ဦးနှင့် ယဉ်ကြော့မေတို့က မှတ်မိကြောင်း ခေါင်းညိတ်ပြကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ နတ်မင်းကြီးတွေက လူ့ဘဝကို ပြန်သွားရတော့မယ့် ကျွန်မကို ဘယ်လို ဆုံးမစကားပြောလဲဆိုတော့-

'နင်ဟာ လူ့ဘဝကို ပြန်ရောက်တော့မယ်၊ လူ့ဘဝဆိုတာ ရခဲတာမှန်ပေမယ့် အန္တရာယ်က အင်မတန်များတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ လူ့ဘဝကိုရလိုက်တာနဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မိစ္ဆာကောင်ကြီးသုံးကောင်ဟာ ဝင်ပူးတော့တာပဲတဲ့၊ အဲဒီအကောင်ကြီးတွေ မိမိကိုယ်မှာ အပူးမခံမှ သေတဲ့အခါ ကောင်းရာမွန်ရာကို ရောက်မယ်တဲ့၊ ဒါကြောင့် ဒီတစ်ခါ နင်လူ့ဘဝရတဲ့အခါ လောဘ၊ ဒေါသ၊ မောဟတွေ ဖယ်ရှားပြီး မေတ္တာတရားတွေ များများပွားများနိုင်အောင် ကြိုးစားတဲ့ဆိုပြီး ကျွန်မကို ဆုံးမစကား ပြောခဲ့တယ်ရှင့်'

တစ္ဆေမကလေး ခင်နန်းသူဇာ ပြောပြနေသည်ကို ဖြိုးဇော်ဦးနှင့် ယဉ်ကြော့မေတို့က စိတ်ဝင်စားစွာ နားထောင်နေကြသည်။

'ဒီတော့ ကျွန်မဟာ လူ့ပြည်ကို ပြန်မသွားချင်ဘူးဆိုတာဟာ အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေကြောင့်ချည့် မဟုတ်ဘူး၊ ကိုရဲမာန်အောင်လို သစ္စာမဲ့တဲ့ ချစ်သူမျိုးကို လူ့ဘဝမှာ ထပ်တွေ့မှာစိုးလို့ပဲ၊ ဒီလိုသာတွေ့ခဲ့ရင် ကျွန်မဟာ နောက်တစ်





ကြိမ် အယူတိမ်းပြီး အစိမ်းသေဘဝနဲ့ တစ္ဆေဖြစ်ဦးမှာပဲ၊ ဒီတော့ မသွားဘဲ တစ္ဆေဘဝမှာပဲ နေလိုက်တော့မယ်ရှင်'

'ဟာဗျာ… ဒီလိုတော့ မလုပ်ပါနဲ့၊ တစ္ဆေဘဝနဲ့သာ ဆက်နေရင် ခင်ဗျားအတွက် ဘယ်တော့မှ ကျွတ်တော့မှာမဟုတ်ဘူး၊ ဒါကြောင့် လူ့ဘဝမှာနေပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ပေါ့ဗျာ၊ ကုသိုလ်ကောင်းမှုတွေဆိုတာ လူ့ဘဝမှာသာ လုပ်နိုင်ကြတာမို့ ကျွန်တော်က တိုက်တွန်းနေတာပါ'

ဖြိုးဇော်ဦးပြောအပြီး ယဉ်ကြော့မေကလည်း ဝင်ပြောနေသည်။

'ဟုတ်ပါတယ် မမရယ်၊ လူ့ဘဝကိုသာ ပြောင်းခဲ့ပါ၊ တစ္ဆေဘဝမှာတော့ ဆက်မနေပါနဲ့၊ ဒီတစ်ခါ မမ လူ့ဘဝရောက်လို့ ကုသိုလ်ကောင်းမှုတွေကိုသာ များများပြုလုပ်နိုင်ရင် ဘဝကူးကောင်းမှာပါ၊ အခုလို တစ္ဆေဘဝတော့ မရနိုင်ပါဘူးလေ'

သို့သော် တစ္ဆေမကလေး ခင်နန်းသူဇာကတော့ သူတို့၏ တိုက်တွန်းချက်ကို လက်မခံတော့ပေ။

'အခုလို ညီမတို့နှစ်ယောက်က မမအတွက် လူ့ဘဝမှာနေဖို့ တိုက်တွန်းနေကြတာကို ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါပေမဲ့ မမကတော့ လူ့ဘဝကို မလာချင်တော့ဘူး၊ လူ့ဘဝကို လာလို့မှ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အပြစ်ဒဏ်ကို မမ ခံလိုက်တော့မယ်၊ အဲဒါကတော့ ဒီကနေ့ ထွက်ပေါ်လာမယ့် နေရောင်ခြည်ကို မမ ခံလိုက်တော့မယ်၊ ဒီ အပြစ်ဟာ မမတို့ရဲ့ အစိမ်းသေ၊ နာနာဘာဝတွေအတွက်တော့ အကြီးဆုံးအပေးခံရမယ့် အပြစ်ဒဏ်ပဲ၊ ကဲ… မမသွားပြီကွယ်'

တစ္ဆေမကလေး ခင်နန်းသူဇာက ငိုသံပါကလေးနှင့် ပြောရင်း သူတို့အနီးမှ ပျောက်ကွယ်သွားခဲ့တော့သည်။

'မမ… မမ… ဒီလိုမလုပ်ပါနဲ့ မမရယ်၊ လူ့ဘဝကို သာ ပြန်လာခဲ့ပါ'

ယဉ်ကြော့မေက ငိုရှိုက်ကာ ခေါ်နေသော်လည်း ခင်နန်း သူဇာကတော့ ပေါ်မလာတော့ပေ။

ခင်နန်းသူဇာအနေနှင့် သူ့ချစ်သူ လူသား ရဲမာန်အောင် ကိုသာမက လူ့လောကကြီးကိုပါ စိတ်ကုန်သွားလေပြီလော။

ကြူမွှေး

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ကြေမွှေး

## တစ္ဆေမကလေးရဲ့ ချစ်ပုံပြင်





design Antt Bwere (stars)

BURMESE CLASSIC .com

www.burmeseclassic.com